မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

ဝီရိယကို မြဲမြံစွာအားထုတ်

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သောသူ၏ တစ်ရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

သဟာသဝဂ်(ဓမ္မပဒ-၁၁၂)

၁၃၈၄ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက် ၂၀၂၂ ခုနှစ်၊ စက်တင်ဘာ ၄ ရက်၊ တနင်္ဂနေနေ့ အတွဲ (၆၁)၊ အမှတ် (၃၃၄)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ယနေ့ ဖတ် စ ရာ

"ယာယီရပ်နားထားခဲ့တဲ့ တောင်ကြီး - ဆိုက်ခေါင်လမ်းပိုင်း အတွင်းက တောင်ကြီးကနေ ဘန်းယဉ် အထိ ၃၃ ဒသမ ၇၁ မိုင်ကို စက်တင်ဘာ ၁ ရက်ကစပြီး ရထားပြန်လည်ပြေးဆွဲခဲ့တာ ဖြစ်ပါတယ်" တွေ့ဆုံမေးမြန်း စာ - ၆

အခက်အခဲများကြားမှ ရှေ့ဆက်ဆောင်ရွက်နေသော မန္တလေးတိုင်းဒေသကြီး မီးလင်းရေးလုပ်ငန်းများ ဆောင်းပါး စာ - ၁၂

လေထုသန့်ရှင်းဖို့ အားလုံးပူးပေါင်း ဆောင်ရွက်စို့ ဆောင်းပါး စာ - ၁၆

မုန်တိုင်းသဘာဝဘေးအန္တရာယ် ကြုံတင်ကာကွယ်ရေး လေ့ကျင့်ပြင်ဆင်

ကော့သောင်း စက်တင်ဘာ ၃

သဘာဝဘေးအန္တရာယ်တစ်ခုဖြစ်သည့် မုန်တိုင်းဘေးအန္တရာယ်ဖြစ်ပွားလာပါက ကြိုတင်ကာကွယ်ရေးနှင့် ရှာဖွေကယ်ဆယ်မှုလုပ်ငန်းများကို ထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်ရေးအတွက် ကော့သောင်းခရိုင်နှင့် မြို့နယ်သဘာဝဘေးစီမံခန့်ခွဲမှုအဖွဲ့၏ ကြီးကြပ်မှုဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကော့သောင်းခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ကော့သောင်းမြို့ ပုလုံးတုံတုံးပင်လယ်ကျေးရွာတွင် ယမန်နေ့ နံနက်ပိုင်းက မုန်တိုင်းသဏ္ဌာန်တူ သရုပ်ပြလေ့ကျင့်မှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

စာမျက်နှာ ၄ ကော်လံ ၁ ❐

ကော့သောင်းမြို့၌ မုန်တိုင်းဘေးအန္တရာယ် ဖြစ်ပွားလာပါက ကြိုတင်ကာကွယ်ရေး သဏ္ဌာန်တူ သရုပ်ပြလေ့ကျင့်နေမှုကို တွေ့ရစဉ်။

ကျောက်ဆည်မြို့နယ်၌ မျိုးစေ့ထုတ်နေကြောစိုက်ခင်းများ ဧက ၂၀၀ ကျော် အောင်မြင်ဖြစ်ထွန်းလျက်ရှိ

ကျောက်ဆည် စက်တင်ဘာ ၃

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်တွင် ဒေသတွင်း စားသုံးဆီဖူလုံပိုလျှံရေးနှင့် မျိုးကောင်းမျိုးသန့် ရရှိရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာများ ကူညီပံ့ပိုးမှုဖြင့် မျိုးစေ့ထုတ် စိုက်ခင်း ဧက ၂၀၀ စိုက်ပျိုးထားရာ ဒွေးလှကျေးရွာတွင် စိုက်ပျိုးထားသော မျိုးစေ့ထုတ်နေကြော စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

မျိုးစေ့ထုတ်နေကြောသီးနှံများကို မှိုင်းပန်ကျေးရွာတွင် ၅၅ဧက၊ကလေးကျေးရွာတွင် ၅ဧက၊တောင်တော်ကျေးရွာတွင်

စာမျက်နှာ ၄ ကော်လံ ၃ ❖

ကယားပြည်နယ် (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ (ပြည်နယ်အဆင့်) ဆုချီးမြှင့်ပွဲ ကျင်းပ

လွိုင်ကော် စက်တင်ဘာ ၃

ကယားပြည်နယ် (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ပြည်နယ်အဆင့်) ဆုချီးမြှင့်ခြင်းပွဲကို ယနေ့နေ့လယ်ပိုင်းက လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က အမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အကဲဖြတ်ဒိုင်များအား ဂုဏ်ပြုချီးမြှင့်ခြင်းနှင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများတွင် ဆုရရှိကြသည့် ပြိုင်ပွဲဝင်များကို ဆုများပေးအပ်ချီးမြှင့်ပြီး **(အပေါ်ယာပုံ)** ပြိုင်ပွဲတွင် ပထမဆုရရှိသည့် အဆို၊ အက၊ အရေး၊ အတီးအဖွဲ့များနှင့် ဖျော်ဖြေရေးအဖွဲ့များက ပြန်လည်ဖျော်ဖြေ တင်ဆက်နေမှုများကို ကြည့်ရှုအားပေးသည်။

ကယားပြည်နယ် (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ပြည်နယ်အဆင့်) ပြိုင်ပွဲကို စက်တင်ဘာ ၂ ရက်က သတ်မှတ်နေရာများဖြစ်သော ကယားပြည်နယ်ခန်းမ၌ အကပြိုင်ပွဲနှင့် အတီးပြိုင်ပွဲ၊ လွိုင်ကော်မြို့နယ်ခန်းမ၌ အဆိုပြိုင်ပွဲနှင့် အရေးပြိုင်ပွဲများကို စုစုပေါင်းပြိုင်ပွဲ အမျိုးအစား ၂၄ မျိုးဖြင့် ပြည်နယ်အတွင်းရှိ အဆို၊ အက၊ ဂီတ၊ အနုသုခုမ ဝါသနာရှင်စုစုပေါင်း ပြိုင်ပွဲဝင် ၂၂၀ တို့က ပါဝင်ယှဉ်ပြိုင်ကြပြီး ပြည်နယ်အစိုးရအဖွဲ့က ပြည်နယ်အဆင့်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် အဆို၊ အက၊ အရေး၊ အတီး ကဏ္ဍအလိုက် ဆုပေါင်း ၆၂ ဆုကို ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

တပ်မတော် တပ်ရင်း/တပ်ဖွဲ့အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံ၊ ဂုဏ်ပြုစားပွဲ အတူတကွသုံးဆောင်

နေပြည်တော် စက်တင်ဘာ ၃

ရဲဘော်စိတ်ဟူသည် ရဲဘော်အချင်းချင်းအပေါ် ထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှု တရားပင်ဖြစ်သည်နှင့်အညီ တပ်မတော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည်အဆင့်အတန်းအားလုံး ရဲဘော်စိတ်အပြည့်ထားရှိပြီး အထက်အောက်ညီညွတ်မှုတည့်၊ အုပ်ချုပ်မှုစနစ်ရှိရန် လိုအပ်ကြောင်း တပ်မတော်အကြီးအကဲမှ လမ်းညွှန် မှာကြားထားသည်ဖြစ်ရာ အုပ်ချုပ်မှုညီညွတ်မှုတစေရန်အတွက် ကွပ်ကဲအုပ်ချုပ်ရာ၌ တပ်မှူးကောင်းစိတ်ဓာတ် (Commander Spirit)၊ ဖခင်သဖွယ်စိတ်ဓာတ် (Fatherly Spirit)တို့ဖြင့် ကွပ်ကဲအုပ်ချုပ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်နှင့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် **(အောက်ပုံ)** တို့မှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ ကွပ်ကဲမှုအောက်ရှိ တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများသို့ သွားရောက်၍ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ ပြုလုပ်ပေး၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွ လက်ရည်တစ်ပြင်တည်း နေ့လယ်စာ သုံးဆောင်ခဲ့ကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ်များအလိုက် တပ်နယ်အသီးသီးမှ တပ်မတော် အရာရှိကြီးများကလည်း ၎င်းတို့၏ကွပ်ကဲမှုများအလိုက် တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများမှ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ ပြုလုပ်၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့်အတူ တကွ နေ့လယ်စာသုံးဆောင်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

တံတာဦးမြို့နယ် ဆင်ကျုံးခံတပ်အနီး ဧရာဝတီမြစ်အတွင်း ငါးသားပေါက်သုံးသိန်း မျိုးစိုက်ထည့်

မန္တလေး စက်တင်ဘာ ၃

မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနကကြီးမှူး၍ မြစ်သားမြို့နယ် ကူမဲငါးလုပ်ငန်းစခန်းမှ တံတားဦးခရိုင် တံတားဦးမြို့နယ် ဆင်ကျုံးခံတပ်အနီး ဧရာဝတီမြစ်အတွင်းသို့ စက်တင်ဘာ ၃ ရက်နံနက်ပိုင်းက အဆိုပါနေရာ၌ ကျင်းပသည်။

ငါးမျိုးစိုက်ထည့်ပွဲသို့ တံတားဦးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးမျိုးသန်းထိုက်၊ ကျောက်ဆည်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနခရိုင်တာဝန်ခံ ဒေါ်ခိုင်ခိုင်ဝင်းနှင့် တာဝန်ရှိသူများက ကူမဲငါးစခန်းမှ ထုတ်လုပ်သော နှစ်လက်မအရွယ် ငါးမြစ်ချင်း သားပေါက်ကောင်ရေ နှစ်သိန်းနှင့် ငါးခုံးမကြီး သားပေါက်ကောင်ရေ တစ်သိန်း စုစုပေါင်း ငါးသားပေါက်ကောင်ရေ သုံးသိန်းကို ငါးမျိုးစိုက်ထည့်ပေးကြောင်း သိရသည်။

သတင်းစဉ်

မြန်မာ့အလင်း

တရားဝင်သွားရောက် အလုပ်လုပ်ကိုင် တရားဝင်ဘဏ်များမှ စိတ်ချစွာလွှဲပို့

ထိုင်းနိုင်ငံသည် မြန်မာရွှေ့ပြောင်းအလုပ်သမား အများဆုံးသွားရောက် အလုပ်လုပ်ကိုင်နေကြသည့် အိမ်နီးချင်းနိုင်ငံဖြစ်ပြီး ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်မှုမြင့်တက်လာသည့် ကာလအတွင်း နှစ်နှစ်ကျော်ခန့်ကြာမြင့်အောင် အလုပ်သမားများ စေလွှတ်မှုကို ရပ်နားထားခဲ့ရသည်။ နှစ်နိုင်ငံနားလည်မှု စာချွန်လွှာ MoU စနစ်ဖြင့် ထိုင်းသို့ လုပ်သားစေလွှတ်မှုကို ယခုနှစ်မေလအတွင်း ပြန်လည်ခွင့်ပြုခဲ့ရာ ယခုအခါ ပြည်ပအလုပ်အကိုင်ရှာဖွေရေး အကျိုးဆောင်အေဂျင်စီများ၏ လုပ်သားပို့ဆောင်မှုများ အရှိန်ရလျက်ရှိသည်။

ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများဖြင့် တရားဝင်သွားရောက်လုပ်ကိုင်နိုင်သည့်တိုင်အောင် တရားမဝင် ပို့ဆောင်သူများ၊ ပွဲစားများနှင့် ချိတ်ဆက်ပြီး တစ်ဖက်နိုင်ငံသို့ ခိုးဝင်မှုများကြောင့် တစ်ဖက်နိုင်ငံတွင် ဖမ်းဆီးခံနေရသည့် သတင်းများကိုလည်း မကြာခဏတွေ့မြင်နေရသည်။ အကယ်၍ ဖမ်းဆီးမခံရပါကလည်း လူကုန်ကူးခံရခြင်း၊ လိမ်လည်ခံရခြင်း၊ တရားမဝင်ပို့ဆောင်သူ၊ ပွဲစားက အဝေးပြေးလမ်းတစ်နေရာရာ၊ တောတွင်း စသည်တို့၌ စွန့်ပစ်ထွက်ပြေးခြင်း၊ အလုပ်လုပ်ကိုင်ရာ၌လည်း လုပ်ခင်ငွေကြေးနှင့် အခွင့်အရေးတို့ အပြည့်အဝမရခြင်း၊ ဥပဒေ၏ အကာအကွယ်ကိုမရရှိခြင်း စသည်ဖြင့် ဆုံးရှုံးနစ်နာမှုများစွာတို့ ကြုံတွေ့ရနိုင်သည်။

ထိုင်းနိုင်ငံသို့ တရားဝင် MoU လမ်းကြောင်းမှ သွားရောက်အလုပ်လုပ်ကိုင်ရာတွင် ထိုင်းအလုပ်ရှင်၏ အလုပ်ခေါ်စာကို ထိုင်းအလုပ်သမားရုံး၊ မြန်မာအလုပ်သမား သံအရာရှိတို့က စစ်ဆေးထောက်ခံခြင်း၊ မြန်မာအစိုးရက အလုပ်သမားခေါ်စာကို အတည်ပြုလက်ခံပြီး အလုပ်သမားရွေးချယ်၊ ဆေးစစ်၊ နိုင်ငံကူးလက်မှတ်ပြုလုပ်ခြင်း၊ အလုပ်ရှင်အလုပ်သမားစာချုပ်ကို အလုပ်သမားအရာရှိရှေ့၌ ချုပ်ဆိုခြင်း၊ အလုပ်သမားအမည်စာရင်းကို မြန်မာအစိုးရက အတည်ပြုလက်ခံခြင်း၊ အလုပ်သမားအမည်စာရင်းကို ထိုင်းအလုပ်သမားရုံးသို့ ပေးပို့ခြင်းနှင့် ထိုင်းဘက်က ပြည်ဝင်ခွင့်ဗီဇာနှင့် အလုပ်လုပ်ကိုင်ခွင့် ပါမစ်ပေးခြင်း၊ မြန်မာဘက်တွင် အီး-စမတ်ကတ်လုပ်ပြီး နယ်စပ်သို့ ထွက်ခွာခြင်း၊ ယင်းနောက် ထိုင်းနယ်စပ်မြို့သို့ရောက်ရှိပြီး ပြည်ဝင်ခွင့် ဗီဇာနှင့် အလုပ်လုပ်ခွင့် (Work Permit) တို့ ရရှိခြင်းနှင့် အလုပ်လုပ်ရမည့် စက်ရုံသို့ ရောက်ရှိခြင်းဟူသော လုပ်ငန်းအဆင့်ဆင့်ဖြင့် သွားရောက်ကြရခြင်းဖြစ်ရာ လွန်စွာသေချာခိုင်မာသည်။

ပြည်ပသို့ တရားဝင်သွားရောက် အလုပ်လုပ်ကိုင်သည့်နည်းတူ မိသားစုလွဲပို့ငွေများကို တရားဝင်လွဲပို့ရေးကလည်း ဆိုက်ရောက်ရာနိုင်ငံရှိ တရားဝင်ပုဂ္ဂလိက မြန်မာဘဏ်များမှတစ်ဆင့် လွှဲပို့ကြရန်လိုသည်။ တရားမဝင် ဟွန်ဒီလုပ်ကိုင်သူများက အလုပ်လုပ်သည့် နေရာထိ ငွေလာကောက်ပေးခြင်း၊ ယခုလွှဲ ယခုရောက်ဝန်ဆောင်ပေးခြင်း စသည်တို့ရှိသော်လည်း လုပ်ငန်းလိုင်စင်၊ လိပ်စာအတည်တကျတို့မရှိသလို တရားမဝင်ခြင်းကြောင့် အခိုင်အမာယုံကြည်၍မရ။ အချိန်မရွေး အကြောင်းကြောင်းတို့ဖြင့် မိမိလွှဲငွေတို့ ဆုံးရှုံးနိုင်သည်ဖြစ်ရာ ထိုင်းဗဟိုဘဏ်က တရားဝင်ခွင့်ပြုပေးထားသည့် ရွှေဘဏ်၊ ကမ္ဘောဇဘဏ်၊ မြန်မာနိုင်ငံသားများဘဏ်၊ မြန်မာမိုဘိုင်းလ် ငွေကြေးဝန်ဆောင်မှု ကုမ္ပဏီလီမိတက်စသည့် ပုဂ္ဂလိကဘဏ်များနှင့် ချိတ်ဆက်ကာ မိသားစုထံ လွှဲပို့ငွေများကို လုံခြုံစိတ်ချစွာပေးပို့ကြရေး အကျိုးမျှော်ကာ နှိုးဆော်တိုက်တွန်းလိုက်ရပါကြောင်း။ ။

နိပါတ်တော်လာဇာတ်သဘင်မဟာအစီအစဉ်မှ "တံခါးမှူးဒတ္ထဇာတ်တော်" အထူးတင်ဆက်မှုအစီအစဉ် ပြည်ထောင်စုဝန်ကြီးများ ကြည့်ရှုအားပေး

နေပြည်တော် စက်တင်ဘာ ၃

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက မကြာမီရိုက်ကူးထုတ်လွှင့်မည့် "နိပါတ်တော်လာဇာတ်သဘင်မဟာ" အစီအစဉ်မှ "တံခါးမှူးဒတ္ထဇာတ်တော်" အထူးတင်ဆက်မှုအစီအစဉ်ကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ပြုလုပ်သည်။

အဆိုပါ အထူးအစီအစဉ်တင်ဆက်မှုကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဦးဝဏ္ဏမောင်လွင်၊ ဦးကိုကိုလှိုင်၊ ဒေါက်တာသီတာဦး၊ ဦးကိုကို၊ ဦးသောင်းဟန်၊ ဦးရွှေလေး၊ ဦးစောထွန်းအောင်မြင့်၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးသန်းဆွေ၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်နိုင်၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် အဖွဲ့ဝင်များနှင့် ဝန်ထမ်းများ၊ စာရင်းစစ်ချုပ်ရုံးမှ ဝန်ထမ်းများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ ကြည့်ရှုအားပေးကြသည်။ **(အပေါ်ယာပုံ)**

ကြိုဆိုနှုတ်ဆက်

ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များသည် နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ နံနက် ၁၀ နာရီတွင် ရောက်ရှိကြရာ သတင်းနှင့် အစီအစဉ် တင်ဆက်သူများ၊ တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်းနှင့် မြန်မာ့အသံရေဒီယို ဝန်ထမ်းများက ကြိုဆိုနှုတ်ဆက်ကြသည်။

ကြည့်ရှုလေ့လာ

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့သည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ပင်မအဆောက်အဦ အတွင်းရှိ Convergence News Room၊ Presentation Room၊ News Studio တို့၌ သတင်းထုတ်လွှင့်ရေး ပြင်ဆင်ဆောင်ရွက်နေမှုနှင့် ထုတ်လွှင့်နေမှု အခြေအနေများကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် စိန်ရတုပြတိုက်သို့ ရောက်ရှိကြရာ ပြတိုက်အတွင်းရှိ Mini Theatre ၌ စိန်ရတုပြတိုက် သမိုင်းကြောင်း Video Clip ကို ဖွင့်လှစ်ပြသသည်။

ဆက်လက်၍ စိန်ရတုပြတိုက် အတွင်း ခင်းကျင်းပြသထားသည့် ခေတ်အဆက်ဆက် ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတွင် အသုံးပြုခဲ့သည့် စက်ပစ္စည်းများ၊ ထုတ်လွှင့်ရေးယာဉ်များ၊ သတင်းနှင့် ပြန်ကြားရေးပြခန်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စိန်ရတုမှတ်တမ်းဓာတ်ပုံများ၊ ထင်ရှားကျော်ကြား MRTV မှ ကြယ်ပွင့်များ ဓာတ်ပုံမှတ်တမ်းများ၊ အဆောက်အဦပုံစံငယ်များ၊ တာဝါတိုင်ပုံစံငယ်များ၊ ရှေးဟောင်းဓာတ်ပြားများ၊ တူရိယာပစ္စည်းများ၊ Radio Master Control Room နှင့် Virtual Room များကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် Auditorium ၌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများက တေးသီချင်းများ ဖြင့် ကပြဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်ပြီး ဧည့်သည် အဆိုတော် သရုပ်ဆောင် အကယ်ဒမီ ရဲအောင်က မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများနှင့် တွဲဖက်၍ တေးသီချင်းဖြင့် သီဆိုဖျော်ဖြေ တင်ဆက်သည်။

ယင်းနောက် ဇာတ်သဘင် အနုပညာရှင်များ ဖြစ်ကြသော စျာန်ဟိန်း (စိန်မဟာသဘင်)နှင့် ရွှေမင်းသမီးလေး နန်းခင်မွေး တို့က တေးသီချင်းများဖြင့် ဖျော်ဖြေကြပြီး တင်မောင်ဆန်းမင်းဝင်း၊ စျာန်ဟိန်း၊ ဘွန်း၊ ဆန်းတင့်အောင်နှင့် မင်းသမီးများက မြိုင်ထနှစ်ပါးသွားအကဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် သဘင်အနုပညာရှင် ပတ္တမြားကေခိုင်က တံခါးမှူး ဒတ္ထဇာတ်တော် ဖြစ်ပေါ်လာပုံ၊ ရည်ရွယ်ချက်တို့ကို ရှင်းလင်းတင်ပြပြီး ဇာတ်တော်တွင် ပါဝင်သည့် သဘင်အနုပညာရှင်များနှင့် မိတ်ဆက်ပေးသည်။

ကြည့်ရှုအားပေး

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ရိုက်ကူးထုတ်လွှင့်မည့် "နိပါတ်တော်လာ ဇာတ်သဘင်မဟာ" အစီအစဉ်မှ "တံခါးမှူး ဒတ္ထ ဇာတ်တော် " ကပြဖျော် ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ဇာတ်တော်ကြီးမှာ တိုင်းပြည်တစ်ပြည်မှ ဝန်ထမ်းတစ်ဦး၏ အကျင့်ပျက်ခြစားမှုကို ဖော်ထုတ်ခဲ့သည့် ပညာပေး ဇာတ်တော်ဖြစ်သည်။ တိုင်းပြည်/နိုင်ငံတစ်နိုင်ငံရှိ ဝန်ထမ်းတိုင်း ကိုယ့်တိုင်းပြည်အပေါ် သစ္စာရှိပြီး ချစ်မြတ်နိုးတတ်စေရန် ရည်ရွယ်၍ ဝန်ထမ်းကောင်းမှ တိုင်းပြည်/နိုင်ငံကောင်းမည် ဆိုသည့် အသိပညာဗဟုသုတများ ပါဝင်သကဲ့သို့ လာဘ်ပေးလာဘ်ယူခြင်းဖြင့် မိမိဘဝထိခိုက်နိုင်ပုံ၊ အကျင့်စာရိတ္တ ကောင်းမွန်ခြင်းဖြင့် မိမိဘဝ တိုးတက်မြင့်မားပုံတို့ကို သရုပ်ဖော်တင်ဆက်ထားသည်။

"တံခါးမှူးဒတ္ထ" ဇာတ်တော်ကြီးတွင် တံခါးမှူး ဒတ္ထအဖြစ် တင်မောင်ဆန်းမင်းဝင်း၊ တံငါသည်အဖြစ် ဘွန်း၊ ဗြဟ္မဒတ်မင်းကြီးအဖြစ် ဆန်းတင့်အောင်၊ မိဖုရားအဖြစ် ချမ်းချမ်းမိုး၊ တံခါးမှူး၏ ဇနီးအဖြစ် ငြိမ်းချမ်းခိုင်နှင့် ဇာတ်ပို့ဇာတ်ရံများ ပါဝင်ထားကြသည်။

တံခါးမှူး ဒတ္ထဇာတ်တော်ကြီးအား ဇာတ်ညွှန်း မုံရွာဦးလေးခန့်၊ စီစဉ်သူ ပတ္တမြားကေခိုင်တို့က ရိုးရာသဘင်မှု၏ အစဉ်အလာ၊ အထောက်အထားမှန်ကန်မှု ရှိစေရန်နှင့် ဇာတ်တော်ကြီး၏ သမားစဉ်များနှင့် ကိုက်ညီမှုရှိစေရန် စီစဉ်တင်ဆက်ထားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များက "တံခါးမှူး ဒတ္ထ" ဇာတ်တော်ကြီးတွင် ပါဝင်ခဲ့ကြသည့် သဘင်အနုပညာရှင်များနှင့် သီဆိုကပြ ဖျော်ဖြေခဲ့ကြသည့် MRTV မှ အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းနှင့် ချီးမြှင့်ငွေများ ပေးအပ်ပြီး တက်ရောက်လာသည့် ဧည့်သည်တော်များအား မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့သည်။

ဆန်းသစ်တီထွင် တင်ဆက်

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ပြန်ကြားပေးရန်၊ အသိပညာပေးရန်၊ ဖျော်ဖြေပေးရန် ရည်ရွယ်ချက်များဖြင့် ဝန်ဆောင်မှု ပေးလျက်ရှိရာတွင် ရိုးရာယဉ်ကျေးမှု အနုပညာရပ်များကိုလည်း ထိန်းသိမ်းစောင့်ရှောက်သည့်အနေဖြင့် အပတ်စဉ် စနေနေ့တိုင်း (၃၈)ဖြာမဂ်လာ အစီအစဉ်ကို သဘင်ပညာရှင် ဦးနန်းဝင်းနှင့် ပူးပေါင်းကာ ဆန်းသစ်တီထွင်ပြီး တင်ဆက်လျက်ရှိသည်။ အဆိုပါ အစီအစဉ်သည် လူငယ်လူရွယ်များနှင့် ကလေးငယ်များ ယဉ်ကျေးလိမ္မာစေရန် ရည်ရွယ်သည့်အပြင် ဇာတ်သဘင် လောကသားများကိုလည်း အနုပညာလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အားပေးကူညီခြင်းဖြစ်သည်။

အလားတူ ဘုရားဟောနိပါတ်တော်လာဇာတ်လမ်းများအနက်မှ ခေတ်စနစ်နှင့် ကိုက်ညီပြီး လူ့လောက၏ စံထားစရာများဖြစ်သည့် သစ္စာတရားအလေးထားအပ်ပုံ၊ ကိုယ်ကျင့်တရား ကောင်းမွန်ရန် အရေးကြီးပုံ၊ ပညာစွမ်းအားကြီးမားပုံတို့ကို ဖော်ပြသည့် ဇာတ်တော်များကို သဘင်ပညာရှင် ပတ္တမြားကေခိုင်နှင့် ပူးပေါင်းကာ အပိုင်း(၂၀) ရိုက်ကူးပြီး တင်ဆက်ပြသရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ပြည်ထောင်စုဝန်ကြီးများ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ စိန်ရတုပြတိုက်အတွင်း ကြည့်ရှုလေ့လာစဉ်။

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ

ဧရာဝတီတိုင်းဒေသကြီးအတွင်း အကျိုးတူလယ်ယာစနစ်ဖြင့် ဆောင်းသီးနှံပဲတီစိမ်း အောင်မြင်စွာစိုက်ပျိုးနိုင်ရေးအတွက် လိုအပ်သည့် အကူအညီအထောက်အပံ့များ ပေးအပ်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၃

ဧရာဝတီတိုင်းဒေသကြီးအတွင်း ဆောင်းသီးနှံပဲတီစိမ်း စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ရေးအတွက် လိုအပ်သည့် အကူအညီအထောက်ပံ့များ ပေးအပ်လျက်ရှိပြီး ဌာနဆိုင်ရာဝန်ထမ်းများနှင့် တောင်သူများ လက်တွဲဆောင်ရွက်ကြရန် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမြင့်စိုးက ယမန်နေ့က သွားရောက်ခဲ့သည့် ဧရာဝတီတိုင်းဒေသကြီးခရီးစဉ်တွင် တိုက်တွန်းပြောကြားခဲ့ပြီး လေးမျက်နှာမြို့နယ် သခွပ်ချောင်းကျေးရွာအုပ်စု ကွမ်းခြံကုန်း(အရှေ့)ကျေးရွာသို့ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ်သိန်း ၁၀၀ ကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ခရီးစဉ်တွင် ဒုတိယဝန်ကြီးသည် ဟသံ်တမြို့သို့ ရောက်ရှိပြီး ဆည်မြောင်းဇည့်ရိပ်သာ၌ အမှုထမ်း၊ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ မူဝါဒ၊ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားကာ ကျေးလက်ဒေသ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ဆောင်ရွက်နေသော တန်ဖိုးမြှင့်ထုတ်ကုန် နည်းပညာဖြန့်ဖြူးရေးလုပ်ငန်းများ၊ သမဝါယမအသင်းများ၏ စိုက်ပျိုးမွေးမြူရေးဆိုင်ရာလုပ်ငန်းများ အောင်မြင်အောင် ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် သမဝါယမဦးစီးဌာနနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက ဦးစီးဌာနအလိုက် လုပ်ငန်းလိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ဟသံ်တခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးတွင် ဟသံ်တမြို့နယ်အတွင်းမှ ပဲတီစိမ်းစိုက်ပျိုးမည့် တောင်သူများနှင့် တွေ့ဆုံ၍ နိုင်ငံတော်က နွေစပါးစိုက်ပျိုးရေးနှင့် ဆောင်းသီးနှံ ပဲတီစိမ်းစိုက်ပျိုးရေး အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ရန်ပုံငွေထောက်ပံ့ပေးမှုအခြေအနေကို ရှင်းလင်းပြောကြားခဲ့သည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် လေးမျက်နှာမြို့သို့ ရောက်ရှိပြီး ဒကွိုဏာရုံ ပရဟိတကျောင်းဆရာတော်အား ဖူးမြော်ကာ ဝါဆိုသက်နံ်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် လေးမျက်နှာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခွဲ ပဲတီစိမ်းစိုက်တောင်သူများနှင့် တွေ့ဆုံ၍ လေးမျက်နှာမြို့နယ်အတွင်း ပဲတီစိမ်း စိုက်ဧက ၂၃၀၀ ကျော် အောင်မြင်စွာစိုက်ပျိုးရေးအတွက် နိုင်ငံတော်က ပံ့ပိုးပေးမှုအခြေအနေ၊ မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်၊ မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း၊ မြန်မာနိုင်ငံ မျိုးစေ့၊ မြေဩဇာနှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းတို့နှင့် ညှိနှိုင်းဆောင်ရွက်ပေးမှုအခြေအနေတို့ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရေကြည်မြို့နယ် စိမ်းလဲ့ရေကြည်ခန်းမတွင် ဆောင်းသီးနှံပဲတီစိမ်းစိုက်ပျိုးမည့် တောင်သူများနှင့် တွေ့ဆုံပြီး အကျိုးတူလယ်ယာစနစ် (Contract Farming) ဖြင့် ဆောင်ရွက်မည့်အစီအစဉ်၊ သွင်းအားစုနှင့် ပိုးသတ်ဆေးဖြန်းဖြူးပေးမည့် အစီအစဉ်၊ သီးနှံပေါ်ချိန်၌ ပြန်လည်ဝယ်ယူရေးကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးပြီး တောင်သူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရိုင်ဥပဒေရုံး ၁၄ ရုံး ဖွင့်လှစ်၍ လုပ်ငန်းတာဝန်များ ဆောင်ရွက်နေ

ရန်ကုန် စက်တင်ဘာ ၃

ရန်ကုန်တိုင်းဒေသကြီးတွင် ခရိုင်ဥပဒေရုံး ၁၄ ရုံး ဖွင့်လှစ်ပြီး လုပ်ငန်းတာဝန်များ ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ခရိုင်ဥပဒေရုံးများအနေဖြင့် ရုံးအသစ် ဖွင့်လှစ်ခြင်းဖြစ်သည့်အတွက် စီမံခန့်ခွဲအုပ်ချုပ်မှုကိစ္စများ၊ အခက်အခဲများရှိနိုင်သော်လည်း လုပ်ငန်းများ

အောင်မြင်စွာ ဆောင်ရွက်ကြရန် လိုကြောင်းရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဦးဌေးအောင်က ပြောကြားသည်။

ဆက်လက်၍ ၎င်းက ပြည်ထောင်စုရှေ့နေချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေပြင်ဆင်ခဲ့ပြီးဖြစ်သဖြင့် ဥပဒေနှင့်အညီ လုပ်ငန်းတာဝန်များ အောင်မြင်စွာ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အမှုများအား အကြံပေးရာတွင် ဥပဒေနှင့်အညီ မှန်ကန်စွာ ဆောင်ရွက်နိုင်ရေး အထူးအလေးပေးကြီးကြပ်ရန်လိုကြောင်း၊ အမှုများ လိုက်ပါ ဆောင်ရွက်ရာတွင် မိမိတို့ ဥပဒေအရာရှိများဘက်မှ ပျက်ကွက်မှုမရှိစေဘဲ ဥပဒေနှင့် အညီ ဆောင်ရွက်ရန် လိုကြောင်း၊ ခရိုင်အဆင့် ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုကြောင်း ယနေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်းရှိ တိုင်းဒေသကြီး ဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ(၂)၌ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်ဥပဒေအရာရှိများ၊ ဒုတိယခရိုင်ဥပဒေအရာရှိများနှင့် တွေ့ဆုံစဉ် ထိုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ယင်းနောက် တိုင်းဒေသကြီးဥပဒေအရာရှိ ဦးမောင်မောင်တာက လုပ်ငန်း ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ခရိုင် ၁၄ ခရိုင်မှ ခရိုင်ဥပဒေအရာရှိများက လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ အသေးစိတ် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီးဥပဒေအရာရှိက ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ပြန်လည်ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဥပဒေချုပ် ဦးဌေးအောင်က ဆွေးနွေးတင်ပြချက်များအပေါ် ဖြည့်စွက်နွေးဆွေးပြီး လိုအပ်သည်များကိုမှာကြား၍ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❒ *ရှေ့ဖုံးမှ*

သရုပ်ပြလေ့ကျင့်မှုတွင် ကော့သောင်းမြို့နယ် သဘာဝဘေးစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ချိန်နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ ကော့သောင်းခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ခရိုင် မီးသတ်ဦးစီးဌာနမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာပြည်သူများ ပူးပေါင်းကာ မိုးရာသီအတွင်း ဖြစ်ပေါ်လေ့ရှိသည့် မုန်တိုင်းဘေးအန္တရာယ် မကျရောက်မီ သတင်းအချက်အလက်များ ကြိုတင်သိရှိနိုင်မည့် နည်းလမ်းများ၊ ကျေးရွာပြည်သူများ ဘေးလွတ်ရာသို့ ဆောလျင်စွာ ရွှေ့ပြောင်းပုံနည်းစနစ်များ၊ ဘေးအန္တရာယ်အား တုံ့ပြန်ရင်ဆိုင်ရမည့် နည်းလမ်းများ၊ အချိန်နှင့်တစ်ပြေးညီ ကျန်းမာရေးပြုစု စောင့်ရှောက်ပေးမှု လုပ်ငန်းများ၊ မုန်တိုင်းဒဏ်ကြောင့် အပျက်အစီးများအကြား ဝိတ်မိနေသူများနှင့် ပင်လယ်ပြင်အတွင်း ရေယာဉ်နှင့် ရေနစ်သူများအား အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ခြင်း၊ ရှေးဦးပြုစုခြင်း၊ ဘေးလွတ်ရာသို့ပို့ဆောင်ခြင်း စသည့်လုပ်ငန်းများအား သဏ္ဌာန်တူ သရုပ်ပြလေ့ကျင့်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ကျော်စိုး (ကော့သောင်း)

❖ *ရှေ့ဖုံးမှ*

၁၂ ဒသမ ၅၀ ဧက၊ ရှားပင်ကျေးရွာတွင် ၃၁ ဒသမ ၀၀ ဧက၊ ဒွေးလှကျေးရွာတွင် ၆၉ ဒသမ ၅၀ ဧက၊ အနောက်ရွာတော်ကျေးရွာတွင် ၁၃ ဒသမ ၀၀ ဧက၊ကြောင်ပန်းကုန်းကျေးရွာတွင် ၁၄ ဒသမ ၀၀ ဧက စုစုပေါင်း ဧက ၂၀၀ စိုက်ပျိုးထားရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မျိုးစေ့ထုတ် နေကြာသီးနှံများ စိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး မျိုးကောင်းမျိုးသန့်ဖြစ်သည့် ရေဆင်းစပ်မျိုး(၁) နေကြာမျိုးများ စိုက်ပျိုးထားကြောင်း၊ အဆိုပါမျိုးသည် အပင်ပေါက်နှုန်း ၈၀ရာခိုင်နှုန်းအထက်တွင်ရှိပြီး တစ်ဧကမျိုးစေ့သုံးပြည် အသုံးပြုကာ သတ်မှတ်အပင်ရေ ၂၉၀၀၀ ဝင်ဆံ့စေရန် တန်းကြား နှစ်ပေ၊ ပင်ကြားကိုးလက်မဖြင့် တစ်ကျင်းလျှင် မျိုးစေ့နှစ်စေ့နှုန်းဖြင့် အပင်ပေါက် သေချာစေရန် မြေတွင်းအစိုဓာတ် လုံလောက်ချိန်တွင် အနက်တစ်လက်မခွဲတွင် စနစ်တကျ စိုက်ပျိုးထားကြောင်းနှင့် သွင်းအားစုအနေဖြင့် တစ်ဧကနွားချေးနှင့် မြေဆွေးတစ်မျိုးမျိုးကို နွားလှည်း ၅စီး၊ ယူရီးယား ၁၁၂ ပေါင်၊ တီစူပါ ၅၆ ပေါင်နှင့် ပိုတက်ရှ် ၅၆ ပေါင် ထယ်ရေးပြင်ချိန်တွင် အသုံးပြုပြီး အဖူးဝင်ချိန်တွင် ယူရီးယား ၅၆ ပေါင် ထပ်မံထည့်သွင်း စိုက်ပျိုးကြောင်း သိရသည်။

သက်မောင်(ကျောက်ဆည်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် စက်တင်ဘာ ၃

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကျောက်တော်မြို့တွင် ၃ ဒသမ ၃၅ လက်မ၊ ဖျာပုံမြို့တွင် ၂ ဒသမ ၁၆ လက်မ၊ ရွှေကျင်မြို့တွင် ၁ ဒသမ ၈၈ လက်မ၊ မြင်းခြံမြို့တွင် ၁ ဒသမ ၄၅ လက်မ၊ ပျော်ဘွယ်မြို့နှင့် ဖြူးမြို့တို့တွင် ၁ ဒသမ ၀၆ လက်မစီနှင့် တီးတိန်မြို့တွင် ၀ ဒသမ ၇၉ လက်မတို့ဖြစ်ကြသည်။

မိုး/ဧလ

ဓာတ်မြေသြဇာစက်ရုံ (ကန်ကြီးထောင့်)မှ ထုတ်လုပ်သည့် ယူရီးယားဓာတ်မြေသြဇာများကို တောင်သူများလက်ဝယ်သို့ သက်သာသောစျေးနှုန်းဖြင့် အချိန်မီ ဖြန့်ဖြူးရောင်းချပေးလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၃ ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ အမှတ်(၅) ဓာတ်မြေသြဇာစက်ရုံ (ကန်ကြီးထောင့်)မှ ထုတ်လုပ်သည့် ယူရီးယားဓာတ်မြေသြဇာများကို တောင်သူများလက်ဝယ်သို့ သက်သာသော စျေးနှုန်းဖြင့် အချိန်မီ ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ယင်း အမှတ်(၅) ဓာတ်မြေသြဇာစက်ရုံ (ကန်ကြီးထောင့်)သည် ညောင်တုန်း/ မအူပင် ရေနံမြေမှ ထွက်ရှိသော သဘာဝဓာတ်ငွေ့ကို အဓိကကုန်ကြမ်းအဖြစ် အသုံးပြု၍ ယူရီးယားဓာတ်မြေသြဇာ တစ်ရက်လျှင် တန် ၃၀၀ ခန့် ထုတ်လုပ်ပေးလျက်ရှိပြီး စက်ရုံမှ ထုတ်လုပ်သော ယူရီးယားဓာတ်မြေသြဇာများကို စပါးအပါအဝင် ဆီထွက်သီးနှံနှင့် ဝါစိုက်ပျိုးရေးတို့အတွက် သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့များ၊ ဓာတ်မြေသြဇာ ဖြန့်ဖြူးရောင်းချ ရေးကော်မတီတို့နှင့် ညှိနှိုင်းကာ တောင်သူများ လက်ဝယ်သို့ သက်သာသောစျေးနှုန်းဖြင့် အချိန်မီဖြန့်ဖြူး ရောင်းချပေးနေခြင်း ဖြစ်သည်။

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးမြင့်ဦးသည် ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့် မြို့နယ် မြန်မာ့ရေနံ ဓာတုဗေဒ လုပ်ငန်းလက်အောက်ရှိ အဆိုပါ အမှတ်(၅) ဓာတ်မြေသြဇာစက်ရုံ (ကန်ကြီးထောင့်) သို့ သွားရောက်ပြီး စက်ရုံဝန်ထမ်းများနှင့် တွေ့ဆုံကာ ယူရီးယားဓာတ်မြေသြဇာများ ထုတ်လုပ်ရာတွင် အရည်အသွေး ပြည့်ဝစေရေး အထူးအလေးထား ဆောင်ရွက်ရန်၊ စက်စွမ်းအားပြည့် ထုတ်လုပ်နိုင်ရေး စက်ပြုပြင်ခြင်း လုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ကြရန်နှင့် လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းစေရေး တာဝန်ရှိသူ အဆင့်ဆင့်မှ ကြပ်မတ်ဆောင်ရွက်သွားကြရန် မှာကြားပြီး စက်ရုံအတွင်းရှိ Control Room ၊ ယူရီးယားဓာတ်မြေသြဇာများ ထုတ်လုပ်နေမှုနှင့် ဖြန့်ဖြူးပေးနေမှုကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက စက်ရုံဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများ၊ အမှတ်တရလက်ဆောင်ပစ္စည်းများနှင့် ယူရီးယားဓာတ်မြေသြဇာ ကုန်တင်ကုန်ချလုပ်သားများအတွက် ဆန်အိတ် ၁၅၆ အိတ်ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်းနှင့် ဓာတ်မြေသြဇာ ဖြန့်ဖြူးရောင်းချ ရေးကော်မတီတို့နှင့် ညှိနှိုင်းကာ တောင်သူများ လက်ဝယ်သို့ သက်သာသောစျေးနှုန်းဖြင့် အချိန်မီဖြန့်ဖြူး ရောင်းချပေးနေခြင်း ဖြစ်သည်။

ဓာတ်မြေသြဇာ ထုတ်လုပ်ရာတွင် ကုန်ကြမ်းအဖြစ် ရေနံနှင့်သဘာဝဓာတ်ငွေ့ လုပ်ငန်း၊ ညောင်တုန်း–မအူပင် ရေနံနှင့် သဘာဝဓာတ်ငွေ့မြေသို့ သွားရောက်၍ လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို စစ်ဆေးကာ ရေနံနှင့် သဘာဝဓာတ်ငွေ့ တိုးတက်ထုတ်လုပ်နိုင်ရေးနည်းလမ်းမျိုးစုံဖြင့် အလေးထားဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

ညောင်တုန်း – မအူပင် ရေနံမြေတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့များ ထုတ်လုပ်လျက်ရှိပြီး အဆိုပါ ဒေသမှ ထွက်ရှိသော သဘာဝဓာတ်ငွေ့များကို အမှတ် (၄) ဓာတ်မြေသြဇာစက်ရုံ (မြောင်းတကာ)၊ အမှတ် (၅) ဓာတ်မြေသြဇာစက်ရုံ (ကန်ကြီးထောင့်)၊ ရန်ကုန်ဧရိယာရှိ အများပြည်သူ သယ်ယူပို့ဆောင်ရေး ကဏ္ဍအတွက် မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်များနှင့် စက်ရုံအလုပ်ရုံများသို့ ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

နေပြည်တော် ဒကွိုဏာသီရိမြို့နယ် အမှတ်(၁၈) အခြေခံပညာ အထက်တန်းကျောင်းသို့ ငွေပဒေသာပင် ငွေကျပ် သိန်း ၉၀၊ ကျောင်းဝတ်စုံ၊ အားကစားဝတ်စုံနှင့် နှာခေါင်းစည်းများလှူဒါန်း

နေပြည်တော် စက်တင်ဘာ ၃ ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒကွိုဏာသီရိမြို့နယ် အမှတ်(၁၈) အခြေခံပညာအထက်တန်းကျောင်းသို့ ငွေပဒေသာပင် ငွေကျပ် သိန်း ၉၀၊ ကျောင်းဝတ်စုံ၊ အားကစားဝတ်စုံနှင့် နှာခေါင်းစည်းများ လှူဒါန်းပွဲနှင့် ၂၀၂၁–၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ ဂုဏ်ပြုဆုပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲတွင် အဆိုပါ ကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အလှူငွေ ပေးအပ်လှူဒါန်းပွဲတွင် ပြည်ထောင်စုဝန်ကြီး(ငြိမ်း) သရေစည်သူ ဦးမြင့်လှိုင် က ဂုဏ်ပြုအမှာစကား ပြောကြားပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ ပြည်ထောင်စုဝန်ကြီး(ငြိမ်း) နှင့် အလှူရှင်များက ကျောင်းအတွက် ငွေပဒေသာပင် စုစုပေါင်း ငွေကျပ်သိန်း ၉၀ နှင့် ကျောင်းဝတ်စုံ၊ အားကစားဝတ်စုံ၊ နှာခေါင်းစည်းများကို လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် ငွေပဒေသာပင် စိုက်ထူလှူဒါန်းရခြင်းနှင့် ပတ်သက်၍ KMK Co.,Ltdမှ ဦးခင်မောင်အေးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဗဟိုကော်မတီဝင် ဒေါ်ယမင်းမြင့်ဆွေတို့က ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ ပြည်ထောင်စုဝန်ကြီး (ငြိမ်း) ဦးခင်မောင်အေးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဗဟိုကော်မတီဝင် ဒေါ်ယမင်းမြင့်ဆွေတို့က ရှင်းလင်းပြောကြားကြသည်။

ကာတွန်းပြိုင်ပွဲများတွင် ဆုရရှိသူများနှင့် ဂုဏ်ထူးရရှိအောင်သင်ကြားပေးသည့် ဆရာ ဆရာမများအား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ခဲ့ပြီး ကျောင်းအုပ် ဆရာမကြီးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ အခမ်းအနားတွင် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးတင်ဦးလွင်က ဂုဏ်ပြုအမှာစကား ပြောကြားရာ၌ ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒကွိုဏာသီရိမြို့နယ်အတွင်း တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်မှုသည် ၂၀၁၉–၂၀၂၀ ပညာသင်နှစ်တွင် ၁၃ ရာခိုင်နှုန်းရှိပြီး ယခု ၂၀၂၁–၂၀၂၂ ပညာသင်နှစ်တွင် ၄၀ ဒသမ ၄၀ ရာခိုင်နှုန်းရှိရာ ယခုနှစ် အောင်ချက်ရာခိုင်နှုန်း တိုးလာသည်ကို တွေ့ရှိရပါကြောင်း၊ နိုင်ငံတော်အနေဖြင့် စနစ်သစ်ပညာရေးကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အရည်အသွေးရှိသည့် ဆရာ ဆရာမများကသာ ထူးချွန်သော ကျောင်းသား ကျောင်းသူများကို မွေးထုတ်ပေးနိုင်ရုံသာမက အရည်အသွေး ပြည့်ဝသော လူသားအရင်းအမြစ်များကို ပြုစုပျိုးထောင်ပေးနိုင်မည် ဖြစ်ပါကြောင်း၊ ယခု စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ အနေဖြင့်လည်း ရရှိနေသည့် အောင်မြင်မှုများကို ဆက်လက်ထိန်းသိမ်းသွားပြီး နိုင်ငံတော်အတွက် အားကိုးအားထားရသည့် လူတော်လူကောင်းများ ဖြစ်လာစေရေးနှင့် အဆင့်မြင့်ပညာရပ်များကို ဆတက်ထမ်းပိုး ကြိုးစားသင်ယူသွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားခဲ့သည်။

ပြည်ထောင်စု နယ်မြေ နေပြည်တော် အမှတ် (၁၈) အခြေခံပညာ အထက်တန်းကျောင်းမှ ၂၀၂၁–၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သုံးဘာသာ ငါးဦး၊ နှစ်ဘာသာ တစ်ဦး၊ တစ်ဘာသာ ၁၅ ဦး စုစုပေါင်း ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူ ၂၁ ဦးရှိကြောင်း သိရသည်။ **သတင်းစဉ်**

မော်လမြိုင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးလှမင်းဇော် ကျိုက်မရောမြို့နယ် ဘာဘူ ကုန်းကျေးရွာရှိ ငါးမွေးမြူရေးလုပ်သားများ အား ကောင်းမွန်သောရေသတ္တဝါ မွေးမြူရေးကျင့်စဉ်(GAqP)နှင့်အညီ မွေးမြူထုတ်လုပ်နိုင်ရေးအတွက် စက်တင်ဘာ ၁ ရက်က အသိပညာပေး ဟောပြောစဉ်။

သတင်းစဉ်

ဗျာပုံခရိုင် ဒေးဒရဲမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ဌာနဆိုင်ရာများ စုပေါင်း၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အပတ်စဉ် စုပေါင်းဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂ ရက်က မြို့ဝင်လမ်းမဝဲယာ တစ်လျှောက်ရှိ အမှိုက်နှင့် ခြင်ခိုအောင်းနိုင်သည့် ချုံနွယ်နှင့် မြက်ပင်များ ရှင်းလင်းဆောင်ရွက်ပြီး ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ ဖော်ထုတ်ရှင်းလင်းစဉ်။

အေဇာလင်း(ပြန်/ဆက်)

“ယာယီရပ်နားထားခဲ့တဲ့ တောင်ကြီး-ဆိုက်ခေါင်လမ်းပိုင်းအတွင်းက တောင်ကြီးကနေ ဘန်းယဉ်အထိ ၃၃ ဒသမ ၇၁ မိုင်ကို စက်တင်ဘာ ၁ ရက်ကစပြီး ရထားပြန်လည်ပြေးဆွဲခဲ့တာ ဖြစ်ပါတယ်”

မြန်မာ့မီးရထားမှ ဦးဆောင်ညွှန်ကြားရေးမှူး သူရဦးအောင်မျိုးမြင့်နှင့် တွေ့ဆုံမေးမြန်းခြင်း

တောင်ကြီး-ဆိုက်ခေါင်ရထားလမ်းပိုင်းရှိ တောင်ကြီး-ဘန်းယဉ် ခရီးစဉ်အမှတ် (၁၅၃) အဆန်၊ အမှတ် (၁၅၄) အစုန်ရထားကို ပြည်သူများ၏ တောင်းဆိုချက်များနှင့်အညီ ခရီးသွားလာရေးအဆင်ပြေစေရန် စက်တင်ဘာ ၁ ရက်မှစတင်ကာ ပြန်လည်ပြေးဆွဲနေပြီဖြစ်သည်။

ထိုသို့ ပြန်လည်ပြေးဆွဲရာတွင် ရထားအသုံးပြုသူပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် မြန်မာ့မီးရထားအနေဖြင့် ပြုပြင်ဆောင်ရွက်ပေးခဲ့သည့် အခြေအနေများနှင့်စပ်လျဉ်း၍ မြန်မာ့မီးရထားမှ ဦးဆောင်ညွှန်ကြားရေးမှူး သူရဦးအောင်မျိုးမြင့်နှင့် ဆက်သွယ်မေးမြန်းခဲ့သည်များကို တင်ပြလိုက်ရပါသည်။

မြန်မာ့မီးရထား ဦးဆောင် ညွှန်ကြားရေးမှူး သူရ ဦးအောင်မျိုးမြင့်

မေး ။ ။ တောင်ကြီး-ဘန်းယဉ် မီးရထားလမ်း ပြန်လည်ဖွင့်လှစ်လိုက်ပြီလို့ သိရပါတယ်။ ဒါနဲ့ပတ်သက်ပြီး မြန်မာ့မီးရထားအနေနဲ့ ပြည်သူတွေအဆင်ပြေစေဖို့ ခရီးစဉ်မှာ ဘယ်လိုစီမံဆောင်ရွက်ထားတယ်ဆိုတာ အရင်ဆုံး သိပါရစေ။

ဖြေ ။ ။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့လမ်းညွှန်ချက်အရ တောင်ကြီး-ဆိုက်ခေါင် ရထားလမ်းမှာ ရထားပြန်လည်ပြေးဆွဲနိုင်ရေး သတ်မှတ် စံချိန်စံညွှန်းနဲ့အညီ ပြုပြင်ဆောင်ရွက်ဖို့ ၂၀၂၁ ခုနှစ် စက်တင်ဘာ ၁၅ ရက်ကစပြီး ပြုပြင်ဆောင်ရွက်ခဲ့ပါတယ်။ တောင်ကြီးကနေ ဆိုက်ခေါင်အထိ ၄၀ ဒသမ ၆၇ မိုင်ကို ပြုပြင်ရာမှာ ကွန်ကရစ်ဧလီဖားတုံး ၅၈၇၈၀၊ လမ်းခင်းကျောက် ၁၀၇၇၃ ကျင်း ဖြည့်တင်းဆောင်ရွက်ခဲ့ပါတယ်။

ပြီးတော့ လမ်းမြောက်ပါကင်ရိုက်ခြင်း၊ သံလမ်းအဆက်ညှိခြင်း၊ လမ်းဘေးဝဲ/ယာ တောချုံခုတ်ရှင်းလင်းခြင်း စတဲ့လုပ်ငန်းတွေလည်း ဆောင်ရွက်ခဲ့ပါတယ်။ ရထားလမ်းပိုင်း ကြိုခိုင်တောင့်တင်းမှုရှိစေရေးအတွက်လည်း ဆောင်ရွက်ခဲ့ပြီးတော့ ၂၀၂၂ ခုနှစ် ဇွန် ၃၀ ရက်မှာ ပြုပြင်ပြီးစီးခဲ့ပါတယ်။ ၂၀၂၂ ခုနှစ် သြဂုတ် ၃ ရက်မှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က “တောင်ကြီး-ဆိုက်ခေါင်ရထားလမ်း ပြုပြင်ပြီးစီးပြီဖြစ်သဖြင့် ရထားပြန်လည်ပြေးဆွဲနိုင်ရေး စီစဉ်ဆောင်ရွက်သွားရန်” လမ်းညွှန်မှာကြားပါတယ်။ ဒါကြောင့် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်နိုင်ရေးအတွက် ၂၀၂၀ ပြည့်နှစ်ဧပြီ ၁၀ ရက်ကစတင်ပြီး ယာယီရပ်နားထားခဲ့တဲ့ တောင်ကြီး-ဆိုက်ခေါင်လမ်းပိုင်းအတွင်းက တောင်ကြီးကနေ ဘန်းယဉ်အထိ ၃၃ ဒသမ ၇၁ မိုင်ကို စက်တင်ဘာ ၁ ရက်ကစပြီး ရထားပြန်လည်ပြေးဆွဲခဲ့တာဖြစ်ပါတယ်။

ဒီလို ပြေးဆွဲရာမှာ အမှတ်(၁၅၄)အစုန်ရထားဟာ ဘန်းယဉ်ကနံနက် ၅ နာရီခွဲ ထွက်ခွာပြီးတော့ တောင်ကြီးကို နံနက် ၈ နာရီရောက်ရှိမှာဖြစ်ပါတယ်။ အမှတ် (၁၅၃) အဆန်ရထားဟာ တောင်ကြီးက မွန်းလွဲ ၂ နာရီခွဲမှာ ပြန်လည်ထွက်ခွာပြီး ဘန်းယဉ်ကို ညနေ ၄ နာရီ မိနစ် ၅၀ ရောက်ရှိမှာ ဖြစ်ပါတယ်။ ရထားပြေးဆွဲပေးတဲ့အတွက် ဘန်းယဉ်-တောင်ကြီး ရထားလမ်းပိုင်းက ဒေသခံပြည်သူတွေအနေနဲ့ ကုန်ပစ္စည်းတွေ၊ ထွက်ကုန်သီးနှံတွေကို ရထားနဲ့တောင်ကြီးမြို့ပေါ် အထိ ကုန်ကျစရိတ်သက်သာစွာ တင်ပို့ရောင်းချနိုင်မှာ ဖြစ်ပါတယ်။

ဒုတိယပြင် မြန်မာနိုင်ငံဒေသအသီးသီးကနေ တောင်ကြီးမြို့ကို အလည်လာတဲ့ ခရီးသွားဧည့်သည်တွေ၊ တောင်ကြီးမြို့နေ ပြည်သူတွေအနေနဲ့ ရထားစီးပြီး တန်ခိုးကြီးဘုရားဖြစ်တဲ့ မွေတော်ကဏ္ဍဘုရားကို သွားရောက်ဖူးမြော်နိုင်မှာဖြစ်ပါတယ်။ နိုင်ငံအတွင်းက ခရီးသွားလုပ်ငန်းတွေအတွက်လည်း အထောက်အကူဖြစ်စေပြီးတော့ ဒေသတွင်းပြည်သူတွေ အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိစေမှာ ဖြစ်သလို လူမှုစီးပွားဘဝတွေ ဖွံ့ဖြိုးတိုးတက်အောင် အထောက်အကူ ဖြစ်စေမှာ ဖြစ်ပါတယ်။

မေး ။ ။ ပြည်သူတွေ သွားလာရေး အဆင်ပြေစေဖို့ အခု ၂၀၂၂ခုနှစ်အတွင်းမှာ မီးရထားလမ်း တိုးချဲ့ဖောက်လုပ်နေတဲ့ အခြေအနေကိုလည်း သိပါရစေ။

ဖြေ ။ ။ မြန်မာနိုင်ငံမှာ ရထားလုပ်ငန်းစတင်ခဲ့တဲ့ ၁၈၇၇ ခုနှစ်ကနေ လွတ်လပ်ရေးမရမီ ၁၉၄၈ ခုနှစ်အထိ ရထားလမ်းခရီးမိုင် ၁၉၂၄ မိုင်နဲ့ ဘူတာရုံပေါင်း ၄၇၆ ခု ဆောက်လုပ်ခဲ့ပါတယ်။ လွတ်လပ်ရေးရပြီးတဲ့ ၁၉၄၈ ခုနှစ်ကနေ ၁၉၈၈ ခုနှစ်အတွင်း ရထားလမ်းခရီးမိုင် ၅၄ မိုင်နဲ့ ဘူတာရုံ ၁၁ ခု တိုးတက်တည်ဆောက်နိုင်ခဲ့ပါတယ်။ ၁၉၈۸ ခုနှစ်နောက်ပိုင်းမှာ ရထားလမ်းခရီးမိုင် ၁၈၂၂ မိုင်နဲ့ ဘူတာရုံ ၄၇၃ ခု ထပ်မံတိုးချဲ့ဖောက်လုပ်တည်ဆောက်နိုင်ခဲ့တဲ့ အတွက် နိုင်ငံအတွင်းမှာ ရထားလမ်းခရီးမိုင်စုစုပေါင်း မိုင် ၃၈၀၀ နဲ့ ဘူတာရုံပေါင်း ၉၆၀ ရှိနေပြီဖြစ်ပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံ့တာဝန်ရယူပြီးနောက် နိုင်ငံတော်အကြီးအကဲက ရထားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဓိကအလေးထားပြီး လမ်းညွှန်မှုတွေ ပေးခဲ့တာရှိပါတယ်။ ရထားလမ်းတွေ ကြိုခိုင်ကောင်းမွန်စေရေးအတွက် သတ်မှတ်ထားတဲ့ စံချိန်စံညွှန်းတွေအတိုင်း တိကျစွာလိုက်နာပြီးတော့ ရေရှည်အသုံးပြုနိုင်ရေးအတွက် စဉ်းစားဆောင်ရွက်ဖို့၊ ရထားလမ်းတွေ ပြုပြင်ထိန်းသိမ်းခြင်းနဲ့ ထပ်မံတိုးချဲ့ဖောက်လုပ်ခြင်းလုပ်ငန်းတွေမှာ ပြည်တွင်းအင်ဂျင်နီယာပညာရှင်တွေကို အဓိကထားအသုံးပြုပြီး နည်းပညာတွေ တိုးတက်အောင်ဆောင်ရွက်ဖို့၊ အနာဂတ်မှာ လျှပ်စစ်ရထားပြေးဆွဲနိုင်ရေး ကြိုတင်စဉ်းစားဆောင်ရွက်ဖို့ လမ်းညွှန်မှာကြားခဲ့တာ ရှိပါတယ်။

လက်ရှိမှာ အဓိကအရေးပါတဲ့ ရထားလမ်းမကြီးတွေအနက် ရန်ကုန်-မန္တလေး ရထားလမ်းနဲ့ ရန်ကုန်မြို့ပတ်ရထားလမ်းတွေကို ဂျပန်နိုင်ငံ JICA ရဲ့ ဖွံ့ဖြိုးမှု ရန်ပုံငွေနဲ့ နိုင်ငံတော်ဘဏ္ဍာငွေက ကျခံပြီး ရထားလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းတွေ ဆောင်ရွက်လျက်ရှိပါတယ်။ ဒုတိယပြင် မန္တလေး-မြစ်ကြီးနား ရထားလမ်းပိုင်းကိုလည်း အဆင့်မြှင့်တင်နိုင်ရေးအတွက် ကိုရီးယားသမ္မတနိုင်ငံရဲ့ ဖွံ့ဖြိုးမှုရန်ပုံငွေနဲ့ ရထားလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာ့မီးရထားအနေနဲ့ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်းမှာ နိုင်ငံတော်ဘဏ္ဍာငွေက ကျခံပြီးတော့ မြင်းခြံ-သာစည်၊ သာစည်-ရွှေညောင်၊ ရွှေညောင်- တောင်ကြီး၊ တောင်ကြီး-ဆိုက်ခေါင်၊ ဇီးပင်ကြီး - ပြင်ဦးလွင် - ဂုတ်ထိပ်၊ မန္တလေးမြို့ ပတ်ရထားလမ်းပိုင်းတွေ အဆင့်မြှင့်တင်ပြုပြင်မွမ်းမံခြင်းလုပ်ငန်း၊ နောင်ကား- ပင်းပက်လမ်းပိုင်း တိုးချဲ့ဖောက်လုပ်မှုလုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။

စာမျက်နှာ ၇ သို့

- **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့လမ်းညွှန်ချက်အရ တောင်ကြီး-ဆိုက်ခေါင် ရထားလမ်းမှာ ရထားပြန်လည်ပြေးဆွဲနိုင်ရေး သတ်မှတ်စံချိန်စံညွှန်းနဲ့အညီ ပြုပြင်ဆောင်ရွက်ဖို့ ၂၀၂၁ ခုနှစ် စက်တင်ဘာ ၁၅ ရက်ကစပြီး ပြုပြင်ဆောင်ရွက်ခဲ့ပါတယ်**
- **တောင်ကြီးကနေ ဆိုက်ခေါင်အထိ ၄၀ ဒသမ ၆၇ မိုင်ကို ပြုပြင်ရာမှာ ကွန်ကရစ်ဧလီဖားတုံး ၅၈၇၈၀၊ လမ်းခင်းကျောက် ၁၀၇၇၃ ကျင်း ဖြည့်တင်းဆောင်ရွက်ခဲ့ပါတယ်။ ပြီးတော့ လမ်းမြောက်ပါကင်ရိုက်ခြင်း၊ သံလမ်းအဆက်ညှိခြင်း၊ လမ်းဘေးဝဲ/ယာ တောချုံခုတ်ရှင်းလင်းခြင်း စတဲ့လုပ်ငန်းတွေလည်း ဆောင်ရွက်ခဲ့ပါတယ်။ ရထားလမ်းပိုင်း ကြိုခိုင်တောင့်တင်းမှုရှိစေရေးအတွက်လည်း ဆောင်ရွက်ခဲ့ပြီးတော့ ၂၀၂၂ ခုနှစ် ဇွန် ၃၀ ရက်မှာ ပြုပြင်ပြီးစီးခဲ့ပါတယ်**

ချင်းပြည်နယ်ဝန်ကြီးချုပ် ဟားခါးမြို့ အထက(၁)ကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုအား ကြည့်ရှုအားပေး

ဟားခါး စက်တင်ဘာ ၃

ချင်းပြည်နယ် အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ဟားခါးမြို့အမှတ် (၁) အခြေခံပညာအထက်တန်း ကျောင်းဝင်းအတွင်း ယနေ့ နံနက်ပိုင်းက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန် တက်ရောက်ကြည့်ရှုအားပေးသည်။

ထိုသို့ ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာတွင် နယ်မြေခံတပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် ဌာနဆိုင်ရာဝန်ထမ်းများက အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်းရှိ ချုံနွယ်ပိတ်ပေါင်းများနှင့် ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် အမှိုက်ကောက်ခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

ကြည့်ရှုအားပေး

အဆိုပါ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ဝုန်ဆွန်းထန်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးနေစိုး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ် ဦးဆွန်ဒုတ်ကျင့်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် မျိုးထွဋ်လှိုင်၊ စစ်ဗျူဟာအခြေချ (ဟားခါး) မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး စောထွန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြည့်ရှုအားပေးကြပြီး ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေကြသည့် တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများအား စားသောက်ဖွယ်ရာများဖြင့် ဧည့်ခံကျွေးမွေးခဲ့သည်။

ခရိုင်(ပြန်/ဆက်)

အောင်မြေမန္တလာ နိုင်ငံ့ဝန်ထမ်းအဌားအိမ်ရာတွင် အရာထမ်း ၆၈ ဦး၊ အမှုထမ်း ၄၃၂ ဦး စုစုပေါင်းနိုင်ငံ့ဝန်ထမ်း ၅၀၀ ကို နေရာချထားပေးပြီးဖြစ်

နေပြည်တော် စက်တင်ဘာ ၃

မန္တလေးတိုင်း ဒေသကြီးရှိ အောင်မြေမန္တလာ နိုင်ငံ့ဝန်ထမ်းအဌားအိမ်ရာတွင် ဌာနအလိုက်နေထိုင်သူ နိုင်ငံ့ဝန်ထမ်း အရာထမ်း ၆၈ ဦး၊ အမှုထမ်း ၄၃၂ ဦး၊ စုစုပေါင်းဝန်ထမ်း ၅၀၀ ကို နေရာချထားပေးပြီး ပုသိမ်ကြီးမြို့နယ်ရှင်တော်ကုန်း ကျေးရွာအုပ်စု ရေကြည်မြောက်ကွင်း ကွင်း အမှတ်(၅၀၆)တွင်လည်း မဂ်လာရန်ကင်း ပြည်သူ့အဌားအိမ်ရာ စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရှင်းလင်းတင်ပြ

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် ယမန်နေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးရှိ အောင်မြေမန္တလာ နိုင်ငံ့ဝန်ထမ်းအဌားအိမ်ရာ စီမံကိန်းနှင့် ပုသိမ်ကြီးမြို့နယ် ရှင်တော်ကုန်း ကျေးရွာအုပ်စု ရေကြည်မြောက်ကွင်း ကွင်း အမှတ် (၅၀၆) တွင် ဆောင်ရွက်လျက်ရှိသည့် မဂ်လာရန်ကင်း ပြည်သူ့အဌားအိမ်ရာ စီမံကိန်းရှင်းလင်းဆောင်များသို့သွားရောက်ကြည့်ရှုစစ်ဆေးရာ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနညွှန်ကြားရေးမှူး ဦးသက်နိုင်က စီမံကိန်းဧရိယာအတွင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးက စီမံကိန်းဆောင်ရွက်နေမှုနှင့် မြန်မာမြို့ပြနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေး လုပ်ငန်းရှင်များ အသင်းနှင့် Myanmar Developer Association ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများက လုပ်ငန်းစီမံချက်တို့ကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက ဆောင်ရွက်ရန်ကျန် အဆောက်အဦ ၁၅ လုံးအား သတ်မှတ်ကာလအတွင်း စီမံချက်အတိုင်းပြီးစီးရေးနှင့် ရေပေးဝေမှုစနစ် ဟန်ချက်ညီပြီးစီးရေးတို့ကို မှာကြားကာ ဆောက်လုပ်ပြီး တိုက်ခန်းနေရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး မန္တလေးနည်းပညာတက္ကသိုလ် ပညာ့ရိပ်သာ အိမ်ရာကို လည်းကောင်း၊ ချမ်းအေးသာစံမြို့နယ် ပြည်ကြီးမျက်မှန်ရပ်ကွက် (၆၆)လမ်း၊ (၂၇)လမ်းနှင့် (၂၈)လမ်းကြားရှိ အဆောက်အဦ အထူးအဖွဲ့(၆)မှ တာဝန်ယူ ဆောက်လုပ်နေသည့် ခုတင်(၅၅၀)ဆံ့ ကလေးအထူးကုဆေးရုံကြီးတွင် တိုးချဲ့လူနာဆောင် ရှစ်ထပ် ဆောက်လုပ်ခြင်း စီမံကိန်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆောင်ရွက်ဆဲ လုပ်ငန်းများနှင့် ဆောင်ရွက်ရန်ကျန်လုပ်ငန်းများအား လုပ်ငန်းစီမံချက်အတိုင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန်နှင့် သတ်မှတ်စံချိန်စံညွှန်း ပြည့်မီရေး အလေးထား ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

ထို့ပြင် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် နေပြည်တော်–မန္တလေးလမ်းပိုင်း ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်တွင် သန္တိ သစ္စာကုမ္ပဏီက B.O.T စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော မန္တလေး – မိုးကုတ်လမ်းပိုင်း မိုင်တိုင်အမှတ် ၁၂ မိုင် ၆ ဖာလုံမှ ၁၃ မိုင်အတွင်း ၂၄ ပေအကျယ် AC ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး B.O.T ကုမ္ပဏီများ အနေဖြင့် လျာထားစီမံချက်လုပ်ငန်းများအား သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ချမ်းအေးသာစံမြို့နယ်၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

မန္တလေး စက်တင်ဘာ ၃

၂၀၂၂ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၅၈) နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ရဲတပ်ဖွဲ့မှယနေ့ နံနက် ၈ နာရီမှစတင်ကာ အကွက် ၂၄၆ သီရိဟေမာအရှေ့ရပ်ကွက်ရှိ အိမ်တော်ရာဘုရားကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်သည်။

ချမ်းအေးသာစံမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး သန်းဇော်လေး ဦးဆောင်ကာ မြို့နယ်အတွင်းရှိ အမှတ်(၃)၊ အမှတ်(၆)နှင့် အမှတ် (၈) ရဲစခန်းများမှ ရဲတပ်ဖွဲ့ဝင်များသည် အိမ်တော်ရာဘုရားဝင်းအတွင်း တံမြက်စည်းလှဲခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ပေါင်းမြက်များ ရှင်းလင်းခြင်းစသည့် ဘုရားဝင်းအတွင်း သန့်ရှင်းရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မောင်အေးချမ်း

(၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် ဝေါမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်ဆန်း ဦးဆောင်၍ တပ်ဖွဲ့ဝင်များက ယနေ့ နံနက်ပိုင်းတွင် အလိုတော်ပြည့်သောက်သုံးရေကန်၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်။ အောင်မြတ်လင်း(ပြန်/ဆက်)

စာမျက်နှာ ၆ မှ

❑ လက်ရှိမှာ အဓိကအရေးပါတဲ့ ရထားလမ်းမကြီးတွေအနက် ရန်ကုန်-မန္တလေး ရထားလမ်းနဲ့ ရန်ကုန်မြို့ပတ် ရထားလမ်းတွေကို ဂျပန်နိုင်ငံ JICA ရဲ့ ဖွံ့ဖြိုးမှုရန်ပုံငွေနဲ့ နိုင်ငံတော်ဘဏ္ဍာငွေက ကျခံပြီး ရထားလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းတွေ ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် မန္တလေး-မြစ်ကြီးနား ရထားလမ်းပိုင်းကိုလည်း အဆင့်မြှင့်တင်နိုင်ရေးအတွက် ကိုရီးယားသမ္မတနိုင်ငံရဲ့ ဖွံ့ဖြိုးမှုရန်ပုံငွေနဲ့ ရထားလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်

မေး ။ ။ မီးရထားလမ်းအသစ် တိုးချဲ့ဖောက်လုပ်မယ့် အစီအစဉ်ရှိရင်လည်း ဘယ်လို ဆောင်ရွက်သွားမယ်ဆိုတာ သိပါရစေ။

ဖြေ ။ ။ မြန်မာ့မီးရထားအနေနဲ့ မူဆယ်ကနေ မန္တလေးအထိ ရထားလမ်းသစ်ကို ဖောက်လုပ်နိုင်ဖို့အတွက် စီမံကိန်းဖြစ်မြောက်နိုင်ခြေ လေ့လာမှုလုပ်ငန်းဆောင်ရွက်ပြီးတော့ စီမံကိန်းအကောင်အထည်ဖော်နိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးမှုတွေ ဆက်လက်လုပ်ဆောင်နေပါတယ်။ ဒါ့အပြင် မန္တလေးကနေ ကျောက်ဖြူ အထိ ရထားလမ်းအသစ် ဖောက်လုပ်နိုင်ရေးအတွက်လည်း စီမံကိန်းဖြစ်မြောက်နိုင်ခြေလေ့လာမှုလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပါတယ်။

မေး ။ ။ ခရီးသွားပြည်သူတွေ လွယ်ကူစွာသွားလာနိုင်ရေး လက်ရှိမှာ မြန်မာ့မီးရထားအနေနဲ့ ပြေးဆွဲနေမှုကိုလည်း သိရှိလိုပါတယ်။

ဖြေ ။ ။ မြန်မာ့မီးရထားက ရန်ကုန်– မန္တလေးလမ်းပိုင်းမှာ အမြန်ရထားလေးစင်း၊ စာပို့ရထား နှစ်စင်း၊ ရန်ကုန်– မော်လမြိုင်လမ်းပိုင်းမှာ အမြန်ရထားနှစ်စင်း၊ ရန်ကုန်– ပြည်လမ်းပိုင်းမှာ အမြန်ရထား နှစ်စင်း၊ စာပို့ရထား နှစ်စင်း၊ ရန်ကုန်– ပဲခူးလမ်းပိုင်းမှာ RBE ရထား နှစ်စင်း၊ ပုသိမ်– ဟသံတ– ကြံခင်းလမ်းပိုင်းမှာ စာပို့ရထား နှစ်စင်း၊ ပျဉ်းမနား–တောင်တွင်းကြီးလမ်းပိုင်းမှာ လူစီးကုန်တင်ရထား နှစ်စင်း၊ သာစည်–ရွှေညောင်လမ်းပိုင်းမှာ စာပို့ရထား နှစ်စင်း၊ ပြင်ဦးလွင်–ဂုတ်ထိပ်လမ်းပိုင်းမှာ အမြန်ရထား နှစ်စင်း၊ ပြည်တော်သာ– ရေချမ်းပြင် လမ်းပိုင်းမှာ RBE ရထားလေးစင်း၊ တောင်ကြီး–ဆိုက်ခေါင်လမ်းပိုင်းမှာ လူစီးကုန်တင်ရထား နှစ်စင်း စုစုပေါင်း ၂၈ စင်းနဲ့ ရန်ကုန်မြို့ပတ်ရထား ၂၆ စင်း စုစုပေါင်း လူစီးရထား ၅၄ စင်း ပြေးဆွဲပေးလျက်ရှိပါတယ်။

မေး ။ ။ ပြည်သူတွေသိရှိစေဖို့ မြန်မာ့မီးရထားလုပ်ငန်းအခြေအနေနဲ့ပတ်သက်ပြီး ဖြည့်စွက်ပြောကြားလိုတာရှိရင်လည်း ပြောကြားပေးပါ။

ဖြေ ။ ။ နိုင်ငံရဲ့ သယ်ယူပို့ဆောင်ရေးကဏ္ဍမှာ ရထားနဲ့ သယ်ယူပို့ဆောင်ရေးလုပ်ငန်းဟာ အရေးပါနေဆဲဖြစ်တာကြောင့် "ပို့ဆောင်ဆက်သွယ်ပြည်ကျိုးရွယ်"ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ ဝန်ကြီးဌာနရဲ့ လမ်းညွှန်ချက်တွေအရ မြန်မာ့မီးရထားရဲ့ လုပ်ငန်းတာဝန်တွေ ဖြစ်တဲ့ ခရီးသည်နဲ့ ကုန်စည်ပို့ဆောင်သူတွေ စိတ်ချမ်းမြေ့အဆင်ပြေရေး အထူးအလေးထား ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ဥပြဿံပေး ထာဝရပြေးဆွဲနိုင်ရေးအတွက် မီးရထားရဲ့ အဓိကကျတဲ့ လုံခြုံစိတ်ချရမှု၊ အချိန်မှန်ကန်မှုရှိစေရေးအတွက် မြန်မာ့မီးရထားအနေနဲ့ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပြီးတော့ ပြည်သူတွေအနေနဲ့လည်း မီးရထားလုပ်ငန်း ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးစေလိုပါတယ်။

အခုလို ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ရှိပါတယ်။

သတင်းစဉ်

❖ *ကျောက်ဖုံးမှ*

ဖျာပုံနှင့် မအူပင်မြို့နယ်တို့၌ အကြမ်းဖက်လုပ်ငန်းဆောင်ရွက်နေသည့် တရားခံများအား လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိမှု အခြေပြဇယား



ကျောက်ခွဲဖျက်ဆီးခြင်း စသည့် အကြမ်းဖက် လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

၂၀၂၂ ခုနှစ် သြဂုတ် ၂၃ ရက်တွင် ဖျာပုံမြို့နယ် ချောင်းတွင်း ကျေးရွာအနီးရှိ KM စားသောက်ဆိုင်သို့ အကြမ်းဖက်သမား ၄ ဦး ရောက်ရှိလာပြီး ဆိုင်အတွင်း၌ ထိုင်နေသည့် အပြစ်မဲ့ပြည်သူ အမျိုးသမီး ၂ ဦးကို ဒလန်ဟုစွပ်စွဲကာ ပစ္စတိုဖြင့် ပစ်ခတ်၍ ရွှေထည်ပစ္စည်းအချို့ကို လုယက်ယူဆောင်သွားကြောင်း၊ အကြမ်းဖက်သမားများ၏ ပစ်ခတ်မှုကြောင့် အပြစ်မဲ့ပြည်သူ အမျိုးသမီး ၂ ဦးတွင် စိုးရိမ်ရဒဏ်ရာများရရှိခဲ့ကာ ဖျာပုံပြည်သူ့ဆေးရုံသို့ ပို့ဆောင်စဉ် သေဆုံးသွားခဲ့ကြောင်း သိရှိရသည်။

သို့ဖြစ်၍ တရားခံများကို အမြန်ဆုံး ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ ဧရာဝတီတိုင်းဒေသကြီးအတွင်း အကြမ်းဖက်မှုအား မလိုလားသော ပြည်သူများ၏ သတင်းပေးမှုများကြောင့် ၂၀၂၂ ခုနှစ် သြဂုတ် ၂၉ ရက် နံနက်ပိုင်းတွင် အထက်ပါဖြစ်စဉ်၌ ပါဝင်ကျူးလွန်ခဲ့သည့် Black Dragon Force Pyapon-BDFP အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များဖြစ်သော **ကောင်းစည်သူ** ကို ဖျာပုံမြို့၊ အမှတ်(၁)ရပ်ကွက်၊ သီတာလမ်းရှိ ၎င်း၏နေအိမ်တွင်လည်းကောင်း၊ **အောင်မိုးမြင့်(ခ) အေးမင်းသူ (ခ) အေးမင်း** ကို ဖျာပုံမြို့၊ အမှတ်(၁၆)ရပ်ကွက်၊ ပဒုမ္မာ(၅)လမ်းရှိ ၎င်း၏ နေအိမ်တွင် လည်းကောင်း၊ **သိန့်တြာလှိုင်** ကို ဖျာပုံမြို့၊ အမှတ်(၉)ရပ်ကွက်၊ မဟာဗန္ဓုလလမ်းရှိ ၎င်း၏နေအိမ်တွင် လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

ဆက်စပ် တရားခံများအား ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်ခဲ့ရာ သြဂုတ် ၃၁ ရက် နံနက်ပိုင်းတွင် ထွက်ပြေးတိမ်းရှောင်ရန် ဆောင်ရွက်နေသော BDFP အမည်ခံ အကြမ်းဖက်အဖွဲ့ဝင် **တီးတီး (ခ) ကိုကိုအောင်** ကို တွံတေးမြို့နယ်၊ ဘုရားငုတ္တို စစ်ဆေးရေးဂိတ်၌ ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ထွက်ဆိုချက်အရ အကြမ်းဖက်သတ်ဖြတ်မှုများအား ဦးဆောင်ပြုလုပ်နေသူ BDFP အမည်ခံ အကြမ်းဖက်အဖွဲ့ဝင် **စံလင်းစံ** ကို ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ဆင်မင်းဈေးမှတ်တိုင်အနီး၌ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ **တီးတီး (ခ)ကိုကိုအောင်**၏ ထွက်ဆိုချက်အရ စက်တင်ဘာ ၁ ရက် နံနက်ပိုင်းတွင် BDFP အကြမ်းဖက်အဖွဲ့ဝင်များဖြစ်သော **ဟိန်းသူလွင် (ခ) သာကဒိုး** ကို ဖျာပုံမြို့၊ အမှတ်(၁)ရပ်ကွက်၊ ဓနိတောဝ(၈)လမ်းရှိ ၎င်း၏နေအိမ်တွင် လည်းကောင်း၊ **ဇော်မင်းသူ(ခ)မက်စီ(ခ)မျောက်ကြီး**ကို ဖျာပုံမြို့၊ အမှတ် (၁၅) ရပ်ကွက်၊ အောင်သုခ(၂) လမ်းရှိ ၎င်း၏နေအိမ်တွင်လည်းကောင်း၊ **ကျော်သူရ** ကို ဖျာပုံမြို့၊ အမှတ်(၁) ရပ်ကွက်၊ ဓနိတောလမ်းရှိ ၎င်း၏ နေအိမ်တွင်လည်းကောင်း၊ **ကျော်ဇောဦး** ကို ဖျာပုံမြို့နယ်၊ ကျုံကူကျေးရွာ၌ SIGSAUER ပစ္စတို ၁ လက်၊ Glock ပစ္စတို ၂ လက်၊ ၉ မမကျည်အတောင့် ၁၅၀၊ ပစ္စတိုကျည်အိမ် ၂ ခု၊ ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများ၊ အကြမ်းဖက်သတ်ဖြတ်ခံခဲ့ရသည့် အပြစ်မဲ့ပြည်သူ အမျိုးသမီး ၂ ဦး၏ အမည်ပါရှိသော ကျောင်းသားကတ် ၁ ခု၊ နိုင်ငံသားစိစစ်ရေးကတ် ၁ ခု၊ ဆွဲကြိုး ၁ ကုံး၊ ဟန်းချိန်း ၁ ခု၊ လက်ပတ်နာရီ ၁ လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ **စံလင်းစံ**၏ ထွက်ဆိုချက်အရ စက်တင်ဘာ ၁ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ ရန်ကုန်-ပြည်လမ်း၊ အေးချမ်းကားမှတ်တိုင်အနီး၌ အကြမ်းဖက်မှုများအား ကျူးလွန်ပြီး လာရောက်တိမ်းရှောင်နေသော BDFP အမည်ခံ အကြမ်းဖက်အဖွဲ့ဝင် **ဝင်းမြတ်သိန်းဇော်** ကို လည်းကောင်း၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ ဆင်မင်းလမ်းနှင့် ဌဝါလမ်းထောင့်ရှိတိုက်အမှတ်(၁၀၇)၊ (၇) လွှာ၌ အကြမ်းဖက်မှုများ ကျူးလွန်ပြီး လာရောက်တိမ်းရှောင်နေသော မအူပင် PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များဖြစ်သော **စိုင်းနောင် (ခ) လက်ယာ၊ မျိုးမင်းဦး၊ ဝေဖြိုးအောင်၊ သူရဦး၊ ငြိမ်းချမ်း** တို့ကို SIGSAUER ပစ္စတို ၁ လက်၊ ၉ မမ ကျည် ၄၈ တောင့်၊ လက်ပစ်ဗုံး ၁ လုံး၊ လက်လုပ်မိုင်း ၂ လုံး တို့နှင့် အတူ ဖမ်းဆီးရမိခဲ့သည်။

ထို့ပြင် ဖမ်းဆီးရမိတရားခံ **စံလင်းစံ**၏ ထွက်ဆိုချက်အရ ယင်းနေ့ ညနေပိုင်းတွင် မှော်ဘီမြို့နယ်၊ ချောက်ကုန်းကျေးရွာ၊ ပန်းတစ်ပွင့်တောင်လမ်း၊ မြစည်းခုံကျောင်းတိုက် ရှေ့၌ BDFP အမည်ခံ အကြမ်းဖက်အဖွဲ့ဝင် **ကျော်ဆန်းဦး** နှင့် **သူရဖြိုး (ခ) ဝတုတ်**တို့ကို ဖမ်းဆီးရမိခဲ့ပြီး ထိုသို့ ဖမ်းဆီးစဉ် **သူရဖြိုး (ခ) ဝတုတ်**သည် အဖမ်းမခံဘဲ လုံခြုံရေး တပ်ဖွဲ့ဝင်များ၏ လက်နက်အား လုယူ၍ ထွက်ပြေးရန်ကြိုးစားခဲ့သဖြင့် ခြောက်လှန့်ပစ်ခတ်ဖမ်းဆီးခဲ့ရာ ယာပေါင်ဖောက်ဝင်ဒဏ်ရာဖြင့် ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဆက်လက်၍ ဖမ်းဆီးရမိတရားခံ **ဇော်မင်းသူ(ခ)မက်စီ(ခ)မျောက်ကြီး**၏ ထွက်ဆိုချက်အရ စက်တင်ဘာ ၁ ရက် မွန်းလွဲပိုင်းတွင် *စာမျက်နှာ ၉ သို့*

တရားခံများနှင့်အတူ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ။

တရားခံများနှင့်အတူ သိမ်းဆည်းရမိသည့် ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံ။

စာမျက်နှာ ၈ မှ

BDFP အမည်ခံ အကြမ်းဖက်အဖွဲ့ဝင် **ရဲဇော်ထက်(ခ)မောင်မောင်** ကို ဖျာပုံမြို့၊ အမှတ်(၁၆)ရပ်ကွက်၊ ပဒုမ္မာ(၄)လမ်းရှိ ၎င်း၏နေအိမ်တွင် ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ **ဝင်းမြတ်သိန်းဇော်**၏ ထွက်ဆိုချက်အရ စက်တင်ဘာ ၁ ရက် မွန်းလွဲပိုင်းတွင် မော်ဘီမြို့နယ်၊ နှင်းဆီမြိုင် ရပ်ကွက်၌ BDFP အမည်ခံအကြမ်းဖက်အဖွဲ့ဝင် **ထွန်းထွန်းဦး(ခ)စနေ** ကို ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် တရားခံ ကျား ၁၈ ဦး၊ မ ၁ ဦး စုစုပေါင်း ၁၉ ဦးတို့ကို ပစ္စတို ၄ လက်၊ ကျည်မျိုးစုံ ၁၉၈ တောင့်၊ ကျည်အိမ် ၂ ခု၊ လက်ပစ်ဗုံး ၁ လုံး၊ လက်လုပ်မိုင်း ၂လုံးနှင့် ဖောက်ခွဲရေးဆက်စပ် ပစ္စည်းများ၊ အကြမ်းဖက်သတ်ဖြတ်ခံခဲ့ရသည့် အပြစ်မဲ့ပြည်သူ အမျိုးသမီး ၂ ဦး၏ အမည်ပါရှိသော ကျောင်းသားကတ် ၁ ခု၊ နိုင်ငံသားစိစစ်ရေးကတ် ၁ ခု၊ ဆွဲကြိုး ၁ ကုံး၊ ဟန်းချိန်း ၁ ခု၊ လက်ပတ်နာရီ ၁ လုံးတို့နှင့် အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ တရားခံ **စံလင်းစံ**နှင့် **ဝင်းမြတ်သိန်းဇော်** တို့သည် KNLA တပ်မဟာ(၇) လှုပ်ရှားနယ်မြေအတွင်းရှိ ABSDF စခန်းတွင်လည်းကောင်း၊ တရားခံ **စိုင်းနောင်(ခ)လက်ယာ** သည် KNLA တပ်မဟာ(၇)တွင် လည်းကောင်း၊ တရားခံ **မျိုးမင်းဦး၊ ဝေဖြိုးအောင်နှင့် သူရဦး** တို့သည် သန်လျင်မြို့နယ်၊ ဧာမဏီဆည် အနီးရှိ တောအတွင်း၌ **စိုင်းနောင်(ခ)လက်ယာ** သင်ကြားပေးသည့် ရက်တိုသင်တန်းတွင် လည်းကောင်း အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေး သင်တန်းများ တက်ရောက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ ၂၀၂၁ ခုနှစ်၊ ဧရိုင်လတွင် Black Dragon Force Pyapon–BDFP အမည်ခံ အကြမ်းဖက်အဖွဲ့ကို ဖမ်းဆီးရန်ကျန် တရားခံ **ဝဏ္ဏထွန်း(ခ)ရန်နိုင်**နှင့် **စံလင်းစံ** တို့ ခေါင်းဆောင်၍ **တီးတီး (ခ) ကိုကိုအောင်၊ ဝင်းမြတ်သိန်းဇော်၊ ထွန်းထွန်းဦး၊ ကျော်ဆန်းဦး၊ သူရဖြိုး(ခ)ဝတုတ်၊ ဟိန်းသူလွင် (ခ) သာကဒိုး၊ ဇော်မင်းသူ (ခ)မက်စီ(ခ)မျောက်ကြီး၊ ကျော်ဇောဦး၊ ရဲဇော်ထက်(ခ)မောင်မောင်၊ အောင်မိုးမြင့်(ခ)အေးမင်းသူ(ခ)အေးမင်း၊ ကောင်းစည်သူ၊ ကျော်သူရ၊** ဖမ်းဆီးရန်ကျန် တရားခံ **ဝင်းထွဋ်ဝင်း**တို့ အပါအဝင် ၁၅ ဦးဖြင့် လည်းကောင်း၊ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလတွင် အရှေ့ပင် PDF အမည်ခံ အကြမ်းဖက်အဖွဲ့အား **စိုင်းနောင်(ခ) လက်ယာ**နှင့် ဖမ်းဆီးရန်ကျန် တရားခံ **ကိုလင်း(ခ)လက်ဝဲ** တို့ ခေါင်းဆောင်၍ **သူရဦး၊ မျိုးမင်းဦး၊ ငြိမ်းချမ်း၊ ဝေဖြိုးအောင်**၊ ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သော **ဖိုးခင်၊ မွေထိုင်း၊ စိုင်းထက်အောင်၊ ဦးရာကြပ်၊ ငထက်၊ ဇော်ကြီး၊ ဟိုက်စံ၊ ထက်အိမ်မှူး**တို့ အပါအဝင် ၁၄ ဦးဖြင့် လည်းကောင်း ဖွဲ့စည်းခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ Black Dragon Force Pyapon–BDFP နှင့် မအူပင် PDF အမည်ခံအကြမ်းဖက်အဖွဲ့များသည် နိုင်ငံတော်၏ အုပ်ချုပ်မှု ယန္တရားပျက်ပြားစေရန်နှင့် အပြစ်မဲ့ပြည်သူများ ထိတ်လန့်မှုဖြစ်စေရန် ရည်ရွယ်၍ အောက်ပါအတိုင်း ဖောက်ခွဲတိုက်ခိုက်မှု ၆ ကြိမ် ကျူးလွန်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်–

- ➢ ၂၀၂၁ ခုနှစ်၊ ဇွန် ၁၉ ရက်တွင် ဖျာပုံမြို့ရှိ အခွန်ဦးစီးရုံးနှင့် အမှတ်(၄) ရပ်ကွက်ရှိ ရစဖမှူး ၁ ဦး ၏ နေအိမ်တို့အား လက်လုပ်မိုင်းဖြင့် ဖောက်ခွဲခဲ့ကြောင်း။
- ➢ ၂၀၂၁ခုနှစ်၊ အောက်တိုဘာ ၁၇ ရက်တွင် ဖျာပုံမြို့၊ အမှတ်(၁၆)ရပ်ကွက်ရှိ Mytel တာဝါတိုင်စက်ခန်းအား လက်လုပ်မိုင်း ၂ လုံးဖြင့် ဖောက်ခွဲခဲ့ကြောင်း။
- ➢ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာ ၂၂ ရက်တွင် ဖျာပုံမြို့တွင်းရှိ ယာဉ်ထိန်း ရဲကင်းရုံနှင့် အမှတ်(၄) ရပ်ကွက်ရှိ မြို့နယ်စီမံအုပ်ချုပ်ရေးရုံးရှေ့တို့အား လက်လုပ်မိုင်းဖြင့် ၂ကြိမ်ဖောက်ခွဲခဲ့ကြောင်း။
- ➢ ၂၀၂၂ ခုနှစ်၊ ဧန်နဝါရီ ၁၁ ရက်တွင် ဖျာပုံမြို့၊ အမှတ်(၁၆)ရပ်ကွက်ရှိ ရပ်ကွက်စီမံအုပ်ချုပ်ရေး ရုံးအား လက်လုပ်မိုင်းဖြင့် ဖောက်ခွဲခဲ့ကြောင်း။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ Black Dragon Force Pyapon– BDFP နှင့် မအူပင် PDF အမည်ခံအကြမ်းဖက်အဖွဲ့ဝင်များမှ အပြစ်မဲ့ပြည်သူများကို လုပ်ကြံသတ်ဖြတ်ခဲ့မှု ၆ ကြိမ် ကျူးလွန်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်–

- ➢ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာ ၄ ရက်တွင် ဖျာပုံမြို့၊ အမှတ်(၁၅)ရပ်ကွက်၊ (၈)လမ်းတွင် အပြစ်မဲ့ပြည်သူအမျိုးသား ၁ ဦးကို ဒလန်ဟုစွပ်စွဲ၍ ပစ္စတိုဖြင့် လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း။
- ➢ ၂၀၂၁ ခုနှစ်၊အောက်တိုဘာ ၂၆ ရက်တွင် မအူပင်မြို့၊ အမှတ် (၁၀) ရပ်ကွက်၊ အောင်မြေသာစည်လမ်းနေ အပြစ်မဲ့ပြည်သူအမျိုးသား ၁ ဦးကို ဒလန်ဟုစွပ်စွဲ၍ ပစ္စတိုဖြင့်လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း။
- ➢ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်တွင် မအူပင်မြို့နယ်၊ မလက်တိုရဲစခန်းမှ ရဲတပ်ဖွဲ့ဝင် ၁ ဦးကို ပစ္စတိုဖြင့် လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း။
- ➢ ၂၀၂၂ ခုနှစ်၊ ဧပြီ ၂၄ ရက်တွင် ဖျာပုံခရိုင်၊ ဘိုကလေးမြို့နယ်၊ ကျုံကျိုက်ကျေးရွာရှိ ရစဖမှူးနှင့် ဧနီးတို့ကို ပစ္စတိုဖြင့် လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း။
- ➢ ၂၀၂၂ ခုနှစ်၊ မေ ၂၉ ရက်တွင် မအူပင်မြို့နယ်၊ ခွာလေးကျွန်းကျေးရွာနေ အပြစ်မဲ့ပြည်သူ အမျိုးသား ၁ ဦးကို ဒလန်ဟုစွပ်စွဲ၍ ပစ္စတိုဖြင့် လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း။
- ➢ ၂၀၂၂ ခုနှစ်၊ သြဂုတ် ၂၃ ရက်တွင် ဖျာပုံမြို့နယ်၊ ချောင်းတွင်းကျေးရွာအနီး KM စားသောက်ဆိုင်တွင် အပြစ်မဲ့ပြည်သူ အမျိုးသမီး ၂ ဦးကို ဒလန်ဟုစွပ်စွဲ၍ ပစ္စတိုဖြင့် လုပ်ကြံသတ်ဖြတ်ခဲ့ပြီး ရွှေထည်ပစ္စည်းများကို လုယက်ယူဆောင်ခဲ့ကြောင်း။

ဖမ်းဆီးရမိ တရားခံများအား ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အကြမ်းဖက်မှု ဆောင်ရွက်နေသူများကို ပြည်သူတစ်ရပ်လုံးက ပူးပေါင်းတိုက်ဖျက်ကြရန်နှင့် ပြစ်မှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူများ၊ နောက်ကွယ်မှ ထောက်ပံ့ပေးလျက်ရှိသော ဆက်စပ်တရားခံများကို အမြန်ဆုံး ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများ ရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများ အမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေးသတင်းထုတ်ပြန်ထားကြောင်း သိရသည်။

သတင်းစဉ်

၂၆-၁၀-၂၀၂၁ ရက်တွင် မအူပင်မြို့ အမှတ်(၁၀) ရပ်ကွက် အောင်မြေသာစည် လမ်းနေ အပြစ်မဲ့ပြည်သူတစ်ဦး လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရသည့် မှတ်တမ်းဓာတ်ပုံ။

ဦးစိန်ကုလား (၆၂ နှစ်) (သေဆုံး)

ရဲဒုတက စောကြည်လွင်ဦး (သေဆုံး)

ဦးနိုင်ဦး(၄၅)နှစ်(သေဆုံး)

ဦးလူမင်း(ခ) ဘိုဌေး (၅၅)နှစ် (သေဆုံး)

မနှင်းဝေခိုင်(၂၈)နှစ်(သေဆုံး)

နိုးနိုးဝေ(၂၄)နှစ်(သေဆုံး)

ရစဖမှူး ဦးအေးကို (၅၂)နှစ် (သေဆုံး)

ဒေါ်အေးမွန်သင်း (၃၀)နှစ် (သေဆုံး)

ကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူများ၊ နောက်ကွယ်မှ ထောက်ပံ့ပေးလျက်ရှိသော ဆက်စပ်တရားခံများကို အမြန်ဆုံး ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများ ရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့်

၁၉-၆-၂၀၂၁ ရက်တွင် ဖျာပုံမြို့ အမှတ်(၄)ရပ်ကွက်ရှိ ရစဖမှူးနေအိမ်၌ လက်လုပ်မိုင်း ပေါက်ကွဲခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

၁၉-၆-၂၀၂၁ ရက်တွင် ဖျာပုံမြို့ရှိ အခွန်ဦးစီးဌာနရုံးဝင်းအတွင်း လက်လုပ်မိုင်းပေါက်ကွဲခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

၂၂-၁၁-၂၀၂၁ ရက်တွင် ဖျာပုံမြို့ရှိ ယာဉ်ထိန်းရဲကင်းရုံ၌ လက်လုပ်မိုင်း ပေါက်ကွဲခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

၂၂-၁၁-၂၀၂၁ ရက်တွင် ဖျာပုံမြို့ရှိ မြို့နယ်စီမံအုပ်ချုပ်ရေးရုံးရှေ့၌ လက်လုပ်မိုင်းပေါက်ကွဲခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

၁၇-၁၀-၂၀၂၁ ရက်တွင် ဖျာပုံမြို့ အမှတ်(၁၆)ရပ်ကွက်ရှိ Mytel တာဝါတိုင်စက်ခန်းအတွင်း လက်လုပ်မိုင်းပေါက်ကွဲမှုဖြစ်ပွားခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

၁၁-၁-၂၀၂၂ ရက်တွင် ဖျာပုံမြို့ အမှတ်(၁၆)ရပ်ကွက်ရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့၌ လက်လုပ်မိုင်းပေါက်ကွဲမှုဖြစ်ပွားခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

ဝါးအခြေခံစက်မှုလုပ်ငန်းနှင့် ဝါးအချောထည်ထုတ်ကုန်ပစ္စည်းများ ဖွံ့ဖြိုးတိုးတက်ရေးဆီသို့

အယ်မိုးအေး(သစ်/သု)

လူတို့၏ လူမှုဘဝအတွက် ဝါးသည်အမျိုးမျိုး အသုံးပြုနိုင်သည့် အရေးပါသော သစ်တော သယံဇာတတစ်မျိုး ဖြစ်သည်။ ဝါးရုံ တစ်ရုံ၏ သက်တမ်းမှာ မြေအောက်ပင်စည်အဖွဲ့အစည်းပေါ်တွင်သာ တည်မီပြီး မြေပေါ်ပင်စည် (ဝါးပင်) ၏ သက်တမ်းမှာ ထွက်ရှိလာသည့် နှစ်အပိုင်းအခြားပေါ်တွင်မူတည်သည်။ ဝါးရုံ တစ်ရုံတွင် သက်တမ်းမတူသည့် ဝါးပင်များ (ဝါးနု၊ တည်၊ ဝါးရင့်) ဖြင့် ဖွဲ့စည်းတည်ဆောက်ထားပြီး နှစ်စဉ်ထွက်ရှိသည့် ဝါးနုများ (မျှစ်)သည် လူသားများအတွက် စားနပ်ရိက္ခာကို အထောက်အပံ့ပေးနိုင်ခြင်း၊ တစ်နှစ်သား ဝါးများ(တည်င်)မှနှီးဖြာ၍ ဝါးနီးဖြင့် ရက်လုပ်ရသော လူ့အသုံးအဆောင်ပစ္စည်းများကို ထုတ်လုပ်နိုင်ခြင်း၊ ထိုမှသက်တမ်းရင့်လာပြီး သုံးနှစ်နှင့် အထက် သက်တမ်းရှိသည့် ဝါးများ၏ ဖွဲ့စည်းတည်ဆောက်မှုသည် ရှုပဂုဏ်သတ္တိ ရင့်သန်လာသဖြင့် အိမ်ရာ အဆောက်အအုံများဆောက်လုပ်ရာတွင် အသုံးပြုနိုင်ခြင်းကြောင့် ဝါး၏အသုံးဝင်ပုံကို "မောင်ငယ်ရင်သွေး ဟင်းစားပေး၍၊ အစ်ကိုလတ်ကား နီးနွယ်တတ်ကာ၊ အစ်ကိုကြီးက အိမ်ရာပေး၏" ဟူ၍ ဝါး၏အသုံးဝင်ပုံကို ရှေးမြန်မာ့လူကြီးသူမများက တင်စားခဲ့ကြပါသည်။

ဝါး၏အသုံးဝင်ပုံမှာ ထိုမျှသာမက ဝါးရုံ၏ ကျစ်လျစ်သိပ်သည်းပြီး ကွန်ရက်သဖွယ် ယှက်နွယ်နေသည့် မြေအောက်အမြစ်အဖွဲ့အစည်း၏ ဂုဏ်သတ္တိကြောင့် မြေဆီလွှာနှင့် ရေတိုက်စားမှုကို ကာကွယ်ပေးနိုင်ခြင်း၊ ဝါးပင်များသည် ကမ္ဘာကြီး ပူနွေးမှုနှင့် ရာသီဥတုပြောင်းလဲမှုကိုဖြစ်စေသည့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကို သစ်ပင်များထက် ပိုမိုစုပ်ယူပေးထားနိုင်ခြင်း၊ နှစ်စဉ်ဇီဝဒြပ်ထုဝါးရွက်ကြွေများသည် အလွယ်တကူဆွေးမြည့်နိုင်ပြီး မြေဆီလွှာအာဟာရကို ဖြည့်တင်းပေးခြင်း စသည့် ဂုဏ်သတ္တိများရှိခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းလုပ်ငန်းများတွင်လည်း အသုံးဝင်သည်။

သစ်အစားထိုးနိုင်သည့် ရွှေစိမ်း

ယခုအခါ ဖွံ့ဖြိုးတိုးတက်လာသည့်နည်းပညာနှင့် ခေတ်မီစက်ကိရိယာများ၏ ပေါင်းစပ်တီထွင်လာမှုနှင့်အတူ တန်ဖိုးမြင့်ဝါးထုတ်ကုန်ပစ္စည်းများ ဖြစ်သည့် ဝါးပါကေး၊ ဝါးကြမ်းခင်းပြား၊ ဝါး အထပ်သား၊ ဝါးဖျာဘုတ်ပြား၊ Bamboo particle Board၊ Bamboo Lumber များ စသည်တို့ကို ထုတ်လုပ်သုံးစွဲလာနိုင်ခြင်းကြောင့် သစ်၏နေရာတွင် အစားထိုးအသုံးပြုနိုင်လာသည့် အလားအလာရှိသော ပြန်လည်ပြည့်ဖြိုးမြဲ သဘာဝသယံဇာတ တစ်မျိုးလည်းဖြစ်လာသဖြင့် ဝါးကို "ရွှေစိမ်း" ဟူ၍ တင်စားခေါ်ဝေါ်လာခဲ့ကြပါသည်။

မြန်မာနိုင်ငံ၏ ဝါးသယံဇာတအရင်းအမြစ်များ

ဝါးသယံဇာတပေါက်ရောက်မှုကို လေ့လာကြည့်ပါက ကမ္ဘာပေါ်၌ ဝါးမျိုးစု ၇၅ မျိုးနှင့် ဝါးမျိုးစိတ် ၁၂၅၀ ခန့်ရှိပြီး မြန်မာနိုင်ငံ၌ ဝါးမျိုးစု ၂၁ မျိုးနှင့် ဝါးမျိုးစိတ် ၁၀၂ မျိုး ရှိသဖြင့် ကမ္ဘာ့ဝါးမျိုးစိတ်အရေအတွက်၏ ၈ ရာခိုင်နှုန်းခန့်သည် နိုင်ငံအဝန်းပျံ့နှံ့ပေါက်ရောက်လျက်ရှိသည်။ အပြည်ပြည်ဆိုင်ရာ ဝါးနှင့်ကြိမ်အဖွဲ့အစည်း (International Bamboo and Rattan Organization–INBAR) ၏ စံသတ်မှတ်ချက်များဖြစ်သည့် ကျယ်ပြန့်စွာပျံ့နှံ့ပေါက်ရောက်မှု၊ မျိုးပွားခြင်းနှင့် စိုက်ပျိုးရန် နည်းလမ်းရှိမှု၊ ဘက်စုံအသုံးချနိုင်မှု၊ ဈေးကွက်ဝင်မှုစသည့် စံသတ်မှတ်ချက်များအရ မြန်မာနိုင်ငံ၏ ဝါးမျိုး ၁၀၂ မျိုးအနက် ဖော်ပြပါဝါးမျိုးစိတ် ၁၈ မျိုးကို စီးပွားရေးအသုံးဝင် ဝါးမျိုးစိတ်များအဖြစ် မှတ်တမ်းတင်ထားသည်ကို လေ့လာတွေ့ရှိရပါသည်–



ဝါးတစ်ပင်လုံး အလေအလွင့်မရှိ အသုံးချနိုင်မှုကို ရှင်းပြထားသည့် သရုပ်ဖော်ပုံ။

> **" ဖွံ့ဖြိုးတိုးတက်လာသည့်နည်းပညာနှင့် ခေတ်မီစက်ကိရိယာများ၏ ပေါင်းစပ်တီထွင်လာမှုနှင့်အတူ တန်ဖိုးမြင့်ဝါးထုတ်ကုန်ပစ္စည်းများ ဖြစ်သည့် ဝါးပါကေး၊ ဝါးကြမ်းခင်းပြား၊ ဝါးအထပ်သား၊ ဝါးဖျာဘုတ်ပြား၊ Bamboo particle Board၊ Bamboo Lumber များ စသည်တို့ကို ထုတ်လုပ်သုံးစွဲလာနိုင်ခြင်းကြောင့် သစ်၏နေရာတွင် အစားထိုးအသုံးပြုနိုင်လာသည့် အလားအလာရှိသော ပြန်လည်ပြည့်ဖြိုးမြဲ သဘာဝသယံဇာတတစ်မျိုးလည်းဖြစ်လာသဖြင့် ဝါးကို "ရွှေစိမ်း" ဟူ၍ တင်စားခေါ်ဝေါ်လာခဲ့ကြပါသည် "**

မြန်မာနိုင်ငံ၏ သဘာဝတောများရှိ ဝါးပေါက်ရောက်သည့် ဧရိယာ

သဘာဝတောများတွင် ဝါးပေါက်ရောက်နိုင်သည့် ဧရိယာဧက ၆၉၆၃၄၄၇၅ ခန့်ရှိပြီး (Forest Resources Assessment–FRA 2005)၊ ပဲခူးရိုးမ ဒေသ၊ ရခိုင်ရိုးမနှင့် တနင်္သာရီဒေသများကို အဓိကစီးပွားဖြစ် ဝါးထုတ်ယူနိုင်သောဒေသများအဖြစ် သစ်တောဦးစီးဌာနက သတ်မှတ်ထားရှိကာ ဧရိယာအားဖြင့် ၄၄၀၇၈၄၈ ဧက ရှိသည့်အတွက် ဝါးထုတ်ယူနိုင်သည့် ဧရိယာမှာ ဝါးပေါက်ရောက်သည့် ဧရိယာစုစုပေါင်း၏ ၆ ဒသမ ၄ ရာခိုင်နှုန်းသာ ဝါးထုတ်ယူနိုင်သည်ကို တွေ့ရှိရသည်။

နိုင်ငံအတွင်း ဒေသသုံး၊ အိမ်တွင်းလက်မှုလုပ်ငန်းသုံးနှင့် စက်မှုလုပ်ငန်းသုံးများအတွက် လိုအပ်သော ဝါးကုန်ကြမ်းများကို သဘာဝတောများမှ ထုတ်လုပ်လျက်ရှိရာ ၂၀၁၁–၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ်အထိ ၁၃ နှစ်တာကာလ အတွင်း တိုင်းဒေသကြီး /ပြည်နယ်များအတွင်း ဘဏ္ဍာနှစ်အလိုက် နှစ်စဉ်ပျမ်းမျှ ဝါးအလုံးရေ ၁၄၇ သန်း ထုတ်လုပ်ရန် လျာထားခဲ့ပြီး နှစ်စဉ်ပျမ်းမျှ ဝါးအလုံးရေ ၁၂၇ သန်း ထုတ်လုပ်နိုင်ခဲ့သည်။

ဝါးအခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ဝါးစိုက်ခင်းများ တည်ထောင်ရန်လို

၂၀၂၂ ခုနှစ် သြဂုတ် ၁၇ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာစက်မှုဇုန်ရှိ United Wood Industries Co., Ltd. စက်ရုံ၌ ကျင်းပသည့် ကြိမ်၊ ဝါးအချောထည်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအစည်းအဝေးတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံကြိမ်နှင့် ဝါးလုပ်ငန်းရှင်များ၊ ဝါးစိုက်ပျိုးမည့် ဒေသခံပြည်သူ အစုအဖွဲ့ပိုင် အသုံးပြုသူများအဖွဲ့များ၊ ဆက်စပ်ဌာနမှပညာရှင်များနှင့် တွေ့ဆုံဆွေးနွေးသည်။ ဆွေးနွေးပွဲတွင် ဝါးအခြေခံစက်မှုထုတ်ကုန်များထုတ်လုပ်မည့် စက်ရုံအတွက် လိုအပ်သော ဝါးကုန်ကြမ်းများ စဉ်ဆက်မပြတ်ရရှိရန် စက်ရုံတစ်ရုံအတွက် အနည်းဆုံးဝါးစိုက်ခင်း ဧက ၁၀၀၀ တည်ထောင်နိုင်မှသာ အဆင်ပြေနိုင်မည်ဖြစ်ကြောင်းနှင့် စိုက်ပျိုးမည့် ဝါးအမျိုးအစားအတွက် လုပ်ငန်းရှင်များဘက်မှ ဝါးစိုက်မည့်အစုအဖွဲ့များသို့ ဝါးမျိုးပင် ထောက်ပံ့ပေးနိုင်ရန် စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း လမ်းညွှန်သည်။

ထို့ကြောင့် နိုင်ငံ၏ ဝါးအခြေခံစက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန် အရည်အသွေးမီ ဝါးကုန်ကြမ်းများ စဉ်ဆက်မပြတ်ရရှိရန် သဘာဝတောများမှ ထုတ်လုပ်ခြင်းအပြင် ဝါးစိုက်ခင်းများ တည်ထောင်ပြီး စနစ်တကျ ထုတ်ယူသုံးစွဲရန် လိုအပ်လျက်ရှိလာခြင်းကြောင့် သစ်တောဦးစီးဌာနအနေဖြင့် နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ်များရှိ ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တောများ၌ ပုဂ္ဂလိက ဝါးစိုက်ခင်းများ တည်ထောင်ခြင်းကို ၂၀၁၇ ခုနှစ် နောက်ပိုင်းတွင် ခွင့်ပြုပေးလျက်ရှိကြောင်း၊ ပုဂ္ဂလိက ဝါးစိုက်ခင်း တည်ထောင်ခွင့်အတွက် လုပ်ငန်းစဉ်အဆင့်ဆင့်၊ လုပ်ထုံးလုပ်နည်းများချမှတ်ပြီး စိစစ်ခွင့်ပြုပေးလျက်ရှိရာ ၂၀၂၂ ခုနှစ် ဇူလိုင်လအထိ ပြည်နယ်/တိုင်းဒေသကြီး ခုနစ်ခု၌ လုပ်ငန်းရှင် ၁၃၆ ဦးနှင့် ခွင့်ပြုပြီး ၆၀၈၁ ဒသမ ၅ ဧက၊ စိုက်ပျိုးပြီး ၄၁၉၁ ဒသမ ၅ ဧက၊ စိုက်ပျိုးရန်ကျန်ရှိ ဧက ၁၂၄၀ နှင့် စာချုပ်ချုပ်ဆိုပြီး ၃၁၂၈ ဒသမ ၅ ဧကကို ပုဂ္ဂလိကဝါးစိုက်ခင်းများအဖြစ် တည်ထောင်ခွင့်ပြုခဲ့သည်။

စာမျက်နှာ ၁၁ သို့

စဉ်	မြန်မာအမည်	သိပ္ပံအမည်
၁။	ကြခတ်ဝါး	Bambusa bambos (L) Voss
၂။	တပင်တိုင်ဝါး	Bambusa longispiculata Gamble ex Brandis
၃။	ကြသောင်းဝါး	Bambusa polymorpha Munro
၄။	သိုက်ဝါး	Bambusa tulda Roxb.
၅။	ဝါးနက်	Bambusa vulgaris Schrad. Ex J.C.Wendl
၆။	တင်းဝါး	Cephalostachys pergracile Munro.
၇။	ကလွေဝါး	Dendrocalamus asper (Schult. & Schult.f.) Backer ex K. Heyne
၈။	ကြလိုဝါး	Dendrocalamus brandisii Kurz.
၉။	ဝါးကြီး	Dendrocalamus calostachys Kurz.
၁၀။	ဝါးပိုး	Dendrocalamus giganteus Munro.
၁၁။	ဝါးပိုးမျက်ဆန်ကျယ်	Dendrocalamus hamiltonii Nees
၁၂။	ဝါးနီ	Dendrocalamus latiflorus Munro
၁၃။	မြင်ဝါး	Dendrocalamus strictus Nees.
၁၄။	ဝါးနွယ်	Dinochloa m'clellandi (Munro) Kurz
၁၅။	ဝါးယား	Oxtenthera nigrociliata Munro.
၁၆။	ကရင်ဝါး/ခရင်ဝါး	Melocanna baccifera (Roxb.) Kurz
၁၇။	သနပ်ဝါး	Thyrsostachys oliveri Gamble.
၁၈။	ထီးရိုးဝါး	Thyrsostachys siamensis Gamble.

သီပေါမြို့ သီတဂူစက္ခုဒါနဆေးရုံ၌ ခွဲစိတ်ကုသမှုများ ဆောင်ရွက်မည်

သီပေါ စက်တင်ဘာ ၃

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့ မဟာမြတ်မုနိဘုရားကြီးကျောင်းတိုက်နှင့် သီတဂူ(သီပေါ)စက္ခုဒါနဆေးရုံကြီး၊ ပဓာနနာယက ဆရာတော်၏ ကြီးကြပ်မှုဖြင့် (၄၉)ကြိမ်မြောက် အခမဲ့မျက်စိစမ်းသပ်ခွဲစိတ်မှုလုပ်ငန်းများကို စက်တင်ဘာ ၁၄ ရက်တွင်စတင် ဆောင်ရွက်မည်ဖြစ်ကြောင်း သီတဂူစက္ခုဒါနဆေးရုံတာဝန်ခံ ဆရာတော်က မိန့်ကြားသည်။

စက်တင်ဘာ ၁၄ ရက်တွင် မျက်စိရောဂါစတင်စစ်ဆေးပြီး စက်တင်ဘာ ၁၅၊ ၁၆၊ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ခွဲစိတ်ကုသပေးမည်ဖြစ်သည်။ မျက်စိဝေဒနာရှင်များ အနေဖြင့် စက်တင်ဘာ ၁၄ ရက်တွင် သီတဂူစက္ခုဒါနဆေးရုံကြီးသို့ အရောက်လာကြရန်နှင့် စာရင်းများလည်း ကြိုတင်ပေးသွင်းနိုင်ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

စာမျက်နှာ ၁၀ မှ

ဝါးအခြေခံစက်မှုလုပ်ငန်းအတွက် ဝါးမျိုးစိတ်များ ရွေးချယ်စိုက်ပျိုးခြင်း

ဝါးအခြေခံစက်မှုလုပ်ငန်းများအတွက် အသုံးပြုမည့် ဝါးမျိုးစိတ်များကို ရွေးချယ်စိုက်ပျိုးရန် လိုအပ်ပါသည်။ ဝါးအခြေခံစက်မှုထုတ်ကုန်များဖြစ်သည့် ဝါးပါကေး၊ ဝါးကြမ်းခင်းပြား၊ Bamboo Lumber များထုတ်လုပ်ရာတွင် အသုံးပြုမည့် ဝါးမျိုးသည် ရင်းဖျားအသားညီသည့် ဝါးမျိုးဖြစ်ရန် လိုအပ်သည့်အတွက် ဝါးကြီးမျိုးဖြစ်သည့် ကလွေဝါး၊ ဝါးပိုး၊ ကြလိုဝါး၊ ဝါးနီ၊ ဝါးပိုးမျက်ဆန်ကျယ် စသည့်ဝါးမျိုးများကို စိုက်ပျိုးရန်နှင့် စိုက်ပျိုးရာတွင်လည်း ဒေသနှင့်ကိုက်ညီပြီး စက်ရုံအတွက် အမှန်တကယ် လိုအပ်မည့် ဝါးမျိုးကို ရွေးချယ်စိုက်ပျိုးသင့်ပါသည်။

မျှစ်အခြေခံထုတ်ကုန်ပစ္စည်းထုတ်လုပ်ရန် ဝါးမျိုးရွေးချယ်စိုက်ပျိုးခြင်း

မျှစ်ထုတ်လုပ်သည့် ဝါးစိုက်ခင်းများ တည်ထောင်မည်ဆိုပါကလည်း ကမ္ဘာ့မျှစ်စျေးကွက်ဝင် ဝါးမျိုးများဖြစ်သည့် ဝါးနီ၊ ကလွေဝါး စသည့် မြန်မာမူရင်း ဝါးမျိုးများကို ရွေးချယ်စိုက်ပျိုးသင့်ပါသည်။ ယခုအခါ ပြည်တွင်းမျှစ်စျေးကွက်အတွက် ပုဂ္ဂလိက ဝါးစိုက်ခင်းများတွင် ကင်စွန်းဝါး၊ မျှစ်ချိုဝါးမျိုးများကို ထိုင်းနိုင်ငံမှ တင်သွင်းစိုက်ပျိုးလာကြသည်ကို တွေ့ရှိရသည်။

ဝါးပျိုးထောင်စိုက်ပျိုးနည်း

ဝါးစိုက်ခင်းများ တည်ထောင်ရန် ဦးစွာဝါးပျိုးပင်ရှိရန်လိုအပ်ပါသည်။ အပင်အများစုကို စိုက်ခင်းတည်ထောင်လိုပါက မျိုးစေ့ကိုစုဆောင်း၍ ပျိုးပင်များအဖြစ် ပျိုးထောင်ကြရပါသည်။ သို့သော် ဝါးပင်၏ သဘောသဘာဝအရ ဝါးအမျိုးအစားနှင့် ဒေသကိုလိုက်၍ နှစ် ၂၀-၆၀ ခန့်ကြာမှ ဝါးပွင့်/သီးခြင်း (ဝါးသုဉ်းခြင်း) ဖြစ်ပေါ်လေ့ရှိသဖြင့် နှစ်အပိုင်းအခြားတစ်ခုရောက်မှသာ ဝါးမျိုးစေ့ရရှိနိုင်သည့်အတွက် အချိန်တိုင်း (သို့မဟုတ်) နှစ်စဉ် ဝါးစေ့ကို စုဆောင်းပြီး ဝါးပျိုးပင်အဖြစ် ပျိုးထောင်ရန် မလွယ်ကူလှပေ။ သို့ဖြစ်၍ ဝါးများကိုမျိုးပွားရာတွင် ပင်ပိုင်း/ခန္ဓာပိုင်းမျိုးပွားနည်းကို အဓိကအသုံးချ ပျိုးထောင်လေ့ရှိပါသည်။ လက်တွေ့ကျသော ဝါးပျိုးထောင်မှုနည်း (၄) နည်းရှိပါသည်။

ၛင်းတို့မှာ (က) ဝါးဘေးကိုင်းတက် အသုံးပြု မျိုးပွားခြင်းနည်း၊
(ခ) ဝါးအဆစ်ဖြတ်ပိုင်းများ အသုံးချမျိုးပွားနည်း၊
(ဂ) ပင်ပွားခွဲ၍မျိုးပွားနည်းနှင့်
(ဃ) တစ်နှစ်သား ဝါးအမြစ်ဆုံကို အသုံးပြုမျိုးပွားနည်းများ ဖြစ်ပါသည်။

မျိုးပွားနည်း (က၊ ခ၊ ဂ) နည်းတို့ဖြင့် မျိုးပွားပျိုးထောင်သည့် ဝါးပျိုးပင်ဖြင့် ဝါးစိုက်ခင်းတည်ထောင်မည်ဆိုပါက တည်ထောင်ပြီး ၅-၇ နှစ်အတွင်း စီးပွားဖြစ်ဝါးထုတ်ယူနိုင်မည်။ မျိုးပွားနည်း (ဃ) နည်းဖြင့် ပျိုးထောင်သည့် ဝါးပျိုးပင်ဖြင့် စိုက်ပျိုးပါက ၃-၅ နှစ်အတွင်း စီးပွားဖြစ်ဝါးထုတ်ယူနိုင်မည် ဖြစ်ပါသည်။ ဝါးများကို ပင်ပိုင်းမျိုးပွားရာတွင် မျိုးပွားယူချိန်သည် **"ၛက်ပျောကဆုန်၊ ဝါးနယုန်"** ဆိုသည့်အတိုင်း မေလနှင့်ဇွန်လ

အောင်မြင်ဖြစ်ထွန်းနေသည့် ဝါးပိုးဝါးစိုက်ခင်း။

များတွင် မျိုးပွားပျိုးထောင်ရသည်။ သို့မှသာ ဝါးစိုက်ခင်းတည်ထောင်ရန်အတွက် ရှင်သန်မှုကောင်းမွန်သည့် ဝါးပျိုးပင်များ ရရှိနိုင်မည်ဖြစ်သည်။

စနစ်ကျသောဝါးခုတ်ယူခြင်း

သဘာဝဝါးတောမှဖြစ်စေ၊ ဝါးစိုက်ခင်းမှဖြစ်စေ ဝါးများထုတ်ယူရာတွင် စနစ်တကျခုတ်ယူသင့်ပါသည်။ စနစ်မကျသော ဝါးခုတ်ယူမှုသည် သဘာဝဝါးတောနှင့် ဝါးစိုက်ခင်းများ၏ ရှိသင့်သည့် အရည်အသွေးကို ကျဆင်းစေတတ်သည်။ မြန်မာနိုင်ငံရှိ ဝါးမျိုးအများစုသည် အရုံလိုက်ပေါက်သည့် ဝါးမျိုးများဖြစ်ကြပြီး ဝါးနုနှင့်တည်ဝါးများသည် ဝါးရုံ၏အပြင်ဘက်အဝန်းတွင် ရှိသဖြင့် ဝါးရုံအတွင်းပိုင်းရှိ ဝါးရင့်များခုတ်ယူရာတွင် အပြင်ဘက်အဝန်းရှိ ဝါးနုနှင့်တည်ဝါးများ ပျက်စီးဆုံးရှုံးမှု မရှိစေရန် ဂရုပြုထုတ်ယူရမည်ဖြစ်ပါသည်။ အဘယ်ကြောင့် ဆိုသော် ဝါးနု (၁ နှစ်သား ဝါး) ကသာလျှင် မျှစ်ထုတ်ပေးနိုင်သောကြောင့် ဖြစ်ပါသည်။ ဝါးနုများ ဆုံးရှုံးမှုများလာလေလေ နောင်တွင် မျှစ်ထွက်နှုန်းနည်းလေဖြစ်လာပြီး ဝါးသယံဇာတရှားပါးလာခြင်း၊ အရည်အသွေးမီဝါးများ ထွက်ရှိမှု နည်းလာခြင်း စသည့်ပြဿနာများ ကြုံတွေ့လာနိုင်ပါသည်။ ဝါးသယံဇာတများ ရေရှည်တည်တံ့ပြီး အရည်အသွေးမီဝါးများ စဉ်ဆက်မပြတ် ထုတ်ယူနိုင်ရန် စနစ်ကျသောဝါးခုတ်ယူမှုကို ဆောင်ရွက်သင့်ပါသည်။ ဝါးခုတ်ယူရာတွင် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်-

- သုံးနှစ်နှင့်အထက်ကျော်လွန်သော ဝါးများကိုသာ ခုတ်လှဲထုတ်လုပ်ရမည်၊
- ဝါးတစ်ရုံတွင် နှစ်နှစ်နှင့်အောက်ဝါးများကို အသုံးပြုမည့် အရေအတွက်အား သတ်မှတ်ပြီး ၃ ပုံ ၁ ပုံကိုသာ ခုတ်ယူသုံးစွဲပြီး၊ ကျန် ၂ ပုံကို နောင်မျိုးဆက်အတွက် မဖြစ်မနေ ထိန်းသိမ်းထားရန်နှင့် ဝါးရင့်အရေအတွက် ၏ ၄ ပုံ ၃ ပုံကို ခုတ်ယူသုံးစွဲပြီး ကျန် ၁ ပုံကို ဝါးရုံသန်စွမ်းမှုအတွက် ချန်လှပ်ထိန်းသိမ်းထားရမည်၊
- ဝါးရုံများအားအရုံလိုက်အပြောင်ခုတ်လှဲခြင်း မပြုရ၊
- ဝါးသီးပွင့်ခြင်း(ဝါးသုဉ်းခြင်း) ဖြစ်ပေါ်ခဲ့ပါက ဝါးရုံများကို အပြောင်ခုတ်လှဲပြီး အကျိုးရှိစွာ ထုတ်ယူသုံးစွဲနိုင်ရန် စီမံရမည်၊
- ဝါးခုတ်ယူရာတွင် မျှစ်စို့ထွက်သည့် ဆန့်ကျင်ဘက်အရပ်မှ စတင်ခုတ်ပါ၊
- အလွန်ကျပ်ညပ်နေသော ဝါးရုံများကို ပင်ကျပ်နုတ်ပေး၍ ဖယ်ရှားပေးရပါမည်။ ပင်ကျပ် နုတ်ရာတွင် နှစ်ချင်းပေါက်ဝါးများကို ချန်လှပ်ထားရန် လိုအပ်ပါသည်။ သို့သော် ပိုးမွှားရောဂါ ကျရောက်နေသော နှစ်ချင်းပေါက်ဝါးပင်များကို ရှင်းလင်းဖယ်ရှားသင့်သည်။
- ဝါးရင့်များ ထုတ်ယူသည့်အခါ မြေမျက်နှာပြင်အပေါ် ဝါးတစ်ဆစ်သာချန်၍ ခုတ်ယူရပါမည်၊
- မုတ်သုံမိုးကျပြီး ဇွန်၊ ဇူလိုင်လ မျှစ်ထွက်ချိန်နှင့် ဝါးပင်ကြီးထွားရာသီ ဇွန်လမှ အောက်တိုဘာလ ကြားကာလအတွင်း ဝါးခုတ်ယူမှု မပြုသင့်ပေ။
- **"တန်ဆောင်မုန်းဝါး၊ ပိုးမစား"** ဆိုသည့် အတိုင်း ကြီးထွားရာသီကုန်ပြီးနောက် နိုဝင်ဘာလမှစ၍ မေလအထိ ဝါးထုတ်ယူပါက ဝါးတွင်းအချိုဓာတ်ကျဆင်းချိန်ဖြစ်၍ အသုံးပြုရာတွင်လည်း တာရှည်ခံနိုင်မည်ဖြစ်သည်။
- ဝါးတောဧရိယာအတွင်း စားကျက်ချခြင်း အား လုံးဝတားမြစ်ရမည်။

ဝါးအချောထည်ထုတ်ကုန်ပစ္စည်း ပိုမိုထုတ်လုပ်ရန်လို

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် တတိယဝါးသယံဇာတ ပေါများသည့် နိုင်ငံတစ်နိုင်ငံဖြစ်သော်လည်း ဝါးထုတ်ကုန်ပစ္စည်း နိုင်ငံခြားသို့ တင်ပို့မှုသည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ၈ နှစ်တာကာလအတွင်း ဝါးထုတ်ကုန်ပစ္စည်း ပြည်ပသို့ တင်ပို့ရန် သစ်တောထောက်ခံချက် ခွင့်ပြုပေးခဲ့မှုစာရင်းအရ ဝါးကုန်ကြမ်းဖြစ်သော ဝါးလုံး ၃ ဒသမ ၅ သန်း၊ ဝါးခြမ်း ၆၃ ဒသမ ၂ သန်းနှင့် ဝါးကုန်ချောထည်ပစ္စည်းမျိုးစုံ စုစုပေါင်း ၀ ဒသမ ၉ သန်း တင်ပို့နိုင်သဖြင့် ဝါးကုန်ကြမ်း တင်ပို့မှုသည်များနေပြီး ဝါးအချောထည်ကုန်ပစ္စည်းတင်ပို့နိုင်မှုသည် ဝါးထုတ်ကုန်ပစ္စည်းအမျိုးမျိုး တင်ပို့မှုစာရင်း စုစုပေါင်း၏ ၁ ဒသမ ၃၄ ရာခိုင်နှုန်းခန့်သာ ရှိပါသည်။ ထို့ကြောင့် ဝါးထုတ်ကုန်ပစ္စည်းများ နိုင်ငံခြားဈေးကွက်သို့ တင်ပို့မှုမြှင့်တင်နိုင်ရန်နှင့် မြန်မာနိုင်ငံ၏ ဝါးထုတ်ကုန်ပစ္စည်း ထုတ်လုပ်မှုကို ပိုမိုမြှင့်တင်ရန် လိုအပ်လျက်ရှိသည်။

ဝါးတစ်ပင်လုံးအလေအလွင့်မရှိအသုံးချခြင်း

ဝါးအခြေခံ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဝါးသယံဇာတများကို ထိထိရောက်ရောက် အလေအလွင့်မရှိအသုံးချလာနိုင်မည်ဖြစ်ပြီး ဝါးတစ်ပင်ရှိ အရင်းပိုင်း၊ အလယ်ပိုင်း၊ အပေါ်ပိုင်းအလိုက် သင့်လျော်သည့် ဝါးထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ပါက ဝါးတစ်ပင်လုံး အလေအလွင့်မရှိ အသုံးချနိုင်မည်ဖြစ်သည်။

ဝါးအောက်ခြေအရင်းပိုင်းရှိ အဆစ်များကို ဝါးပန်းပုများထုတ်လုပ်ခြင်း၊ ဝါးမီးသွေး၊ ဝါးမီးသွေးထုတ်လုပ်ရာတွင် ဘေးထွက်ရရှိသည့် ဝါးအချဉ်ရည်မှ ဝါးဆပ်ပြာ၊ အပင်ပိုးသတ်ဆေး၊ အလှကုန်နှင့် ကျန်းမာရေးသုံးပစ္စည်း အမျိုးမျိုးထုတ်လုပ်ခြင်း၊ ဝါးအလယ်ပိုင်း အောက်ခြေကို ဝါးအထပ်သား၊ ဝါးကြမ်းခင်း၊ ဝါးပရိဘောဂများ၊ Bamboo Lumber များ ထုတ်လုပ်ခြင်း၊ ဝါးအလယ်ပိုင်း အထက်ကို ဝါးချောင်းထိုး၍ ဆောင်ရွက်ရသော ယင်းလိပ်၊ စားပွဲတင်ဖျာ၊ ထိုင်ခုံနောက်မှီအခင်းပြားများနှင့် နှီးဖြာ၍ ထုတ်လုပ်ရသော တန်ဖိုးမြှင့်ဝါး လက်မှုပစ္စည်းအမျိုးမျိုး ထုတ်လုပ်ခြင်း၊ ဝါးအပေါ်ပိုင်းကို တူ၊ သွားကြားထိုးတံ၊ အသားကင်ဝါးချောင်းများ ထုတ်လုပ်ခြင်း၊ ဝါးအကိုင်းအခက်များကို လယ်ယာသုံးပစ္စည်း၊ တံမြက်စည်း၊ အပေါ်ရုံအင်္ကျီများထုတ်လုပ်ခြင်း၊ ဝါးအရွက်မှ ဖျော်ရည်၊ တိရစ္ဆာန်အစားအစာ၊ သဘာဝ မြေဩဇာများထုတ်လုပ်ခြင်း၊ ဝါးထုတ်ကုန်ပစ္စည်းများထုတ်လုပ်ရာမှ ထွက်ရှိလာသည့် ဝါးရွေပေါ်စများ၊ ဝါးစများ၊ ဝါးလွှစာမှုန်များကို အသုံးပြု၍ လောင်စာတောင့်၊ Bamboo Particle Board များ စသည့် ဝါးထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ခြင်းတို့ ဆောင်ရွက်နိုင်သည်။ ထို့ကြောင့် ဝါးထုတ်ကုန်တစ်ခုတည်းသာ ထုတ်လုပ်သည့် စက်ရုံတစ်ခုမဟုတ်ဘဲ ဖော်ပြပါ ဝါးထုတ်ကုန်အမယ်စုံကို တစ်နေရာတည်းတွင် ပေါင်းစပ်ထုတ်လုပ်နိုင်မည့် အစီအမံများချမှတ် ဆောင်ရွက်နိုင်ခြင်းဖြင့် ဝါးကို အလေအလွင့်မရှိ အသုံးချနိုင်သကဲ့သို့ ဝါးအခြေခံစက်မှုလုပ်ငန်းလည်း ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်သည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ၏ ဝါးသယံဇာတအရင်းအမြစ်များနှင့် သဘာဝဝါးတောများ ရေရှည်တည်တံ့ပြီး စဉ်ဆက်မပြတ် အသုံးချနိုင်ရန်၊ ဝါးကုန်ကြမ်းများကို သဘာဝတောမှအပြင် ဝါးစိုက်ခင်းများမှ ထုတ်ယူနိုင်ရန်အတွက် ဝါးစိုက်ခင်းများ ယခုထက် ပိုမိုတည်ထောင်လာနိုင်ရန်၊ ဝါးအချောထည် ထုတ်ကုန်ပစ္စည်းများထုတ်လုပ်မှု တိုးတက်လာစေရန်အတွက် သက်ဆိုင်ရာဌာနများမှ နည်းပညာများ ပံ့ပိုးပေးခြင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင် / ကုမ္ပဏီများက ရင်းနှီးမြှုပ်နှံခြင်း၊ ဝါးစိုက်တောင်သူအစုအဖွဲ့များက ဝါးစိုက်ခင်းများတည်ထောင်မှုတွင် ပူးပေါင်းပါဝင်ခြင်းဖြင့် ဟန်ချက်ညီညီ ဆောင်ရွက်နိုင်ပါက မြန်မာနိုင်ငံ၏ ဝါးအခြေခံသည့်စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

အခက်အခဲများကြားမှ ရှေ့ဆက်ဆောင်ရွက်နေသော မန္တလေးတိုင်းဒေသကြီး မီးလင်းရေးလုပ်ငန်းများ

မြင့်လွင်ပါကြီး

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် စဉ်ကူးမြို့နယ် စိုက်ကွင်း ၃၃/၁၁ ကေဗီ၊ ၅ အမ်ဗီအေ ဓာတ်အားခွဲရုံ။

ဒီနေ့ တနင်္ဂနွေရုံးပိတ်ရက်ဖြစ်တာကြောင့် မနက်စောစော လမ်းလျှောက်ဖို့ ထွက်ခဲ့ပါတယ်။ အခြေအနေအရပ်ရပ်ကြောင့် အိမ်တွင်းမှာပဲ ကိုယ်လက်လေ့ကျင့်ခန်းလုပ်နေခဲ့တာ ကြာပါပြီ။ အိမ်က စထွက်တယ်ဆိုရင်ပဲ ကောင်းကင်ကို မော့ကြည့်လိုက်တော့ မိုးသားကနိမ့်နိမ့်၊ အုံ့အုံ့ဆိုင်းဆိုင်း၊ ပြင်ပလေ အေးအေးလေးက မျက်နှာကို လာဟပ်တာကြောင့် စိတ်ကြည်လင်လန်းဆန်းလာလို့ လမ်းလျှောက်တာကို ဖြည်းဖြည်းမှန်မှန်ကနေ မြန်မြန်သွက်သွက် လျှောက်လိုက်၊ ပုံမှန်ပြေးလိုက်လုပ်ရင်း ကျုံးမြောက်ဘက်ကို ရောက်လာခဲ့ပါတယ်။

ကျုံးမြောက်ဘက်ပတ်လမ်းက ဒီနှစ် ဇူလိုင်လ သင်္ကြန်ကာလ မတိုင်မီ လေးတင် ပြီးစီးခဲ့တာမို့ အသစ်စက်စက်၊ သေသေသပ်သပ်၊ ကျုံးရေပြင်ကို ဖြတ်တိုက်လာတဲ့ လေနုအေးကို အဆုတ်ထဲရောက်အောင် တစ်ဝရှူသွင်းရင်း လမ်းဆက်လျှောက်ခဲ့ပါတယ်။ ကျုံးအရှေ့ဘက် အားကစားပစ္စည်းတွေထားရှိရာ နေရာကိုအရောက် "ဟား လျှပ်စစ်ကြီးလာပြီဟေ့" ဆိုတဲ့ အသံကြောင့် လှမ်းကြည့်မိလိုက်တော့ ကျွန်တော့်ရဲ့ ငယ်သူငယ်ချင်းတွေဖြစ်တဲ့ ကိုကိုအောင်၊ ရဲလွင်နဲ့ စိုးညွှန့်တို့သုံးဦးသားခြေလွှဲသူကလွဲ၊ အိပ်ထ မတင်လုပ်သူကလုပ်၊ ခါးလှည့်သူကလှည့်နဲ့ ပြုံးစေ့စေ့မေးငေါ့ပြီး ကျွန်တော့်ကိုကြည့်နေပါတယ်။

သူတို့ ဘာပြောချင်တယ်ဆိုတာကို ကျွန်တော်အတပ်သိလိုက်ပါတယ်။ အမြဲတမ်း လမ်းလျှောက်တတ်တဲ့ ကျွန်တော်က အခုမှ ပေါ်လာတာမို့ ဘယ်လိုလဲဆိုတဲ့ သဘောပါ။ လျှပ်စစ်ပေကိုး။ ကျွန်တော်လည်း သူတို့နဲ့အတူ လွတ်နေတဲ့ ခြေလွှဲနေရာမှာ ဝင်ကစားနေရင်း ခဏအကြာမှာ "ကဲ - မတွေ့ရတာကြာပြီ။ တစ်နေရာသွားထိုင်ရအောင်" ဆိုတော့ ကိုကိုအောင်က "လာပါသူငယ်ချင်းရေ လှောက်ရည်ဆိုင်ကို သွားကြပါစို့လေ" ဆိုပြီး ကျုံးအရှေ့ဘက်လက်ဖက်ရည်ဆိုင်ကို စကားတပြောပြောနဲ့ လျှောက်လှမ်းသွားကြပါတယ်။ လက်ဖက်ရည်ဆိုင်ရောက်တော့ တစ်ယောက်တစ်မျိုး ကိုယ်စားချင်တာ လှမ်းမှာပြီး ရေနွေးကြမ်းခွက်ကို မော့ချမယ်အလုပ် ကိုကိုအောင်က စကားစလာပါတော့တယ်။

ကိုကိုအောင် ။ ။ ဘယ်လိုလဲ သူငယ်ချင်း၊ နယ်တွေဆင်းနေတာ ပုံတွေတွေ့နေမိတယ်၊ အခြေအနေလေး လုပ်ပါဦး။

ကျွန်တော် ။ ။ မိတာခ(ဓာတ်အားခ) ကောက်ခံရတာကို ပြောတာလား။ လူအမျိုးမျိုး စိတ်အထွေထွေပေါ့ သူငယ်ချင်း။ ကိုယ်သုံးပြီးတာ ကိုယ်ပေးရမယ်ဆိုတဲ့ စိတ်ရှိသူရယ်၊ သုံးပြီး မပေးဘူး၊ ဘာဖြစ်လဲဆိုသူရယ်၊ ပေးဖို့ အခက်အခဲရှိသူရယ်၊ အခြေအနေကြည့်နေတဲ့သူရယ်၊ ပြောပြရှင်းပြမှ ပေးသူရယ်ဆိုပြီး တွေ့ရတယ်ကွ။ လုပ်ထုံးလုပ်နည်းတွေက ရှိပြီးသားပါလေ။ ဓာတ်အားခကြွေး မသွင်းရင် မီးဖြတ်မယ်၊ သုံးလဆက်တိုက်ဆိုရင် မီတာဖြုတ်သိမ်းမယ်၊ သူ့စာရင်းကို ကတ်ပိတ်သိမ်းမယ်ပေါ့။ ဒါနဲ့မှ မလုံလောက်သေးရင် လျှပ်စစ်ဥပဒေအရ ရဲစခန်းမှာ အမှုဖွင့်၊ တရားစွဲရမှာပေါ့။ ဓာတ်အားခဆိုတာ ပြည်သူ့ဘဏ္ဍာငွေ မဟုတ်လား သူငယ်ချင်း။

ကိုရဲလွင် ။ ။ အလုပ်တွေရော လုပ်နိုင်ရဲ့လား။ ဒီလိုကွာ မင်းအရင်က ပြောခဲ့၊ ရေးခဲ့တဲ့ ကျေးရွာမီးလင်းရေးတွေ၊ လျှပ်စစ်ဓာတ်အားလိုင်း တိုးချဲ့တာတွေကိုပေါ့။

ကျွန်တော် ။ ။ အခြေအနေပေးသလောက် ကြိုးစားလုပ်နေကြပါတယ် သူငယ်ချင်း။ အခက်အခဲရှိပေမယ့် မီးမရသေးတဲ့ ပြည်သူတွေက မီးလိုချင်ကြတယ် မဟုတ်လား။ ကိုယ်ချင်းစာစိတ် ရှိရမယ်လေ။ ဘတ်ဂျက်ရန်ပုံငွေရှိသလောက် လုပ်နေပါတယ်။

ကိုစိုးညွှန့် ။ ။ မီးမရှိလို့ မဖြစ်ဘူးဆိုတာ လူတိုင်းသိကြတယ်။ လုပ်ငန်းခွင် အခက်အခဲကိုတော့ သိချင်မှသိလိမ့်မယ်။ ဘာတွေလုပ်နိုင်လဲ ပြောပါဦး သူငယ်ချင်း။

ကျွန်တော် ။ ။ ကဲ - မင်းတို့ သိချင်သပဆိုရင်လည်း ပြောပြရမှာပေါ့ကွာ။ ငါ့ဖုန်းထဲမှာ Data (အချက်အလက်) တွေရှိတယ်။ ဖုန်းကြည့်ရင်းဖြည်းဖြည်းပြောပါ့မယ်။ ပြောရင်းစားရင်း၊ နားထောင်ရင်းပေါ့။ ဒီလိုရှိတယ်ကွ။ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ပြည်သူတွေမီးလင်းဖို့ အလေးထားရှာပါတယ်။ ကျေးရွာတွေ မီးလင်းဖို့အတွက် ရန်ပုံငွေခွဲဝေ သုံးစွဲပေးတယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ၊ တိုင်းဒေသကြီးဘတ်ဂျက် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ၊ မတူဘူးနော်၊ သေချာ နားထောင်ဦး။ နောက်ပြီး တိုင်းဒေသကြီးဘတ်ဂျက် ငွေလုံးငွေရင်း ရန်ပုံငွေဆိုတာလည်း ရှိသေးတယ်။

ကိုကိုအောင် ။ ။ ငွေဘယ်လောက်များလဲ သူငယ်ချင်း။

ကျွန်တော် ။ ။ ပြောမယ်လေ ပြောမယ်။ ခုနှစ်အလိုက်ပြောပြမယ်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်မှာ သုံးစွဲခဲ့တာက တိုင်းဒေသကြီးအစိုးရအဖွဲ့ ဒေသရန်ပုံငွေကနေ ငွေကျပ်သန်းပေါင်းနှစ်ထောင့်သုံးရာကျော် (ကျပ် ၂၃၂၂၉၀၁၀၀)၊ ငွေလုံးငွေရင်း ဘတ်ဂျက်ကနေ ငွေကျပ် ၁၁ ဘီလီယံကျော် (ကျပ် ၁၁၂၀၃၅၂၄၄၃) ရှိတယ်။ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်မှာလည်း ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကနေ ငွေကျပ်သန်း ခုနှစ်ရာကျော် (ကျပ် ၇၃၄၃၅၅၆) နဲ့ ငွေလုံး ငွေရင်းရန်ပုံငွေကနေ ငွေကျပ်သန်းပေါင်း ခြောက်ရာကျော် (ကျပ် ၆၅၉၃၉၂၅) ရှိတယ်။ စုစုပေါင်းဆိုရင်တော့ ငွေကျပ် ၁၄ ဘီလီယံကျော်၊ ၁၅ ဘီလီယံနီးပါးပေါ့။

ကိုရဲလွင် ။ ။ ဟာ - အများသားကွ။ ရွာတွေ ဘယ်လောက် မီးလင်းသွားလဲ ပြောပြပါဦး။ ဝမ်းသာရအောင်လို့ပါ။

ကျွန်တော် ။ ။ ပြောပါ့မယ်သူငယ်ချင်း၊ နားထောင်သူက ဝမ်းသာတယ်ဆိုတော့ ပြောသူကလည်း အားရှိ၊ မီးလင်းတဲ့ ပြည်သူတွေနေရာကို တွေးကြည့်ရင်လည်း ပီတိပေါ့ကွာ။ တိုင်းဒေသကြီးအစိုးရရဲ့ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်းမှာ ခရိုင် ရှစ်ခု၊ မြို့နယ် ၁၆ မြို့နယ် အတွင်းမှာရှိတဲ့ ကျေးရွာ ၁၄၀ ကို ဓာတ်အားစနစ်ကနေ မီးလင်းပေးနိုင်ခဲ့တယ်။ ဒုံအပြင် အိမ်သုံးဆိုလာစနစ်နဲ့ မီးလင်းတဲ့ကျေးရွာက ၁၃ ရွာရှိတယ်။

ကိုစိုးညွှန့် ။ ။ မီးသုံးစွဲသူ ဘယ်လောက်တောင်ရှိလဲ သူငယ်ချင်း။

ကျွန်တော် ။ ။ ဆက်ပြောပါ့မယ်။ မလောပါနဲ့ကွာ။ ရေနွေးကြမ်းလေး သောက်ပါရစေဦး။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်းမှာ မီးလင်းခဲ့တာ အိမ်ခြေ ၁၄၉၉ အိမ်၊ အိမ်ထောင်စု အနေနဲ့ဆိုရင် ၂၇၆၅၈ ရှိတယ်။ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အတွင်းမှာ ဆိုရင်လည်း အိမ်ခြေ ၁၉၅၄၊ အိမ်ထောင်စု ၂၀၂၅ စု မီးလင်းနိုင်ခဲ့တယ်။ စုစုပေါင်း မီးလင်းသွားတာကိုကြည့်မယ်ဆိုရင် ကျေးရွာ ၁၅၉ ရွာ၊ အိမ်ခြေ ၃၀၂၁၂၊ အိမ်ထောင်စု ၃၀၉၁၁ တောင်ရှိပါတယ် သူငယ်ချင်း။

ကိုကိုအောင် ။ ။ နားထောင်ရတာတော့ ပီတိဖြစ်တယ်ကွာ။ မီးလင်းဖို့ ဓာတ်အားလိုင်းတွေ၊ ခွဲရုံတွေ ဘယ်လောက်တည်ဆောက်ခဲ့တယ်ဆိုတာလဲ ပြောပါဦး။

ကျွန်တော် ။ ။ ပြောပြပေးရမှာပေါ့ကွာ။ ဒီရွာတွေ မီးလင်းဖို့ အတွက် တည်ဆောက်ခဲ့ရတာက ၅ အမ်ဗီအေ ဓာတ်အားခွဲရုံ လေးရုံ၊ ၃၃/၀.၄ ထရန်စဖော်မာ ၁၃ လုံး၊ ၁၁/၀.၄ ထရန်စဖော်မာ ၁၃၆ လုံး၊ ၂၀၀ ကေဗီအေ ထရန်စဖော်မာ ၄၅ လုံးနဲ့ ၁၀၀ ကေဗီအေ ထရန်စဖော်မာ ၂၉ လုံးရှိတယ်။ ဓာတ်အားလိုင်းတွေအနေ နဲ့ ၃၃ ကေဗီ ဓာတ်အားလိုင်း ၅၃ ဒသမ ၅၉၈ မိုင်၊ ၁၁ ကေဗီ ဓာတ်အားလိုင်းက ၂၆၂ ဒသမ ၇၉၉ မိုင်နဲ့ ပေ ၆၂၀၊ ၄၀၀ ဗို့ ဓာတ်အားလိုင်း ၃ ဒသမ ၀၆၆ မိုင် ရှိပါ တယ်။

ကိုစိုးညွှန့် ။ ။ ဘယ်နေရာတွေ မီးလင်းခဲ့တယ်ဆိုတာ ပြောပြနိုင်မလား သူငယ်ချင်း။ ဒီလိုကွာ လက်ရှိလူမှုမီဒီယာတွေမှာ မျိုးစုံပြောနေတဲ့သတင်း၊ အတင်းအဖျင်းတွေနဲ့ ချိန်ထိုးကြည့်ချင်လို့ပါ။

ကျွန်တော် ။ ။ တစ်ရွာစီ ပြောနေရင်တော့ မင်းညနေစာပါ ကျွေးနေရလိမ့်မယ်။ ရမည်းသင်းမြို့နယ်အတွင်းမှာ ၃၈ ရွာ၊ သာစည်မြို့နယ်အတွင်းမှာ ၁၃ ရွာ၊ မလှိုင်မြို့နယ်အတွင်းမှာ ၁၀ ရွာ၊ ဝမ်းတွင်းမြို့နယ်အတွင်းမှာ နှစ်ရွာ၊ မိတ္ထီလာမြို့နယ်အတွင်းမှာ ၂၁ ရွာ၊ ပျော်ဘွယ်မြို့နယ်အတွင်းမှာ ၁၉ ရွာ၊ အမရပူရမြို့နယ်အတွင်းမှာ ၁၀ ရွာ၊ ကျောက်ပန်းတောင်းမြို့နယ်အတွင်းမှာ ၁၆ ရွာ၊ ညောင်ဦးမြို့နယ်အတွင်းမှာ ၁၀ ရွာ၊ သပိတ်ကျင်းမြို့နယ်အတွင်းမှာ နှစ်ရွာ၊ တကောင်းမြို့နယ်အတွင်းမှာ နှစ်ရွာ၊ မိုးကုတ်မြို့နယ်အတွင်းမှာ ၁၆ ရွာ စုစုပေါင်း ၁၅၉ ရွာ ရှိတယ်သူငယ်ချင်း။

ကိုရဲလွင် ။ ။ တည်ငြိမ်တဲ့နေရာတွေမှာ မီးလင်းတယ်လို့ ပြောရမှာပေါ့ သူငယ်ချင်း။

ကျွန်တော် ။ ။ သိပ်ဟုတ်တာပေါ့သူငယ်ချင်း။ လူတွေရဲ့ အခြေခံလိုအပ်ချက်ဟာ စားဝတ်နေရေးလို့ ဆိုပေမယ့် လျှပ်စစ်ဟာလည်း မရှိမဖြစ်လိုအပ်ချက်ပဲ မဟုတ်လား။

ကိုရဲလွင် ။ ။ ရွာတွေ မီးလင်း၊ ဓာတ်အားလိုင်းမိုင်တွေ ပိုရှည်လာတော့ ထိန်းသိမ်းဖို့ ဝန်ထမ်းတွေ အလုပ်များမှာပေါ့နော်။

ကျွန်တော် ။ ။ ဒါကတော့ စာဖွဲ့ပြီး မပြောလိုပါဘူး သူငယ်ချင်းရယ်။ လျှပ်စစ်ဝန်ထမ်းရဲ့ တာဝန်က မီးလင်းပေးဖို့၊ ပြည်သူမီးရဖို့ပဲ မဟုတ်လား။

ကိုစိုးညွှန့် ။ ။ အပြောကတော့ ရွှေမန်းပဲ သူငယ်ချင်း။ ကောင်းကွာ။

ကိုကိုအောင် ။ ။ အရင်လို မီးလင်းရေးဖွင့်ပွဲအခမ်းအနားတွေ မမြင်ရတော့ ပြည်သူ့သိအောင် မင်းစာရေးလိုက်ရင် ပိုလို့တောင်ကောင်းမယ်ထင်တယ်။

ကျွန်တော် ။ ။ ဟား... ဟား... ဟား... မန္တလေးမှာနေမှတော့ ရွှေမန်းသားပဲ ပေါ့ကွာ။ လုပ်ငန်းအကောင်အထည်ဖော်ဖို့ဆိုတာကလည်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနရဲ့ လမ်းညွှန်မှု၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ရန်ပုံငွေခွဲဝေပေးမှု၊ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းရဲ့ အနီးကပ်ကြီးကြပ်ပေးမှု၊ ကုမ္ပဏီတွေရဲ့ ပူးပေါင်းဆောင်ရွက်မှုကြောင့် ဖြစ်ရတာပါ။ ကဲ အချိန်လည်းအတော်ကုန်သွားပြီ။ တောင်းဆိုနေရင်လည်း ဆောင်းပါးတစ်စောင်တော့ ရေးလိုက်ပါဦးမယ်ကွာ။ ။

လောင်းမာ့ချ်သယ်ဆောင်ရေးဒုံးပျံဖြင့် အဝေးထိန်း အာရုံခံစနစ်ဂြိုဟ်တု လွှတ်တင်နေမှုကို တွေ့ရစဉ်။

အဝေးထိန်းအာရုံခံစနစ်ဂြိုဟ်တုသစ်တစ်စင်း အာကာသထဲသို့ တရုတ်လွှတ်တင်

ကျိုးချမ် စက်တင်ဘာ ၃

တရုတ်နိုင်ငံသည် အဝေးထိန်းအာရုံခံစနစ်ဂြိုဟ်တုသစ်တစ်စင်းကို အာကာသထဲသို့ နိုင်ငံအနောက်မြောက်ပိုင်း ကျိုးချမ်ဂြိုဟ်တုလွှတ်တင်ရေးစင်တာမှ စက်တင်ဘာ ၃ ရက်က လွှတ်တင်ခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။

Yaogan-3302 ဟု အမည်ရှိ အဆိုပါ ဂြိုဟ်တုကို လောင်းမာ့ချ်-၄ စီ သယ်ဆောင်ရေး ဒုံးပျံဖြင့် ပေကျင်း စံတော်ချိန် နံနက် ၇ နာရီ ၄၄ မိနစ်တွင် လွှတ်တင်ခဲ့ကြောင်းနှင့် ဂြိုဟ်တုပတ်လမ်းထဲသို့ အောင်မြင်စွာဝင်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဂြိုဟ်တုကို သိပ္ပံနည်းကျ စမ်းသပ်မှုများ၊ မြေသယံဇာတစစ်တမ်းများ၊ သီးနှံအထွက်နှုန်းခန့်မှန်းချက်နှင့် သဘာဝဘေးအန္တရာယ် ကာကွယ်ရေးနှင့် ကယ်ဆယ်ရေး စသည့် နယ်ပယ်များတွင် အဓိကထား အသုံးပြုသွားမည်ဖြစ်သည်။

(၄၃၅) ကြိမ်မြောက်ဖြစ်

အဆိုပါ ဂြိုဟ်တုလွှတ်တင်မှုသည် လောင်းမာ့ချ်သယ်ဆောင်ရေးဒုံးပျံများ၏ (၄၃၅) ကြိမ်မြောက်ဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

နိုင်ငံမှ ထွက်ခွာပြီး နှစ်လ နီးပါးအကြာ သီရိလင်္ကာနိုင်ငံကို သမ္မတဟောင်း ရာဂျာပျိုခ်ဆာ ပြန်ရောက်လာ

ကိုလံဘို စက်တင်ဘာ ၃

အစိုးရဆန့်ကျင်ဆန္ဒပြပွဲများ နိုင်ငံတစ်ဝန်း ကျယ်ကျယ်ပြန့်ပြန့် ထွက်ပေါ်လာပြီးနောက် ဧပြီလ ၁၃ ရက်တွင် နိုင်ငံမှ ထွက်ခွာသွားသော သီရိလင်္ကာသမ္မတဟောင်း ဂိုတာဘာရာ ရာဂျာပျိုခ်ဆာသည် စက်တင်ဘာ ၂ ရက် ညပိုင်းတွင် သီရိလင်္ကာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာကြောင်း ဒေသတွင်းမီဒီယာများ၏ ဖော်ပြချက်အရ သိရသည်။

လုံခြုံရေးအများအပြားဖြင့် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိလာသော သမ္မတဟောင်းရာဂျာပျိုခ်ဆာကို သီရိလင်္ကာနိုင်ငံရှိ ဒေသတွင်း ရုပ်မြင်သံကြားလိုင်းများတွင် ပြသခဲ့ကြောင်းနှင့် ၎င်းကို အနိုင်ရပါတီ သီရိလင်္ကာပိုဒူဂျာနာ ပီရာမူနာ (အက်စ်အယ်လ်ပီပီ) မှ လွှတ်တော်အမတ် အများအပြားက လက်ခံတွေ့ဆုံခဲ့ကြောင်း သိရသည်။

အသက် ၇၃ နှစ်အရွယ် ရာဂျာပျိုခ်ဆာသည် ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှ သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့သို့ တိုက်ရိုက်လေကြောင်းမရှိသဖြင့် လေယာဉ်စီးနင်းရန် ထိုင်းနိုင်ငံမှ စင်ကာပူနိုင်ငံသို့ သွားရောက်ခဲ့ပြီး စင်ကာပူလေကြောင်းလိုင်းဖြင့် သီရိလင်္ကာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာခြင်း ဖြစ်သည်။

ဆင်ဟွာ

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း မိုးကြိုးပစ်ခတ်မှုကြောင့် ၁၇ ဦးထက်မနည်း သေဆုံး

နယူးဒေလီ စက်တင်ဘာ ၃

အိန္ဒိယနိုင်ငံ အရှေ့ပိုင်း ဘီဟာပြည်နယ်တွင် မိုးကြိုးပစ်ခတ်မှုကြောင့် ၁၇ ဦး ထက်မနည်း သေဆုံးကြောင်း အစိုးရပိုင် အသံလွှင့်ဌာနတစ်ခုဖြစ်သည့် အေအိုင်အာရ်က စက်တင်ဘာ ၃ ရက်တွင် ပြောသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် မိုးသက်မုန်တိုင်းသည် အဆိုပါပြည်နယ်အတွင်း ပြင်းထန်စွာ ကျရောက်ခဲ့ပြီး ခရိုင်ခြောက်ခု ထိခိုက်မှုရှိခဲ့ကြောင်း သိရသည်။ မိုးကြိုးပစ်ခတ်မှုကြောင့် ထိခိုက်သေဆုံးသူ အများစုသည် လယ်ကွင်းများထဲတွင် အလုပ်လုပ်နေကြသော လယ်သမားများဖြစ်ကြောင်း တာဝန်ရှိသူများက ပြောသည်။

အေအိုင်အာရ်၏ အဆိုအရ ကလေးငယ် သုံးဦး အပါအဝင် သေဆုံးသူ ငါးဦးသည် ဂယာဒေသမှဖြစ်ပြီး အခြားသေဆုံးသူ ၁၂ ဦးမှာ ခရိုင်ငါးခုမှ ဖြစ်ကြောင်း သိရသည်။ အိန္ဒိယမိုးလေဝသဌာနက လာမည့် ငါးရက်အတွင်း နိုင်ငံအရှေ့မြောက်ပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းဖွယ်ရှိကြောင်း ခန့်မှန်းထားသည်။

အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ်တစ်ဝန်း ဇွန်လနှင့် ဇူလိုင်လတွင် မိုးကြိုးပစ်ခတ်မှုကြောင့် လူပေါင်း ၆၀ ကျော် သေဆုံးမှု ဖြစ်ပွားခဲ့ကြောင်း၊ ထို့ပြင် အိန္ဒိယနိုင်ငံ၌ နှစ်စဉ်နှစ်တိုင်း မုတ်သုံမိုးရာသီတွင် မိုးကြိုးပစ်ခတ်မှုကြောင့် လူပေါင်းရာချီသေဆုံးမှု ဖြစ်ပွားလေ့ရှိကြောင်း သိရသည်။

ဆင်ဟွာ

ပါကစ္စတန်နိုင်ငံသို့ အရေးပေါ်ကယ်ဆယ်ရေးပစ္စည်းများ ကုလသမဂ္ဂ ဆက်လက်ထောက်ပံ့

နယူးယောက် စက်တင်ဘာ ၃

ကုလသမဂ္ဂသည် ဆိုးရွားလှသည့် ပါကစ္စတန်နိုင်ငံ၏ ရေကြီးရေလျှံမှုတုံ့ပြန်ဆောင်ရွက်ရေးအတွက် စားနပ်ရိက္ခာများ၊ သန့်ရှင်းသော သောက်သုံးရေများနှင့် အခြားသော အရေးပေါ်ကယ်ဆယ်ရေးပစ္စည်းများကို ဆက်လက်ထောက်ပံ့ပေးခဲ့ကြောင်း ကုလသမဂ္ဂပြောရေးဆိုခွင့်ရှိသူ တစ်ဦးက စက်တင်ဘာ ၂ ရက်တွင် ပြောသည်။

ကုလသမဂ္ဂအဖွဲ့သည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများနှင့်အတူ လူပေါင်း ၃၀၀၀၀၀ သို့ စားနပ်ရိက္ခာနှင့် လူပေါင်း ၅၅၀၀၀ ကို သန့်ရှင်းသော သောက်သုံးရေ ကူညီထောက်ပံ့ပေးပြီးဖြစ်ကြောင်း ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်၏ တွဲဖက်ပြောရေးဆိုခွင့်ရှိသူ အီရီကာနီကို သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

ထို့ပြင် ကျန်းမာရေးစောင့်ရှောက်မှုပေးရန် ရွှေ့လျားဆေးခန်း ၁၄ ခုကိုလည်း ရေကြီးရေလျှံဒဏ် ထိခိုက်ခံစားရသည့် ဒေသများသို့ ဖြန့်ကြက်ချထားပြီးဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။ ပါကစ္စတန်နိုင်ငံတွင် မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် အိုးအိမ် ၁ ဒသမ ၁ သန်းကျော် ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ခဲ့ပြီး လူပေါင်း ၄၇၀၀၀၀ ကျော်သည် ကယ်ဆယ်ရေးစခန်းများတွင် နေထိုင်ရလျက်ရှိကြောင်း သိရသည်။ **ဆင်ဟွာ**

မက္ကဆီကိုနိုင်ငံ ဘောလုံးပွဲတစ်ခုအတွင်း သေနတ်ပစ်ခတ်မှုဖြစ်ပွား မြို့တော်ဝန်ဟောင်း အပါအဝင် လေးဦးသေဆုံး

မက္ကဆီကိုစီးတီး စက်တင်ဘာ ၃

မက္ကဆီကိုနိုင်ငံ အလယ်ပိုင်း မိုရီလုစ်ပြည်နယ်ရှိ ဘောလုံးပွဲတစ်ခုအတွင်း သေနတ်ပစ်ခတ်မှုဖြစ်ပွားပြီး မြို့တော်ဝန်ဟောင်းအပါအဝင် လေးဦး သေဆုံးမှုဖြစ်ပွားကြောင်း ဒေသဆိုင်ရာ အစိုးရရှေ့နေရုံးက စက်တင်ဘာ ၂ ရက်တွင် ပြောသည်။

ဘောလုံးပွဲပြီးဆုံးပြီး လူစုလူဝေးဖြစ်နေချိန်တွင် လက်နက်ကိုင်သံသယရှိသူများသည် ကွင်းအတွင်းသို့ ကားနှစ်စီးဖြင့် ဝင်ရောက်လာပြီး ပစ်ခတ်ခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါ ပစ်ခတ်မှုဖြစ်စဉ်သည် ရီကက်ပစ်လာမြို့တွင် စက်တင်ဘာ ၁ ရက်က ဒေသစံတော်ချိန်ည ၉ နာရီ ၁၅ မိနစ်ခန့်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ရီကက်ပစ်လာမြို့တော်ဝန်ဟောင်း ရီဖူဂီယိုအမာအို လူနာအပါအဝင် နှစ်ဦးသည် အခင်းဖြစ်ပွားရာနေရာတွင် သေဆုံးခဲ့ခြင်းဖြစ်ပြီး အခြားနှစ်ဦးသည် ဆေးရုံ၌ ဆေးကုသမှုခံယူနေစဉ် သေဆုံးသွားခြင်းဖြစ်ကြောင်း၊ ထို့ပြင် အခြား ၁၀ ဦးခန့်မှာလည်း ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အဆိုပါရုံး၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

မိုရီလုစ်ပြည်နယ်သည် အကြမ်းဖက်ရာဇဝတ်မှုများ ဖြစ်ပွားမှုမြင့်တက်လျက်ရှိပြီး နိုင်ငံတစ်ဝန်း ပြန်ပေးဆွဲမှုနှုန်းသည်လည်း အဆိုပါပြည်နယ်သည် ပထမအဆင့်တွင်ရှိကြောင်း မက္ကဆီကို ကာကွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ဆင်ဟွာ

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၄-၉-၂၀၂၂

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၂၃၉၅	၂၄၄၀	၂၄၃၅	၂၄၀၅	၂၄၄၀	၂၄၆၅	၂၄၅၀	၂၄၂၅	၂၅၂၀	၂၅၃၅	၂၄၃၅	၂၄၄၀	၂၄၇၅	၂၄၇၅	၂၄၈၀	၂၇၀၀	၃၁၆၀
95 Ron	၂၄၉၅	၂၅၄၅	၂၅၄၀	၂၅၀၅	၂၅၄၀	၂၅၆၅	၂၅၅၀	၂၅၃၀	၂၆၂၀	၂၆၄၀	၂၅၃၅	၂၅၅၀	၂၅၈၀	၂၅၈၀	၂၅၈၀	၂၈၀၀	၃၂၂၀
HSD (500 ppm)	၃၀၄၀	၃၀၈၅	၃၀၈၅	၃၀၅၀	၃၀၈၅	၃၁၁၀	၃၁၀၅	၃၀၇၀	၃၁၈၅	၃၁၈၀	၃၀၈၀	၃၀၉၀	၃၁၂၀	၃၁၂၅	၃၁၂၅	၃၃၄၅	၃၈၈၀
HSD (50 ppm)	၃၁၂၅	၃၁၇၀	၃၁၇၀	၃၁၃၅	၃၁၇၀	၃၁၉၅	၃၁၉၀	၃၁၅၅	၃၂၇၀	၃၂၆၅	၃၁၆၅	၃၁၇၅	၃၂၀၅	၃၂၁၀	၃၂၁၀	၃၄၃၀	၃၉၁၅
HSD (10 ppm)	၃၁၂၅	၃၁၇၀	၃၁၇၀	၃၁၃၅	၃၁၇၀	၃၁၉၅	၃၁၉၀	၃၁၅၅	၃၂၇၀	၃၂၆၅	၃၁၆၅	၃၁၇၅	၃၂၀၅	၃၂၁၀	၃၂၁၀	၃၄၃၀	၃၉၁၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၂၈၅	၂၃၆၄
95 Ron	၂၃၈၄	၂၄၆၅
HSD (500 ppm)	၂၉၁၄	၃၀၀၂
HSD (50 ppm)	၂၉၉၄	၃၀၈၄
HSD (10 ppm)	၂၉၉၄	၃၀၈၄

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှု မရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ဝန်ကြီးဌာနများနှင့် ရေဆင်းတက္ကသိုလ်နယ်မြေအတွင်းရှိ ဝန်ထမ်းများ၏ သက်သာချောင်ချိရေးအတွက် အသား၊ ငါး၊ ဟင်းသီးဟင်းရွက်နှင့် စားသောက်ကုန်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောနှုန်းများဖြင့်ရောင်းချ

နေပြည်တော် စက်တင်ဘာ ၃

ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကို တိုင်းစစ်ဌာနချုပ်များနှင့် တပ်နယ်အသီးသီးမှ တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများမှ ထွက်ရှိသည့် အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များနှင့် တပ်မတော်စက်ရုံထုတ်စားသောက်ကုန်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောက်ချပေးလျက်ရှိရာ သြဂုတ် ၁ ရက်မှ ၃၁ ရက်အထိ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ စခန်းမှူးရုံးနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ်တို့ရှိ ဘက်စုံစိုက်ပျိုးမွေးမြူရေးလုပ်ငန်းတို့မှ ထွက်ရှိသည့်ကြက်ဥ အလုံး ၁၅၁၂၀၊ ကြက်သား ၃၀၇ ပိဿာ၊ ဝက်သား ၂၄၈ ပိဿာ၊ ငါးမျိုးစုံ ပိဿာ ၂၄၃ ဒသမ ၅၀၊ အာလူး ၂၀၆ ပိဿာ၊ ကြက်သွန်နီ ၃၄၅ ဒသမ ၅၀ ပိဿာ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများ စုစုပေါင်းတန်ဖိုးငွေကျပ် ၈၁ သိန်းကျော်တို့ကို ဝန်ကြီးဌာနများနှင့် ရေဆင်းတက္ကသိုလ်နယ်မြေအတွင်းရှိ ဝန်ထမ်းများ၏ သက်သာချောင်ချိရေးအတွက် ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် အသီးသီး ရောင်းချပေးနိုင်ခဲ့သည်။

နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ ဝန်ကြီးဌာနများ(**အပေါ်ပုံ**)နှင့် ရေဆင်းတက္ကသိုလ်ရှိ ဝန်ထမ်းများ၏ သက်သာချောင်ချိရေးအတွက် အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီး ဟင်းရွက်များနှင့် တပ်မတော်စက်ရုံထုတ် စားသောက်ကုန် ပစ္စည်းများကို ၂၀၂၁ ခုနှစ် စက်တင်ဘာမှ စတင်ရောင်းချပေးခဲ့ခြင်းဖြစ်ကာ ၂၀၂၂ ခုနှစ် သြဂုတ် ၃၁ ရက်အထိ ကြက်ဥ အလုံး ၁၃၆၈၄၀၊ ကြက်သား ပိဿာ ၃၈၇၂ ဒသမ ၅၀၊ ဝက်သား ပိဿာ၂၉၀၄ ဒသမ ၅၀၊ ငါးမျိုးစုံ ပိဿာ ၂၈၀၀ ဒသမ ၅၀၊ အာလူး ၃၀၂၈ ပိဿာ၊ ကြက်သွန်နီ ပိဿာ ၃၉၃၀ ဒသမ ၅၀၊ ဟင်းသီး ဟင်းရွက် ပိဿာ ၂၃၀ နှင့် စားသောက်ကုန်ပစ္စည်းများ စုစုပေါင်း တန်ဖိုးငွေကျပ် သိန်းပေါင်း ၈၄၀ ကျော်ကို ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးနိုင်ခဲ့သည်။

ထို့ပြင် တိုင်းစစ်ဌာနချုပ်များအလိုက် တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများနှင့် ဟင်းသီးဟင်းရွက်များကို ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများကို အသီးသီးရောင်းချပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ဟိုပန်မြို့နယ်၌ ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်း ဆောင်ရွက်

ဟိုပန် စက်တင်ဘာ ၃

ရှမ်းပြည်နယ်မြောက်ပိုင်း 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း ဟိုပန်မြို့နယ်တွင် အသက်နှစ်လမှ တစ်နှစ်ခွဲ ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်းကို စက်တင်ဘာ ၁ ရက်က ရုံးကုန်းရပ်ကွက်ရှိ မိခင်နှင့်ကလေးကျန်းမာရေးဌာန စုရပ်နေရာ၌ ဆောင်ရွက်သည်။

ပုံမှန်ကာကွယ်ဆေးထိုးနှံရာတွင် သတ်မှတ်ထားသောအကြိမ်နှင့် သတ်မှတ်ထားသော အသက်အရွယ်တွင် ထိုးနှံ၊ တိုက်ကျွေးပေးနိုင်ခြင်းဖြင့် ပြင်းထန်တီဘီရောဂါ၊ ဆုံဆို့နာရောဂါ၊ ကြက်ညာချောင်းဆိုးရောဂါ၊ မေးခိုင်ရောဂါ၊ အသည်းရောင်အသားဝါ (ဘီ) ရောဂါ၊ ဦးနှောက်အမှေးရောင်ရောဂါ၊ ပြင်းထန်အဆုတ်ရောင် ရောဂါ၊ ပိုလီယို အကြောသေရောဂါ၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ဂျပန်ဦးနှောက်ရောင်ရောဂါ၊ ဝက်သက်ရောဂါနှင့် ဂျိုက်သိုးရောဂါများ မဖြစ်အောင် ကာကွယ်ပေးနိုင်မည်ဖြစ်သည်။

ယနေ့တွင် ကလေးငယ် ၂၅ ဦးတို့အား ထိုးနှံတိုက်ကျွေးနိုင်ကြောင်းနှင့် ကျန်ရှိသည့် ကလေးငယ်များအား ဆက်လက်ထိုးနှံ တိုက်ကျွေးသွားမည်ဖြစ်ကြောင်း ဟိုပန်မြို့နယ် မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ သိရသည်။

ဇင်ဇင်(ပြန်/ဆက်)

သံတောင်ကြီးမြို့နယ်၌ အမျိုးသမီးငယ်များ ဘဝမြှင့်တင်ရေး ရက်ကန်းသင်တန်းဖွင့်

သံတောင်ကြီး စက်တင်ဘာ ၃

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂- ၂၀၂၃ဘဏ္ဍာနှစ်တွင် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အမျိုးသမီးငယ်များဘဝမြှင့်တင်ရေး ရက်ကန်းသင်တန်းဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂ ရက်က သံတောင်ကြီးမြို့ရှိ ရှင်ကျော့ဂျက် ဘုရားကျောင်း၌ ကိုဗစ်-၁၉ ကာကွယ်ရေး ညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။ ရှေးဦးစွာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးချမ်းငြိမ်းဝင်းက ကျေးလက်နေ အမျိုးသမီးငယ်များ ဘဝမြှင့်တင်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန် ရည်ရွယ်၍ ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ သင်တန်းသူများအနေဖြင့် သင်တန်းတွင်ပို့ချမည့် ဘာသာရပ်များကို ကြိုးစားလေ့လာ သင်ယူကြစေလိုကြောင်း ပြောကြားသည်။

အဆိုပါ ရက်ကန်းသင်တန်းကို သံတောင်ကြီးမြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသူ ၁၅ ဦးဖြင့် သင်တန်းကာလ တစ်လကြာ စာတွေ့လက်တွေ့ ဖွင့်လှစ်သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

ကျော်ဦး

ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၉၀ အနက် ၈၃ ဦးမှာ ပြည်တွင်းတွင် ကူးစက်ဖြစ်ပွားသူများဖြစ်

ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၁ ဒသမ ၀၈ ရာခိုင်နှုန်းရှိ

(၃-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၈,၃၂၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲ အတည်ပြုလူနာသစ် (၉၀) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၁.၀၈) ရာခိုင်နှုန်း ရှိပါသည်။ ယနေ့တွေ့ရှိသော ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၉၀) ဦးအနက် (၇) ဦး၊ (၇.၈) ရာခိုင်နှုန်းမှာ ပြည်ပမှဝင်ရောက်လာသူများအား ဓာတ်ခွဲစစ်ဆေးရာမှ တွေ့ရှိခြင်းဖြစ်ပြီး (၈၃) ဦး၊ (၉၂.၂) ရာခိုင်နှုန်းမှာ ပြည်တွင်းတွင် ကူးစက်ဖြစ်ပွားသူများ ဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာသစ် တွေ့ရှိမှုအခြေအနေ
(၃-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ဓာတ်ခွဲအတည်ပြုလူနာသစ်တွေ့ရှိမှု	လူနာသစ် (ဦးရေ)	ရာခိုင်နှုန်း
ပြည်ပမှဝင်ရောက်လာသူများ	(၇) ဦး	(၇.၈) %
ပြည်တွင်းတွင်ကူးစက်ဖြစ်ပွားသူများ	(၈၃) ဦး	(၉၂.၂) %
စုစုပေါင်း	**(၉၀) ဦး**	**(၁၀၀) %**

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၇၇၁,၁၆၉) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၅,၄၈၉) ဦး ရှိပြီ ဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၅၅) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၃,၇၄၅) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၉) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါသည် နိုင်ငံတကာနှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ဖြစ်ပွားမှု များပြားလျက်ရှိပါသည်။ မိမိတို့နိုင်ငံတွင် ကိုဗစ်-၁၉ မျိုးရိုးဗီဇပြောင်း အိုမိခရွန်ရောဂါပိုးများကို ပြည်ပမှ ဝင်ရောက်လာသူများနှင့် ပြည်တွင်းကူးစက်ခံရသူများတွင် တွေ့ရှိနေရပြီး ယခုရက်ပိုင်းအတွင်း ကိုဗစ်-၁၉ ရောဂါ ပြည်တွင်း အစုလိုက် ကူးစက်မှုများ ဖြစ်ပွားလျက်ရှိသည်ကို တွေ့ရပါသည်။

ရောဂါကူးစက်ပြန့်ပွားမှုများအား လျော့ကျစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများဖြစ်သည့် -

(က) ပါးစပ်နှင့် နှာခေါင်းစည်း (Mask) တပ်ဆင်ခြင်းကို အခန်းတွင်း၌ လူတစ်ဦးနှင့်တစ်ဦး နီးကပ်စွာရှိနေခြင်း၊ အများပြည်သူအသုံးပြုသောယာဉ်များဖြင့် ခရီးသွားလာခြင်း၊ အများပြည်သူ ဝင်/ထွက်သွားလာ အသုံးပြုသော ဆေးရုံ/ကျန်းမာရေးဌာနများ၊ ရုံးများ၊ သင်တန်းများ၊ ကျောင်းများ၊ စျေးများ၊ စျေးဝယ်စင်တာများ၊ ဘိုးဘွားရိပ်သာ အစရှိသော လူစုလူဝေးရှိရာ နေရာများတွင် မဖြစ်မနေတပ်ဆင်ရန်၊

(ခ) ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ နှာစေးခြင်း၊ လည်ချောင်းနာခြင်းစသည့် ကိုဗစ်-၁၉ ရောဂါ သံသယလက္ခဏာ တစ်ခုခုရှိပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့ သတင်းပို့ရန်လိုအပ်ပြီး ပါးစပ်နှင့် နှာခေါင်းစည်း (Mask) တပ်ဆင်ခြင်းကို မဖြစ်မနေဆောင်ရွက်ရန်၊

(ဂ) ရုံးဌာနများသို့ ဖြန့်ဝေထားပြီးဖြစ်သည့် ရုံးဌာနများ၊ လုပ်ငန်းခွင်များအတွက် ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာရန်၊

(ဃ) ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားခြင်းအားဖြင့် ရောဂါကူးစက်ဖြစ်ပွားမှု၊ ရောဂါပြင်းထန်မှုနှင့် သေဆုံးမှုတို့ကို လျှော့ချပေးနိုင်သည်ဖြစ်ရာ အသက် ၅ နှစ်နှင့် အထက်ရှိသူ အားလုံးသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သည့် အပြင် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေး ထိုးနှံပြီးစီးမှုကာလ ၆ လရှိနေသော ပြည်သူများသည်လည်း ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထပ်မံထိုးနှံရန် လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ မိဘပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများကို တိကျစွာ လိုက်နာခြင်း၊ ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို စနစ်တကျတပ်ဆင်ခြင်းနှင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို မပျက်မကွက်ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

လေရှီးမြို့ ပြည်သူ့ဆေးရုံ၌ အသက် နှစ်လမှ တစ်နှစ်ခွဲအောက် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံပေးလျက်ရှိ

လေရှီး စက်တင်ဘာ ၃

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့ ပြည်သူ့ဆေးရုံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးဌာန၌ ယနေ့နံနက် ၁၀ နာရီမှစတင်၍ အသက် နှစ်လမှ တစ်နှစ်ခွဲအောက် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေး ပြန်လည်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံရာတွင် တီဘီရောဂါ၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှော၊ ပိုလီယိုအကြောသေ၊ ပြင်းထန်အဆုတ်ရောင်၊ ငါးမျိုးစပ်၊ ဂျပန်ဦးနှောက်ရောင်နှင့် ဝက်သက်ဂျိုက်သိုး၊ မေးခိုင်ကာကွယ်ဆေး စသည့်ကာကွယ်ဆေး အမျိုးအစား ရှစ်မျိုးကို ထိုးနှံပေးလျက်ရှိရာ မွန်းတည့် ၁၂ နာရီတွင် ကာကွယ်ဆေးလာရောက်ထိုးနှံသူ ကလေးသူငယ် စုစုပေါင်း ၁၀၄ ဦး ထိုးနှံပေးနိုင်ခဲ့ပြီး ညနေ ၄ နာရီအထိ ဆက်လက် ထိုးနှံပေးသွားမည်ဖြစ်ကြောင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ဌာနမှ တာဝန်ရှိသူများ၏ပြောကြားချက်အရ သိရသည်။

ယွန်း (မုံရွာ၊ ကိုယ်ပွား)

တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

နေပြည်တော် စက်တင်ဘာ ၃

တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာမရွေး ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက်ငါးနှစ်မှ ၁၂ နှစ်အထက် အခြေခံပညာ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ စသည့်ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၁၀၁၀၅ ဦး၊ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နှင့် သံတွဲမြို့နယ်၌ ဒေသခံပြည်သူ ၂၇၈ ဦးနှင့် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင် ခုနစ်ခရိုင်၌ ဒေသခံပြည်သူ ၁၇၈၄ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၅၀၀ နှင့် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင် ခုနစ်ခရိုင်၌ ကျောင်းသား ကျောင်းသူ ၁၁၅၇ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

သတင်းစဉ်

စက်တင်ဘာ ၇ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသောလေထုနေ့ အကြိုဂုဏ်ပြုဆောင်းပါး။

လေထုသန့်ရှင်းဖို့ အားလုံးပူးပေါင်းဆောင်ရွက်စို့

ကျွန်ုပ်တို့လူသားအားလုံး အသက်ရှင်သန်ရန်အတွက် လေကို မဖြစ်မနေ စက္ကန့်နှင့်အမျှ ရှူနေကြရပါသည်။ လူသားများသာမက သက်ရှိသတ္တဝါများ၏ နှာခေါင်းမှတစ်ဆင့် ရှူရှိုက်လိုက်သော လေကို ခန္ဓာကိုယ်အတွင်းရှိ အဆုတ်က အသုံးချနိုင်သည်မှာ လေထဲတွင်ပါဝင်သော အောက်ဆီဂျင်သာ ဖြစ်ပါသည် ။ ထို့ကြောင့် ရှူရှိုက်လိုက်သည့်လေတွင် သန့်ရှင်းမှုမရှိဘဲ ညစ်ညမ်းဓာတ်ငွေ့များ၊ ညစ်ညမ်းသည့် အမှုန်အမွှားများ ပါဝင်နေမည်ဆိုပါက အသက်ရှူလမ်းကြောင်းနှင့် ဆက်နွယ်သည့် ရောဂါဘယများ ဖြစ်ပေါ်လာမည်မှာ ဧကန်မုချဖြစ်ပါသည်။

နေ့စဉ်နှင့်အမျှ တိုးတက်လာသော ကမ္ဘာ့လူဦးရေနှင့် အဆိုပါလူသားများ၏ တီထွင်ကြံဆဆောင်ရွက်ချက်များ၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများသည် လေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေပြီး သက်ရှိများနှင့် ပတ်ဝန်းကျင်အပေါ်တွင် ဆိုးကျိုးများစွာဖြစ်ပေါ်စေလျက်ရှိပါသည်။ ညစ်ညမ်းသည့် လေများ နေ့စဉ်ရှူရှိုက်နေရပါက လူသားနှင့် သက်ရှိများ အရွယ်မတိုင်မီ အသက်သေဆုံးခြင်းများအထိ ဖြစ်ပေါ်နိုင်ပြီး ကောက်ပဲသီးနှံများနှင့် သစ်တော၊ သစ်ပင်များကိုလည်း ပျက်စီးစေနိုင်ပါသည်။ ထို့ကြောင့် ကမ္ဘာပေါ်ရှိလူသားများသာမက သက်ရှိအားလုံး ကျန်းမာစွာ အသက်ရှင်သန်နေထိုင်ရန် သန့်ရှင်းသောလေကို ရှူရှိုက်ခွင့်ရရှိရေးသည် လွန်စွာအရေးကြီးလှပြီး လေထုသန့်ရှင်းရေးအတွက် ဦးစားပေးအနေဖြင့် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်နေပြီဖြစ်ပါသည်။

လေထုအကြောင်း

စကြဝဠာအတွင်း သက်ရှိများရှင်သန်နေထိုင်နိုင်သည့် တစ်ခုတည်းသော ကျွန်ုပ်တို့ ကမ္ဘာမြေကြီးကို လေထု(Atmosphere)က ဝန်းရံထားပြီး အဆိုပါလေထုသည် ကမ္ဘာ့မြေပြင်အထက် မိုင်ပေါင်း ၃၀၀ (၅၀၀ ကီလိုမီတာ) ခန့်အထိ တည်ရှိနေပါသည်။ ထိုကဲ့သို့ ကမ္ဘာ့လေထုကြီးတည်ရှိနေခြင်းကြောင့်လည်း မိုးလေဝသနှင့် ရာသီဥတုဖြစ်စဉ်များ ဖြစ်ပေါ်လာရခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့ လူသားများက ရှူရှိုက်နေကြသောလေသည် ကမ္ဘာ့မြေမျက်နှာပြင်အထက် ငါးမိုင်မှ ကိုးမိုင်အတွင်းရှိ လေထုအတွင်းမှ လေများဖြစ်ပါသည်။ ကမ္ဘာ့လေထုအတွင်း၌ ဓာတ်ငွေ့မျိုးစုံပါဝင်နေပြီး အဓိကပါဝင်သည့် ဓာတ်ငွေ့နှစ်မျိုးမှာ နိုက်ထရိုဂျင်နှင့် အောက်ဆီဂျင် ဖြစ်ပါသည်။ အကြမ်းဖျင်းအားဖြင့် နိုက်ထရိုဂျင် ၇၈ ရာခိုင်နှုန်း၊ အောက်ဆီဂျင် ၂၁ ရာခိုင်နှုန်း ပါဝင်၍ ကာဗွန်ဒိုင်အောက်ဆိုက်၊ မီသိန်း၊ ဟီလီယန်၊ နီယွန်၊ အာဂွန် အစရှိသည့် အခြားဓာတ်ငွေ့များ၏ ပါဝင်မှုမှာ ၁ ရာခိုင်နှုန်းခန့်သာရှိပါသည်။ လေထုထဲ၌ အဆိုပါဓာတ်ငွေ့များအပြင် ရေခိုးရေငွေ့နှင့် အမှုန်အမွှားမျိုးစုံလည်း ပါဝင်နေပါသည်။

လေထုညစ်ညမ်းမှု

ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများစွာအနက် လေထုညစ်ညမ်းမှုပြဿနာသည် တစ်နေ့တခြား ပိုမိုများပြားလာသည်ကို တွေ့ရှိရပါသည်။ လေထုညစ်ညမ်းမှုကို ရိုးရှင်းစွာ အဓိပ္ပာယ်ဖွင့်ဆိုရလျှင် လေထုအတွင်း မလိုလားအပ်သည့် ဓာတုပစ္စည်းနှင့် အခြားအရာများ ရောနှောပါဝင်နေမှုကြောင့် လေအရည်အသွေးကျဆင်းခြင်းကို ခေါ်ဆိုပါသည်။ လေထုအတွင်းသို့ ဓာတုပစ္စည်းများ (Chemicals)၊ အလွန်သေးငယ်သော အမှုန်အမွှားများ (Particulate Matters , PM) နှင့် ဇီဝပစ္စည်းများ(Biological Materials) ရောက်ရှိနေခြင်းကြောင့် သက်ရှိများ ရောဂါဘယဖြစ်စေခြင်း၊ သေဆုံးခြင်းနှင့် သီးနှံကဲ့သို့သော ဇီဝရုပ်များ(Living Organisms)ကို ပျက်စီးစေခြင်း၊ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေခြင်းပင် ဖြစ်ပါသည်။ လေထုညစ်ညမ်းမှုကို ဖြစ်စေသည့် အရာများသည် အစိုင်အခဲအဖြစ်သော်လည်းကောင်း၊ အရည်အဖြစ်သော်လည်းကောင်း၊ အငွေ့အဖြစ်သော်လည်းကောင်း တည်ရှိနိုင်ပါသည်။

လေထုညစ်ညမ်းမှုဖြစ်ပေါ်ရခြင်း အကြောင်းရင်းများ

လေထုညစ်ညမ်းမှုသည် သဘာဝဘေးအန္တရာယ်များဖြစ်သည့် တောမီးလောင်ကျွမ်းခြင်း၊ မီးတောင်ပေါက်ကွဲခြင်းစသည့် သဘာဝဖြစ်စဉ်များကြောင့်သော်လည်းကောင်း၊ လူသားတို့၏ လုပ်ဆောင်မှုများ ဖြစ်သည့် စက်ရုံအလုပ်ရုံများ၊ မော်တော်ယာဉ်များ၊ သတ္တုတူးဖော်ရေးလုပ်ငန်းများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်များပြားလာမှုကြောင့် ထွက်ပေါ်လာသည့် အခိုးအငွေ့နှင့် အမှုန်အမွှားများကြောင့်သော်လည်းကောင်း ဖြစ်ပေါ်ရပါသည်။ ကမ္ဘာ့လေထုထဲတွင် လေထုညစ်ညမ်းမှုကို ဖြစ်စေသည့်အရာ ပစ္စည်းများမှာ အမျိုးပေါင်း ၁၀၀ ခန့် ရှိနိုင်ပါသည်။ ၎င်းတို့အနက်မှ လေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေသည့် အဓိကအရာများမှာ ဆာလ်ဖာအောက်ဆိုက်များ(SO_x)၊ နိုက်ထရိုဂျင်အောက်ဆိုက်များ(NO_x)၊ ကာဗွန်မိုနော့ဆိုက်(CO)၊ အလွန်သေးငယ်သည့် အမှုန်အမွှားများ(PM_{10} နှင့် $PM_{2.5}$)၊ အငွေ့ပျံလွယ်သည့် ဩဂဲနစ်ဒြပ်ပေါင်းများ (VOCs)၊ ရေဒီယိုသတ္တိကြွညစ်ညမ်းပစ္စည်းများ၊ ခဲ၊ ပြဒါးကဲ့သို့သောအဆိပ်သင့်စေသည့် သတ္တုများ၊ အမိုးနီးယား(NH_3)နှင့် စွန့်ပစ်ပစ္စည်းများ၊ မိလ္လာနှင့်အညစ်အကြေးများ၊ စက်မှုလုပ်ငန်းများမှ ထွက်ရှိသော အနံ့ဆိုးများ စသည်တို့ဖြစ်ကြပါသည်။ ထို့ပြင် ဆင့်ပွားညစ်ညမ်းမှုများဖြစ်သည့် မီးခိုးမြူများ (Smog) နှင့် မြေပြင်ရှိ အိုဇုန်းဓာတ်ငွေ့ (Ground Level Ozone) တို့သည်လည်း လေထုညစ်ညမ်းမှု အဓိကဖြစ်ပေါ်စေသည့် အရာများပင်ဖြစ်ပါသည်။ အဆိုပါ ညစ်ညမ်းစေသည့် ပစ္စည်း(Pollutants)များ သည် စက်မှုလုပ်ငန်းအမျိုးမျိုး၊ ကျောက်မီးသွေး၊ ရေနံနှင့် ရုပ်ကြွင်းလောင်စာများ လောင်ကျွမ်းသည့်အခါ (သို့မဟုတ်) အပြည့်အဝမလောင်ကျွမ်းခြင်း၊ မော်တော်ယာဉ်များ၏ အိတ်ဇောပိုက်များ၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ တောမီးလောင်ကျွမ်းခြင်းများ စသည်တို့ကြောင့် ထွက်ရှိလာပြီး အန္တရာယ်ကြီးမားသည့်ကမ္ဘာ့လေထုညစ်ညမ်းမှုများကို စတင်ဖြစ်ပေါ်လာစေပါသည်။

လူသားတို့ကြောင့် လေထုညစ်ညမ်းမှုကိုဖြစ်စေသည့် အကြောင်းရင်းတစ်ခုဖြစ်သော စက်ရုံများမှ မီးခိုးများ။

> **“လေထုညစ်ညမ်းမှုသည် သဘာဝဘေးအန္တရာယ်များဖြစ်သည့် တောမီးလောင်ကျွမ်းခြင်း၊ မီးတောင်ပေါက်ကွဲခြင်းစသည့် သဘာဝဖြစ်စဉ်များကြောင့်သော်လည်းကောင်း၊ လူသားတို့၏ လုပ်ဆောင်မှုများဖြစ်သည့် စက်ရုံအလုပ်ရုံများ၊ မော်တော်ယာဉ်များ၊ သတ္တုတူးဖော်ရေးလုပ်ငန်းများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်များပြားလာမှုကြောင့် ထွက်ပေါ်လာသည့် အခိုးအငွေ့နှင့် အမှုန်အမွှားများကြောင့်သော်လည်းကောင်း ဖြစ်ပေါ်ရပါသည်။ ကမ္ဘာ့လေထုထဲတွင် လေထုညစ်ညမ်းမှုကိုဖြစ်စေသည့် အရာပစ္စည်းများမှာ အမျိုးပေါင်း ၁၀၀ ခန့် ရှိနိုင်ပါသည် ”**

လူသားတို့အပေါ် ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများ

လေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေသည့် အဓိကအရာပစ္စည်းများဖြစ်ကြသည့် ဆာလ်ဖာဒိုင်အောက်ဆိုက်ဓာတ်ငွေ့(SO_2)များသည် စူးရှ၍ မနှစ်မြို့ဖွယ် အနံ့ရှိပြီး ရှူရှိုက်မိပါက နှာခေါင်းနှင့် လည်ချောင်းကိုယားယံစေခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ ရင်ဘတ်တစ်ဝိုက် တင်းကျပ်သည့်ဝေဒနာ ခံစားရခြင်း စသည့်ရောဂါများကို ဖြစ်ပေါ်စေနိုင်ပါသည်။ နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့(NO_2)များကို အချိန်ကြာမြင့်စွာ ရှူရှိုက်မိပါက ချောင်းဆိုးရင်ကျပ်ခြင်း၊ အဆုတ်၏ လုပ်ငန်းစဉ်များကို ယုတ်လျော့စေခြင်း၊ ပန်းနာရင်ကျပ်ရောဂါအခံရှိသူများ ပိုမို ထိခိုက်ခံစားလွယ်ခြင်း၊ အရေပြားယားယံခြင်း စသည့်ဝေဒနာများ ခံစားရနိုင်ပါသည်။ ကာဗွန်မိုနော့ဆိုက်ဓာတ်ငွေ့(CO)များသည် ခေါင်းကိုက်ခြင်း၊ အားနည်းခြင်း၊ ပျို့အန်ခြင်း၊ ရင်ဘတ်အောင့်ခြင်းနှင့် အချိန်ကြာမြင့်စွာ ရှူရှိုက်မိပါက အသက်သေဆုံးခြင်းအထိပင် ဖြစ်စေနိုင်ပါသည်။ အလွန်သေးငယ်သော အမှုန်အမွှားများ($PM_{2.5}$ နှင့် PM_{10}) တို့သည် အသက်ရှူလမ်းကြောင်းမှတစ်ဆင့် အဆုတ်အတွင်းအထိ ရောက်ရှိနိုင်ပြီး နှလုံးရောဂါနှင့် အဆုတ်ကင်ဆာရောဂါများအထိ ဖြစ်ပွားနိုင်ပါသည်။ မြေပြင်ရှိ အိုဇုန်းဓာတ်ငွေ့များ (Ground Level Ozone)ဓာတ်ငွေ့များသည် အဆုတ်ကို ထိခိုက်စေနိုင်ပြီး ချောင်းဆိုး၊ ရင်ကျပ်၊ ပန်းနာ ဖြစ်ပွားလွယ်ခြင်းနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ပြဿနာများကို ဖြစ်ပေါ်စေနိုင်ပါသည်။

UNEP ၏အဆိုအရ ကမ္ဘာပေါ်ရှိလူသားအားလုံး၏ ၉၂ ရာခိုင်နှုန်းခန့်သည် သန့်ရှင်းသောလေကို မရှူကြရကြောင်း၊ ညစ်ညမ်းသောလေကို ရှူရှိုက်နေကြရသဖြင့် အကြမ်းဖျင်းအားဖြင့် နှစ်စဉ်လူဦးရေ ခုနစ်သန်းခန့်သည် အရွယ်မတိုင်မီ သေဆုံးနေရကြောင်း၊ ၎င်းတို့အနက် အသက်ငါးနှစ်အောက်ကလေးငယ်များ သေဆုံးမှုသည် ပိုမိုများပြားကြောင်း သိရှိရပါသည်။ အရွယ်မတိုင်မီ သေဆုံးမှုများသည် နှလုံးရောဂါ၊ အဆုတ်ကင်ဆာ၊ နာတာရှည်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ လေဖြတ်ခြင်း စသည်ရောဂါများ ဖြစ်ပွားမှုကြောင့် သေဆုံးရခြင်းများ ဖြစ်ပါသည်။ အသက်ငါးနှစ်အောက်ကလေး ၁၀ ယောက်တွင် တစ်ယောက်သည် လေထုညစ်ညမ်းမှုကြောင့် ဖြစ်ပွားတတ်သည့် နမိုးနီးယားနှင့်

စာမျက်နှာ ၁၇ သို့

ကျော်နိုင်ဦး (ပတ်ဝန်းကျင်)

စာမျက်နှာ ၁၆ မှ

အခြားအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများကြောင့် သေဆုံးကြရသဖြင့် လေထုညစ်ညမ်းမှုသည် ကလေးငယ်များအတွက် အလွန်အန္တရာယ်များလှပါသည်။

သဘာဝပတ်ဝန်းကျင်အပေါ် ဆိုးကျိုးသက်ရောက်မှုများ

ညစ်ညမ်းသောလေထုတွင် ပါဝင်သည့် အမှုန်အမွှားများ၊ မြေပြင်အိုဇုန်းများသည် အပင်များ၏ အရွက်များအပေါ် ဖုံးအုပ်ခြင်းကြောင့် အပင်များ အနေဖြင့် အလင်းမှီစုအစာချက်လုပ်ခြင်း (Photo-synthesis) လုပ်ငန်းများတွင် အဓိကလိုအပ်သည့် ကာဗွန်ဒိုင်အောက်ဆိုက်စုပ်ယူမှု လျော့နည်းလာရပါသည်။ ထိုအခါ အပင်များကြီးထွားမှုကို အဟန့်အတားဖြစ်စေပြီး အထူးသဖြင့် ပျိုးပင်များ၏ ရှင်သန်ကြီးထွားမှုကို ယုတ်လျော့လာစေကာ ပိုးမွှားရောဂါနှင့် မှိုရောဂါများ ကျရောက်လာကြရပါသည်။ ထို့ကြောင့် သီးနှံအထွက်နှုန်းကျဆင်းမှု၊ သစ်တောထွက်ပစ္စည်းများ အထွက်နှုန်းကျဆင်းမှုတို့ ဖြစ်ပေါ်လာရပါသည်။ ညစ်ညမ်းဓာတ်ငွေ့တစ်မျိုးဖြစ်သည့် ပြေပြင်အနီးရှိ အိုဇုန်းဓာတ်ငွေ့များ တဖြည်းဖြည်းတိုးမြင့်လာခြင်းကြောင့် လာမည့် ၂၀၃၀ ပြည့်နှစ်တွင် အဓိကသီးနှံများ အထွက်နှုန်းသည် ၂၆ ရာခိုင်နှုန်း အထိ ကျဆင်းသွားနိုင်ကြောင်း WHO နှင့် ပတ်ဝန်းကျင်ဆိုင်ရာသိပ္ပံပညာရှင်များ၏ ထုတ်ပြန်ချက်များ အရ သိရှိရပါသည်။

ရုပ်ကြွင်းလောင်စာများသုံးစွဲသော စက်ရုံ၊ အလုပ်ရုံနှင့် မော်တော်ယာဉ်များက ထုတ်လွှတ်လိုက်သည့် ညစ်ညမ်းပစ္စည်းများတွင် ပါဝင်သည့် ဆာလ်ဖာဒိုင်အောက်ဆိုက်(SO_2)နှင့် နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်(NO_2)များသည် လေထုအတွင်းသို့ ရောက်ရှိသွားပြီး တိမ်တိုက်များ၏ ရေမော်လီကျူးများ(H_2O)နှင့် ပေါင်းစပ်မိသည့်အခါ ဆာလ်ဖျူရစ်အက်စစ်(H_2SO_4)နှင့် နိုက်ထရစ်အက်စစ် (HNO_3)များအဖြစ် ပြောင်းလဲသွားပါသည်။ အဆိုပါတိမ်တိုက်များမှ မိုးရွာချသည့်အခါ မိုးရေထဲ၌ အက်စစ်ဓာတ်များပါလာသည့်အတွက် အက်စစ်မိုး (Acid Rain) ဟု ခေါ်ဆိုပြီး အဆိုပါ အက်စစ်မိုးရေသည် pH 5 ဝန်းကျင်၌သာ ရှိပါသည်။ အက်စစ်မိုးကြောင့် ရေနေသတ္တဝါများနှင့် အပင်ကြီး၊ အပင်ငယ်အားလုံးကို ထိခိုက်သေကျေပျက်စီးနိုင်ပါသည်။ pH 5 အဆင့်ရှိသည့် မိုးရေသည် ငါးဥများ မပေါက်ပွားနိုင်ကြတော့ဘဲ pH 5.5 ထက်နည်းပါက ငါးမျိုးစိတ်အချို့သေကျေပျက်စီးဆုံးရှုံးကြရပါသည်။ အက်စစ်မိုးရွာသွန်းခံရသည့်ဒေသရှိ သစ်ပင်များသည် မှိုနှင့် ပိုးမွှားရောဂါများ ပိုမိုဖြစ်ပေါ်ပြီး သစ်ရွက်များ အညိုရောင်ပြောင်းသွားခြင်း၊ သစ်ရွက်သစ်ကိုင်းများ ခြောက်သွေ့သွားခြင်း၊ အချို့သစ်တော၊ သစ်ပင်များ သေဆုံးကုန်ရခြင်းများ ဖြစ်ပေါ်လာနိုင်ပါသည်။

မီးခိုးမြှုင့်ညစ်ညမ်းမှုများသည်လည်း လေထုညစ်ညမ်းမှုကြောင့် ဖြစ်ပေါ်လာရခြင်းဖြစ်ပြီး လေထုထဲတွင် အလွန်သေးငယ်သော အမှုန်အမွှားများ Particulate Matter($PM_{2.5}$ နှင့် PM_{10})၊ Carbon dioxide(CO_2)၊ Carbon Monoxide (CO)၊ Nitrogen dioxide (NO_2)၊ Sulphur dioxide(SO_2)၊ Ground Level Ozone(O_3)၊ ရေငွေ့များနှင့် အခြားအဆိပ်ဓာတ်ငွေ့များ ရောနှောပါဝင်နေသည့် ဖြစ်စဉ်တစ်ခုပင်ဖြစ်ပါသည်။ ယခုအခါ မီးခိုးမြှုင့်ညစ်ညမ်းမှုသည် အာဆီယံနိုင်ငံများသာမက ကမ္ဘာ့နိုင်ငံများပါ ရင်ဆိုင်ကြုံတွေ့နေရသည့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာတစ်ရပ် ဖြစ်နေပါသည်။ သဘာဝအလျောက် တောမီးလောင်ကျွမ်းခြင်းနှင့် မီးတောင်ပေါက်ကွဲခြင်းတို့မှထွက်ရှိသော အခိုးအငွေ့များ၊ စက်ရုံ၊ အလုပ်ရုံ၊ မော်တော်ယာဉ်နှင့် ဒီဇယ်၊ ဓာတ်ဆီအင်ဂျင်များမှထွက်ရှိသော အခိုးအငွေ့များ၊ အမှိုက်ပုံကြီးများ မီးလောင်ခြင်းနှင့် စွန့်ပစ်အမှိုက်များ မီးရှို့ခြင်းတို့မှထွက်ရှိသော အခိုးအငွေ့များ၊ ရွှေ့ပြောင်းတောင်ယာအတွက် တောခုတ်မီးရှို့ခြင်း၊ ရိုးပြတ်များ၊ ကောက်ရိုးများကို မီးရှို့ခြင်း၊ ရွက်နုထွက်စေရန် မီးရှို့ခြင်း၊ မြေသြဇာအတွက် စပါးခွံများကို မီးရှို့ခြင်း စသည်တို့မှထွက်ရှိသည့် အခိုးအငွေ့များကြောင့် မီးခိုးမြှုင့် ညစ်ညမ်းမှုများ ဖြစ်ပေါ်လာရပါသည်။ ညစ်ညမ်းမှုဖြစ်ပေါ်နေသော ပတ်ဝန်းကျင်တွင် အပင်နှင့် တိရစ္ဆာန်များ အသက်ရှင်သန်ရပ်တည်နိုင်ရန် ခက်ခဲခြင်း၊ မီးခိုးမြှုင့်များ အုံ့ဆိုင်းနေပါက မြင်ကွင်းမရှင်းလင်းသည့်အတွက် ယာဉ်မတော်တဆ ထိခိုက်မှုများဖြစ်နိုင်ခြင်းနှင့် လေယာဉ်များ ဆင်းသက်ရန် ခက်ခဲခြင်း၊ မီးခိုးမြှုင့်များဖြစ်ပေါ်ချိန်တွင် နေအိမ်အတွင်း၌သာ နေထိုင်ကြရပြီး ကျောင်းများ၊ စျေးများ၊ ဟိုတယ်များ ပိတ်ထားရသဖြင့် ပညာရေး၊ စီးပွားရေး ထိခိုက်ရခြင်း၊ တောမီးလောင်ကျွမ်းခြင်း၊ တောမီးရှို့ခြင်းတို့ကြောင့် တောရိုင်းတိရစ္ဆာန်များ၏ နေရင်းဒေသများ ပျောက်ဆုံးလာပြီး ဇီဝမျိုးစုံမျိုးကွဲများ ရှားပါးလာကာ သဘာဝဂေဟစနစ်ကို ထိခိုက်လာစေခြင်းနှင့် စားနပ်ရိက္ခာများရှားပါးလာခြင်း စသည့်ပြဿနာအမျိုးမျိုး ကြုံတွေ့လာကြရပါသည်။ ကျွန်ုပ်တို့ မြန်မာနိုင်ငံသည် နယ်စပ်ဖြတ်ကျော် မီးခိုးမြှုင့် ညစ်ညမ်းမှုဆိုင်ရာ အာဆီယံသဘောတူညီချက် (ASEAN Agreement on Transboundary Haze Pollution) ကို ၂၀၀၃ ခုနှစ် မတ် ၅ ရက်တွင် သဘောတူလက်မှတ်ရေးထိုးခဲ့ပြီး အဖွဲ့ဝင်နိုင်ငံအဖြစ် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါသဘောတူညီချက်အရ ကျွန်ုပ်တို့ နိုင်ငံသူနိုင်ငံသားများသည် တောမီးလောင်ကျွမ်းခြင်းနှင့် အကြောင်းအမျိုးမျိုးကြောင့် လောင်ကျွမ်းသည့် အခြားမီးတို့ကြောင့် ဖြစ်ပေါ်လာသော နယ်စပ်ဖြတ်ကျော်မီးခိုးမြှုင့်ညစ်ညမ်းမှု ပြဿနာများကို စောင့်ကြပ်ကြည့်ရှုရန်နှင့် ထိန်းချုပ်လျှော့ချရန် တာဝန်ရှိပါသည်။

လေထုညစ်ညမ်းမှုနှင့် ရာသီဥတုပြောင်းလဲဖောက်ပြန်မှု

လေထုညစ်ညမ်းမှုနှင့် ရာသီဥတုပြောင်းလဲမှုတို့သည် တိုက်ရိုက်ဆက်နွယ်နေပါသည်။ လေထုညစ်ညမ်းမှုသည် သက်ရှိနှင့် လူသားတို့အတွက် အန္တရာယ်ရှိရုံသာမက ရာသီဥတုပြောင်းလဲမှုကိုလည်း ဖြစ်ပေါ်စေပါသည်။ ရုပ်ကြွင်းလောင်စာများ လောင်ကျွမ်းခြင်းမှ ထုတ်လွှတ်လိုက်သည့် လေထုညစ်ညမ်းစေသည့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့၊ နိုက်ထရပ်အောက်ဆိုက်၊ မီသိန်းနှင့် အခြားမှန်လုံအိမ်ဓာတ်ငွေ့များသည် တစ်နှစ်ထက် တစ်နှစ် ပိုမိုများပြားလာပြီး အကျိုးဆက်အဖြစ် ကမ္ဘာ့အပူချိန်မြင့်တက်လာကာ ကမ္ဘာတစ်ဝန်းလုံးတွင် ရာသီဥတုပြောင်းလဲဖောက်ပြန်မှုဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။ လက်ရှိအချိန်တွင် ကမ္ဘာ့နိုင်ငံများအားလုံးသည် ရာသီဥတုပြောင်းလဲဖောက်ပြန်မှုကို ဟန့်တားနိုင်ရန် နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ လေထုညစ်ညမ်းမှုဖြစ်စေသည့်အရာများကို လျှော့ချနိုင်ရေးသည် အလွန်အရေးကြီးသည့် လုပ်ငန်းစဉ်တစ်ရပ် ဖြစ်ပါသည်။

လေထုညစ်ညမ်းမှု လျှော့ချရေး

ယခုအချိန်အခါတွင် ကျွန်ုပ်တို့အနေဖြင့် လေထုညစ်ညမ်းမှုကို လျှော့ချရေးနှင့် သန့်ရှင်းသောလေကို ရှူရှိုက်နိုင်ရေးအတွက် အရေးတကြီးကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်နေပြီဖြစ်ကာ လူသားအားလုံး၏ လုပ်ဆောင်ချက်များကို ဆင်ခြင်သုံးသပ်သင့်သော အချိန်အခါသို့ ရောက်ရှိနေပြီဖြစ်ပါသည်။ လေထုညစ်ညမ်းမှု လျှော့ချနိုင်ရေးအတွက် အဓိကဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းစဉ်မှာ ရုပ်ကြွင်းလောင်စာများသုံးစွဲနေမှုအစား ပြန်ပြည့်မြဲစွမ်းအင် (Renewable Energy)များနှင့် အစိမ်းရောင်နည်းပညာ(Green Technology)များ ပိုမိုကျယ်ပြန့်စွာ အသုံးပြုရေးပင်ဖြစ်သည်။ ပြန်ပြည့်မြဲစွမ်းအင်ဆိုသည်မှာ စဉ်ဆက်မပြတ်ရရှိနိုင်သော စွမ်းအင်များ ဖြစ်ပြီး ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်ကာ လေထုညစ်ညမ်းစေသည့်ပစ္စည်းများနှင့် မှန်လုံအိမ်ဓာတ်ငွေ့များ တိုက်ရိုက်ထုတ်လွှတ်မှုမရှိသော စွမ်းအင်များ ဖြစ်ပါသည်။ ဥပမာ ရေအားစွမ်းအင်၊ နေရောင်ခြည်စွမ်းအင်၊ လေအားစွမ်းအင်နှင့် ဘူမိအပူစွမ်းအင်များဖြစ်ကြပြီး အဆိုပါစွမ်းအင်များသည် လေထုညစ်ညမ်းစေသည့်အရာများနှင့် မှန်လုံအိမ်ဓာတ်ငွေ့များ လေထုအတွင်း တိုက်ရိုက်ထုတ်လွှတ်မှုမရှိကြပါ။ အစိမ်းရောင်နည်းပညာဆိုသည်မှာ ပတ်ဝန်းကျင်ကို ထိခိုက်မှုအနည်းဆုံးဖြစ်စေသည့် နည်းပညာများ ဖြစ်ပါသည်။ ဓာတ်ဆီ၊ ဒီဇယ်သုံးစွဲသော မော်တော်ယာဉ်များအစား လျှပ်စစ်ယာဉ်များ တီထွင်အသုံးပြုသည့် နည်းပညာများ၊ လေသန့်စင်သည့် နည်းပညာများ၊ သုံးစွဲပြီးသော စက္ကူများ၊ ပလတ်စတစ်များ၊ စွန့်ပစ်ပစ္စည်းများကို ပြန်လည်ထုတ်လုပ်သည့် နည်းပညာများ စသည်တို့သည် အစိမ်းရောင်နည်းပညာများပင် ဖြစ်ပါသည်။

လေထုညစ်ညမ်းမှု လျှော့ချနိုင်ရေးအတွက် ဒုတိယလုပ်ငန်းစဉ်မှာ သစ်တောသစ်ပင်များ တိုးမြှင့်စိုက်ပျိုးခြင်းဖြစ်သည်။ သစ်တောသစ်ပင်များသည် လေထုအတွင်းမှ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များကို စုပ်ယူပြီး နေရောင်ခြည်စွမ်းအင်ဖြင့် အစာချက်လုပ်ကာ ကျွန်ုပ်တို့လူသားများ အသက်ရှင်ရေးအတွက်အဓိကလိုအပ်သော အောက်ဆီဂျင်ဓာတ်ငွေ့ကို ထုတ်လွှတ်ပေးပါသည်။ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့သည် မှန်လုံအိမ်ဓာတ်ငွေ့များအနက် အဓိကကျသည့် ဓာတ်ငွေ့တစ်မျိုးဖြစ်ရာ သစ်တောသစ်ပင်များ ပြုစုစိုက်ပျိုးထိန်းသိမ်းခြင်းသည် လေထုကို သန့်ရှင်းစေရုံသာမက မှန်လုံအိမ်အာနိသင်ကို လျှော့ချပြီးသားဖြစ်ကာ ကမ္ဘာကြီးပူနွေးလာမှုနှင့် ကမ္ဘာ့ရာသီဥတုပြောင်းလဲဖောက်ပြန်မှုကို ဟန့်တားတိုက်ဖျက်နိုင်မည် ဖြစ်ပါသည်။ ကျွန်ုပ်တို့ မြန်မာနိုင်ငံအနေဖြင့် သဘာဝအတိုင်းတည်ရှိနေသော သစ်တောကြီးများကို ထာဝစဉ်တည်တံ့စေရန် ထိန်းသိမ်းစောင့်ရှောက်ကြရမည့် အပြင် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းနှင့် လမ်းဘေးဝဲယာနှင့် အများပိုင်နေရာများ၊ စာသင်ကျောင်းများ၊ ရုံးများ၌ သစ်ပင်များကို အင်တိုက်အားတိုက် နှစ်စဉ်စိုက်ပျိုးကြရပါမည်။

လေထုညစ်ညမ်းမှုလျှော့ချရေးအတွက် အစိုးရအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ အားလုံးပူးပေါင်းဆောင်ရွက်လျက်ရှိကြရာ ကျွန်ုပ်တို့ နိုင်ငံသူနိုင်ငံသား တစ်ယောက်ချင်းစီအနေဖြင့်လည်း တစ်နိုင်တစ်ပိုင် ကိုယ်စီကိုယ်၎ တာဝန်သိသိဖြင့် လက်တွေ့ကျကျ ဆောင်ရွက်ကြရန်လည်း လိုအပ်ပါသည်။ ကျွန်ုပ်တို့လူသားများ၏ ပယောဂများကြောင့် ဖြစ်ပေါ်လာသည့် လေထုညစ်ညမ်းမှုကို လူသားများ၏ လုပ်ရပ်ဖြင့်ပင် ထိန်းသိမ်းကာကွယ်ကြရမည် ဖြစ်ပါသည်။ မိမိတို့တစ်ဦးတစ်ယောက်ချင်းစီအနေဖြင့် စွမ်းအင်များကို ချွေတာသုံးစွဲခြင်း၊ ရုပ်ကြွင်းလောင်စာသုံးစွဲမှုများကို တတ်နိုင်သမျှ လျှော့ချသုံးစွဲခြင်း၊ ပြန်ပြည့်မြဲစွမ်းအင်များ ရယူသုံးစွဲခြင်း၊ အမှိုက်များ စည်းကမ်းမဲ့မီးရှို့ခြင်းကို ရှောင်ကြဉ်ခြင်း၊ Reduce, Reuse, Recycle ဟူသည့် 3R စနစ်ကို လိုက်နာကျင့်သုံးခြင်းနှင့် သစ်ပင်များ ပြုစုစိုက်ပျိုးခြင်း စသည်တို့ကို လိုက်နာဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။

အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသော လေထုနေ့

တိုးတက်လာသော ခေတ်ရေစီးကြောင်းအတိုင်း လူသားတို့၏ တီထွင်ကြံဆဆောင်ရွက်ချက်များမှ လေထုညစ်ညမ်းမှုများ ဖြစ်ပေါ်စေလျက်ရှိရာ လေထုညစ်ညမ်းမှုသည် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုများနှင့်လည်း ချိတ်ဆက်နေသဖြင့် လေထုညစ်ညမ်းမှုကို လျှော့ချနိုင်မည်ဆိုပါက သက်ရှိများနှင့် ပတ်ဝန်းကျင်အပေါ်တွင် များစွာ အကျိုးဖြစ်ထွန်းလာစေမည်ဖြစ်ပါသည်။ ဤအချက်ကို တပ်လှန့်နှိုးဆော်သည့်အနေဖြင့် ၂၀၁၉ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သည့် (၇၄) ကြိမ်မြောက် ကုလသမဂ္ဂ ထွေထွေညီလာခံ၏ ဆုံးဖြတ်ချက် ၇၄/၂၁၂ အရ လေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေသည့် အကြောင်းအရင်းများ၊ အကျိုးသက်ရောက်မှုများနှင့် လေထုအရည်အသွေးကို တိုးတက်လာစေမည့်ဖြေရှင်းနည်းများကို ပိုမိုသိရှိနားလည်စေရန်အတွက် နှစ်စဉ် စက်တင်ဘာ ၇ ရက်ကို အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသောလေထုနေ့ (Internal Day of Clean Air for Blue Skies)အဖြစ် သတ်မှတ်ခဲ့ကြပါသည်။ လေထုညစ်ညမ်းမှုများကို ကိုင်တွယ်ဖြေရှင်းရာတွင် ကမ္ဘာလုံးဆိုင်ရာ ဆောင်ရွက်ချက်များကို ပိုမိုမြှင့်တင်နိုင်ရန်နှင့် အသိပညာပေးနိုင်ရန် ရည်ရွယ်၍ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများအားလုံး၌ အထိမ်းအမှတ်လှုပ်ရှားမှုများ ဆောင်ရွက်သွားကြမည်ဖြစ်ပါသည်။ ယခုလာမည့် ၂၀၂၂ ခုနှစ် စက်တင်ဘာ ၇ ရက်တွင် ကျရောက်မည့် တတိယအကြိမ်မြောက်အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသောလေထုနေ့၏ ဆောင်ပုဒ်မှာ “The Air We Share ” (လေထု သန့်ရှင်းဖို့ အားလုံးပူးပေါင်းဆောင်ရွက်စို့) ဟူ၍ ဖြစ်ပါသည်။

နိဂုံး

အချုပ်အားဖြင့်ဆိုသော် လေထုညစ်ညမ်းမှု လျှော့ချရေးအတွက် တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့အစည်းအလိုက်ဖြစ်စေ၊ မြို့တစ်မြို့ချင်း၊ နိုင်ငံတစ်နိုင်ငံချင်း အလိုက်ဖြစ်စေ အထူးဦးစားပေး၍ ကြိုးပမ်းဆောင်ရွက်ကြမှသာ ကျွန်ုပ်တို့လူသားများ ကျန်းမာအသက်ရှည်စွာ နေထိုင်နိုင်ကြမည်ဖြစ်ပါသည်။ ကျွန်ုပ်တို့ မြန်မာနိုင်ငံအနေဖြင့်လည်း စက်မှုလုပ်ငန်းများအပါအဝင် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ လေထုညစ်ညမ်းမှုပြဿနာများ ဆိုးရွားစွာ မဖြစ်ပေါ်စေရေးအတွက် လေထုညစ်ညမ်းမှု လျှော့ချရေးလုပ်ငန်းစဉ်များကို အထူးအလေးထားကြိုတင်ဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။ ထို့ကြောင့် လေထုသန့်ရှင်းဖို့ အားလုံးပူးပေါင်းဆောင်ရွက်စို့ဟူသော ဆောင်ပုဒ်နှင့်အညီ လူသားနှင့်သက်ရှိအားလုံးအတွက် အလွန်အရေးကြီးသော လေထုကောင်းမွန်သန့်ရှင်းရေးကို အစိုးရဌာနများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ သာမက ကျွန်ုပ်တို့ တစ်ဦးတစ်ယောက်ချင်းစီအနေဖြင့် လက်တွဲညီညာစွာဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါစို့ဟု အလေးအနက် တိုက်တွန်းတင်ပြရင်း ၂၀၂၂ ခုနှစ် စက်တင်ဘာ ၇ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသောလေထုနေ့ကို ဂုဏ်ပြုကြိုဆိုအပ်ပါသည်။ ။

ကိုးကား

(၁) Environmental Conservation Department – ECD facebook page

(၂) ဝင်းချစ် (အမျိုးသားစာပေဆုရ) ၏ ရေ အကြောင်း လေအကြောင်း တစ္ဆေတစောင်း ဆောင်းပါး

(၃) အင်တာနက်

အက်တမ်(ATOM)က မြန်မာလူငယ်များအတွက် ဆန်းသစ်တီထွင် နည်းပညာအစီအစဉ်(TTP)ကို မိတ်ဆက်

ရန်ကုန် စက်တင်ဘာ ၃

မြန်မာနိုင်ငံအတွင်းမှ အိုင်တီနည်းပညာကို စိတ်ပါဝင်စားသော လူငယ်များအတွက် ကျွမ်းကျင်မှုစွမ်းရည်များကို အဆင့်မြှင့်တင်ပေးနိုင်ရန် တစ်နှစ်ကြာ လေ့ကျင့်သင်ကြားပေးမည့် အစီအစဉ်ဖြစ်သော နည်းပညာသင်တန်းအစီအစဉ်(TTP)ကို အက်တမ်(ATOM)က သြဂုတ် ၂၉ ရက်က စတင်မိတ်ဆက်လိုက်သည်။

အဆိုပါ နည်းပညာသင်တန်းအစီအစဉ်ကို အက်တမ်၏ LINKEDIN စာမျက်နှာမှတစ်ဆင့် ကြေညာမည်ဖြစ်ပြီး သင်တန်းတွင် ပါဝင်လိုသူများသည် LINKEDIN မှ တိုက်ရိုက် သို့မဟုတ်ကိုယ်ရေးမှတ်တမ်းနှင့် လျှောက်ထားရသည့် ရည်ရွယ်ချက်အကြောင်းတို့ကို ရေးသား၍ trainee@atom.com.mm သို့ အီးမေးလ်ပေးပို့၍ လျှောက်ထားနိုင်မည်ဖြစ်ပြီး ဆန်ခါတင်ရွေးချယ်ခံရသူများကို အင်တာဗျူးဖြေဆိုရန် ဆက်သွယ်မည်ဖြစ်ကြောင်း၊ ATOM အနေဖြင့် သင်တန်းသားရှစ်ဦးအား ရွေးချယ်မည်ဖြစ်ပြီး ရွေးချယ်ခံရသောသူများသည် တစ်နှစ်ကြာ သင်တန်းအစီအစဉ်တွင် တက်ရောက်ခွင့်ရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သင်တန်းအစီအစဉ်သည် အနာဂတ် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများအတွက် ကြိုတင်ပြင်ဆင်နေသော လူငယ်များ၏ ကျွမ်းကျင်မှုကို အဆင့်မြှင့်တင်ပေးခြင်းဖြင့် လုပ်ငန်းခွင်တွင် အဆင်သင့်ဖြစ်စေနိုင်ရန် ရည်ရွယ်ကြောင်း၊ သင်တန်းသို့ လတ်တလော ဘွဲ့ရထားသူများ၊ တက္ကသိုလ်တတိယနှစ်သို့မဟုတ် နောက်ဆုံးနှစ် ကျောင်းသား၊ ကျောင်းသူများနှင့် လုပ်ငန်းခွင်သို့ စတင်ဝင်ရောက်သူများ (အတွေ့အကြုံ နှစ်နှစ်ခန့်ရှိသူများ) တက်ရောက်ရန် တိုက်တွန်းလိုကြောင်း၊ သင်တန်းအစီအစဉ်တွင် တတ်ရောက်သူများသည် နောက်ဆုံးပေါ် နည်းပညာပိုင်းဆိုင်ရာပညာရပ်များ၊ IT နှင့်ပတ်သက်သော လုပ်ငန်းခွင်သုံး ပညာရပ်များအပြင် ဆက်သွယ်ရေး အော်ပရေတာ အက်တမ်၏ လုပ်ငန်းခွင် ယဉ်ကျေးမှုအလေ့အထများကိုပါ လေ့လာသင်ယူနိုင်ခွင့် ရရှိကြမည်ဖြစ်ကြောင်း အက်တမ်က သတင်းထုတ်ပြန်ထားသည်။

"ဒစ်ဂျစ်တယ်နဲ့ Augmented Reality က ကျွန်ုပ်တို့ရဲ့ လက်ရှိနေထိုင်မှုဘဝမှာ ပါဝင်နေပြီဖြစ်တဲ့အပြင် အနာဂတ်မှာလည်း ဆက်လက်အရေးပါနေဦးမှာပါ။ ဒါကြောင့် ဒစ်ဂျစ်တယ်ကျွမ်းကျင်မှု လိုအပ်ချက်က တစ်ကမ္ဘာလုံးမှာသာမက မြန်မာနိုင်ငံမှာလည်း မြင့်တက်နေပါတယ်။ မြန်မာနိုင်ငံမှာ ဒစ်ဂျစ်တယ်ကျွမ်းကျင်မှုစွမ်းရည်တွေ ဖွံ့ဖြိုးတိုးတက်ရန်နဲ့ မြှင့်တင်ရန်အတွက် နည်းပညာသင်တန်းအစီအစဉ်(TTP)ကနေတစ်ဆင့် လူငယ်တွေရဲ့ စွမ်းဆောင်ရည်တွေကို ပြုစုပျိုးထောင်သွားဖို့ ကတိကဝတ်ပြုပါတယ်။ လူမှုစီးပွားနဲ့ ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အကျိုးရှိစေမှာ ဖြစ်ပါတယ်။ လူငယ်တွေရဲ့ အလုပ်အကိုင်လမ်းကြောင်းတွေကို ပိုမိုကောင်းမွန်အောင် ဖော်ဆောင်ပေးသွားမယ့် ဒီသင်တန်းက စွမ်းဆောင်ရည်မြှင့်တင်လိုတဲ့ လူငယ်တွေအတွက် အဓိကသော့ချက် ဖြစ်ပါတယ်"ဟု အက်တမ်၏ HR အရာရှိချုပ် ဦးကျော်မင်းသိန်းက ပြောကြားသည်။

သင်တန်းကာလအတွင်း သင်တန်းသားများသည် အဖွဲ့လိုက် သို့မဟုတ် တစ်ဦးချင်း သင်ခန်းစာများ လက်တွေ့လုပ်ဆောင်ရမည့်အပြင် အက်တမ်၏ အတွေ့အကြုံရှိပြီး ကျွမ်းကျင်သော လုပ်ဖော်ကိုင်ဖက်များနှင့်ပါ တွေ့ဆုံပြီး ၎င်းတို့ထံမှ အနီးကပ်လေ့လာသင်ယူခွင့် ရရှိမည်ဖြစ်သည်။ သင်တန်းသားများသည် ၎င်းတို့၏ရလဒ်များနှင့် လုပ်ဆောင်နိုင်စွမ်းတိုးတက်မှုများကို သုံးလတစ်ကြိမ် ပြုလုပ်မည့် အရည်အချင်းပြသတင်ဆက်မှုများမှတစ်ဆင့် ဖော်ထုတ်၊ မျှဝေနိုင်မည်ဖြစ်သည်။ သင်တန်းမပြီးမီတွင် နောက်ဆုံးစစ်ဆေးမှုတစ်ခုကို ဖြေဆိုရမည်ဖြစ်ပြီး အောင်မြင်သော သင်တန်းသားများအား သင်တန်းပြီးမြောက်ကြောင်း လက်မှတ်ပေးအပ်သွားမည်ဖြစ်ကာ ထူးချွန်စွာအောင်မြင်သော သင်တန်းသားများအနေဖြင့် အက်တမ်တွင် အချိန်ပြည့်ဝန်ထမ်းများဖြစ်လာရန် အခွင့်အလမ်းများကိုပါ ရရှိမည်ဖြစ်ကြောင်း သိရသည်။ **ကိုစိုး**

Adapter ခေါင်းမပါတဲ့ ပထမဆုံး Redmi ဖုန်း မော်ဒယ်သစ် Redmi Note 11SE

ရန်ကုန် စက်တင်ဘာ ၃

Xiaomi ဟာ ၂၀၂၀ နှစ်ကုန်ပိုင်းမှာ Mi 11 ဖုန်းကနေစပြီး Adapter ခေါင်းမပါတဲ့ စမတ်ဖုန်းကို စတင်ရောင်းချခဲ့ပေမယ့် Xiaomi ကနေ တန်ဖိုးနည်းတံဆိပ်တစ်ခုအနေနဲ့ ခွဲထွက်ထားတဲ့ Redmi ကတော့ အားသွင်းကြိုးနဲ့ Adapter ခေါင်းတွေ ပါဝင်နေဆဲဖြစ်ပါတယ်။ ဒါပေမယ့် သြဂုတ် ၂၅ ရက်က အိန္ဒိယနိုင်ငံမှာ Redmi Note 11SE ကို Adapter ခေါင်းမပါဘဲ USB ကြိုးပဲပါတဲ့ ပထမဆုံး Redmi ဖုန်း မော်ဒယ်အဖြစ် စတင်ရောင်းချခဲ့ပါတယ်။

ဒါကြောင့် မြန်မာနိုင်ငံအတွင်း စျေးကွက်ကို ရောက်လာချိန်မှာလည်း Adapter ခေါင်းမပါဘဲ ဝင်လာမလားဆိုတာနဲ့ နောက်ထွက်မယ့် Redmi ဖုန်းတွေမှာရော Adapter ခေါင်းနဲ့ အားသွင်းကြိုးတွေ မပါဘဲ ဖြစ်လာတော့မလားဆိုတာ စိတ်ဝင်စားမှုတွေ ရှိနေပါတယ်။ နိုင်ငံတကာက သတင်းဝက်ဘ်ဆိုက်တွေမှာ ဖော်ပြချက်တွေအရ တော့ Redmi ဟာ Note 11SE ကို နိုင်ငံအလိုက် Adapter ခေါင်းပါတဲ့ Package နဲ့ မပါတဲ့ Package လို့ ပုံစံနှစ်မျိုးနဲ့ ရောင်းချမှာဖြစ်ပြီး စျေးနှုန်းကတော့ အတူတူပဲဖြစ်မယ်လို့ သိရပါတယ်။

ဖုန်းတွေမှာ အားသွင်းကြိုးနဲ့ Adapter ခေါင်း ထည့်မပေးဘဲ သီးသန့်ထပ်ဝယ်ရတာကို Apple က စတင်လိုက်ပြီးတဲ့နောက်မှာ ဆမ်ဆောင်းအပါအဝင် တခြား အန်းဒရွိုက်ဖုန်းတွေကလည်း Adapter ခေါင်းမပါတဲ့ ဖုန်းမော်ဒယ်တွေ ရောင်းချလာကြပါတယ်။ ဒါပေမယ့် တန်ဖိုးနည်းဖုန်းအဖြစ် သတ်မှတ်ထားတဲ့ Redmi မှာ အသုံးပြုသူတွေအဖို့ အပိုကုန်ကျစရိတ် ဖြစ်စေမယ့် Adapter ခေါင်းမပါဝင်ဘဲ စတင်ရောင်းချတာကိုတော့ နိုင်ငံတကာ စျေးကွက်နဲ့ အသုံးပြုသူတွေကြားမှာ ဝေဖန်မှုတွေများနေတာ တွေ့ရပါတယ်။

ကျော်ဇင်ဦး

ကိုးကား – gsmarena.com

ဆမ်ဆောင်း၏ Unfold Your World အခမ်းအနားတွင် မိတ်ဆက်ခဲ့သော ထုတ်ကုန်သစ်များ

ရန်ကုန် စက်တင်ဘာ ၃

ဆမ်ဆောင်း၏ တန်ဖိုးမြင့် ခေါက်ဖုန်းမော်ဒယ်အသစ်နှစ်ခုဖြစ်သော Galaxy Z Fold 4 နှင့် Galaxy Z Flip4 တို့နှင့်အတူ အခြားထုတ်ကုန်သစ်များဖြစ်သည့် Galaxy Watch5 နှင့် Watch 5 Pro စမတ်နာရီများ နှင့် Galaxy Buds2 Pro နားကြပ်များကို မိတ်ဆက်သည့် Unfold Your World အခမ်းအနားကို သြဂုတ် ၂၀ ရက်က ရန်ကုန်မြို့ နိုဗိုတယ် ဟိုတယ်၌ ကျင်းပခဲ့ရာ အဆိုပါထုတ်ကုန်သစ်များ၏ အချက်အလက်အချို့ကို ဖော်ပြလိုက်ပါသည်။

Galaxy Z Flip4

Galaxy Z Flip4 ကို ယခင် Z Flip ဖုန်းများ၏ အမှတ်သင်္ကေတ ဒီဇိုင်းကို အမှီပြုကာ ဆန်းသစ်ဖန်တီးထားပြီး ပိုမိုဆန်းသစ်သော လုပ်ဆောင်ချက်များ၊ အဆင့်မြှင့်တင်ထားသော ကင်မရာစွမ်းဆောင်ရည်၊ ပိုမိုကြီးမားသော ဘက်ထရီပမာဏနှင့် သုံးစွဲသူတစ်ဦးချင်းစီ အလိုက် စိတ်ကြိုက်ပြင်ဆင်ဖန်တီးနိုင်မှုများ ပါဝင်မည်ဖြစ်ကြောင်းနှင့် စွမ်းဆောင်ရည်မြင့် တန်ဖိုးမြင့်ဖုန်းဖြစ်၍ ရောင်းစျေးမှာ ကျပ် ၂၉၅၉၀၀၀ ဖြစ်ကြောင်း သိရသည်။

Galaxy Z Fold4

Galaxy Z Fold4 တွင် အသုံးပြုမှုအပေါ်မူတည်၍ လိုအပ်သလို ပြောင်းလဲနိုင်သော ဒီဇိုင်းတည်ဆောက်ပုံ၊ ကြီးမားကျယ်ပြန့်သော မျက်နှာပြင်များနှင့် ကွန်ပျူတာတစ်လုံးကဲ့သို့ အားကောင်းသော multitasking စွမ်းဆောင်ရည်များ ပါဝင်မည်ဖြစ်သည်။ စျေးနှုန်းမှာ ကျပ် ၄၇၅၉၀၀၀ ဖြစ်ပြီး Galaxy Z Flip4 နှင့် Galaxy Z Fold4 ဖုန်းနှစ်မျိုးစလုံးကို အခြားသော နိုင်ငံတကာစျေးကွက်များနည်းတူ 5G ဗားရှင်းဖြင့် ရောင်းချမည်ဖြစ်ကြောင်း သိရသည်။

Galaxy Watch5 စမတ်နာရီများ

ဆမ်ဆောင်း၏ အသစ်ထွက်ရှိလာသည့် Galaxy Watch5 နှင့် Galaxy Watch5 Pro စမတ်နာရီများတွင် သုံးစွဲသူများ၏ နေ့စဉ်အဓိကကျသော လုပ်ဆောင်ချက်များကို အဆင့်မြှင့်တင်ပေးထားပြီး အကြမ်းခံမှု အပြည့်အဝရှိစေရန်လည်း ဖန်တီးပေးထားကာ သုံးစွဲသူများနှင့် ကိုက်ညီမှုအရှိဆုံးသော လုပ်ဆောင်ချက်များကိုလည်း ထည့်သွင်းပေးထားကြောင်း သိရသည်။ စျေးနှုန်းများမှာ Galaxy Watch 5 (40 mm) အရွယ်အစားက ကျပ် ၆၆၉၀၀၀၊ (45 mm) အရွယ်အစားက ကျပ် ၇၃၉၀၀၀ နှင့် Galaxy Watch 5 Pro က ကျပ် ၁၀၇၉၀၀၀ ဖြစ်သည်။

Galaxy Buds2 Pro

Galaxy Buds2 Pro ကြိုးမဲ့နားကြပ်များမှာ ကျစ်လျစ်သော ဒီဇိုင်းသစ်၊ နေ့စဉ်အသုံးပြုရာတွင် လွယ်ကူချောမွေ့စွာ ချိတ်ဆက်အသုံးပြုနိုင်ခြင်းနှင့် ကြိုးမဲ့နားဆင်မှုအတွေ့အကြုံသစ်များကို ပေးစွမ်းနိုင်မည်ဖြစ်ပြီး စျေးနှုန်းမှာ ကျပ် ၄၇၅၀၀၀ ဖြစ်ကြောင်း သိရသည်။

ကျော်ဇင်ဦး

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၄-၉-၂၀၂၂ တနင်္ဂနွေနေ့

MRTV HD

- ၀၆:၀၀ ပေတ္တသုတ်၊ရတနသုတ်၊ဟောရွှင်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- ၀۷:၀၀ နံနက်ခင်းသတင်း
- ၀۸:၁၀ တရုတ်ကာတွန်း **'ပန်းနဝါးဖိုးလေတံတား'** (အပိုင်း-၇)
- ၀۹:၃၀ သတင်းသမားပြောတဲ့သတင်းစကား
- ၁၀:၀၀ **'ကုလုပ်ဖွံ့ဖြိုးရေးတိုးမြှင့်တော်** Season-2 ' ငေးသီချင်းဆိုပြိုင်ပွဲထုတ်လွှင့်မှု (အုပ်စု-က)(ပွဲစဉ်-၁)
- ၁၃:၀၀ အသိပညာနှင့်အမှန်တရား
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ မြန်မာဂန္ဓဝင်ရှုပ်ရှင် **'ဘယ်သူပြိုင်လို့လုပါတော့နိုင်'** (ဇော်ဝမ်း၊အုံ့ကျော်၊တင်တင်ညို)
- ၁۷:၀၀ ပြည်တွင်းသတင်း
- ၁۸:၀၀ သုတဝေဗြာသီရိဂေဟာ
- ၁۹:၁၅ နိုင်ငြားဇာတ်လမ်းတွဲ **'အတိတ်ဘဝ်းဘ်း အချစ်ချိုချို'** (အပိုင်း-၅)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း ဗိုလ်ဝေသအခြေအနေ
- ၂၁:၀၀ ဘဝနှင့်အနုပညာ
- ၂၁:၃၀ ဆေးရောင်စုံရုပ်ရှင် **'ပန်းမြိုင်လယ်ကဉ္ဇာ၌ဖူး'** (ကျော်ဟိန်း၊နေအောင်၊သီဂီထွန်း)

mitv

- 07:01 Evergreen Classic: Kyun Nawt Htar Nay Bagan Pyay (Ye Htike)
- 07:08 Innovative Handiworks Based On The Art Of Line Drawing
- 07:27 Myanmar Traditional Snacks: Popped Rice Ball
- 07:34 Myanmar Traditional Cart Business
- 08:01 News
- 08:27 Colourful Lotus-Shaped Candles
- 09:01 History And Mystery Behind The Caves
- 09:27 Today Myanmar
- 09:34 The Efficacy of Myanmar Traditional Medicine
- 10:01 News
- 10:26 Global Partnership for Brighter Future:
- 10:35 Great Shwedagon - The Ten Traditional Arts & Crafts

MRTV NRC

- **အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)** ကျွန်တော်တို့ရွာ
- **၀ (၁၅:၀၀ မှ ၁၇:၀၀)** တောင်ယာထမင်းဟင်း
- **ချင်း (လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀)** ရသာချိုပြိန်ချင်းရိုးရာ မျှစ်ဟင်းရည်ဘိုင်
- **ကချင် (၁၇:၀၀ မှ ၁၉:၀၀)** လိဆူရိုးရာဝတ်စားဆင်ယင်ပုံ
- **ချင်း (ချီး) (၀၈:၀၀ မှ ၀၉:၀၀)** ဘုံတရေတံခွန်အကြောင်း
- **ကယား: (၁၉:၀၀ မှ ၂၁:၀၀)** ဒေါ်လဲဒူရွာအကြောင်း
- **မွန် (၀၉:၀၀ မှ ၁၁:၀၀)** စံပယ်နန်းအစွမ်းမြွှောက်ကြိုင်လန်း
- **ဝေကကရင် (၂၁:၀၀ မှ ၂၂:၀၀)** သင်ယူလေ့လာတိုရဲ့စာ(အပိုင်း-၈)
- **ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)** ထုတ္တန်သိမ်ပုထိုးတော်ကြီးသမိုင်း
- **အရနာက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)** ကရင်ရိုးရာစောင်းတူရိယာ
- **ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)** ထိန်းသိမ်းအစည်အလာတို့ဝင်ရောရိုးရာ

MRTV NEWS

- ၀۷:၀၀ အဖွင့်၊ဘေးသီချင်း
- ၀۷:၃၀ အားကစားသတင်း
- ၀۸:၄၅ ဥရောပတစ်ဝန်း လောင်ကျွမ်းခဲ့သည့်တောမီးများ
- ၀۹:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁۷:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁۷:၀၀ သတင်းမှန်ကဏ္ဍ
- ၁۸:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)

MRTV PARLIAMENT

- ၀۹:၀၀ အဖွင့်၊အလံ
- ၀۹:၃၀ ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို **'ရာသက်ဝန်ငယ်ဒိုးစိုရည်ရွယ်မှသာ'**
- ၁၀:၀၀ ပြည်ထောင်စုလွှေးကောက်ပွဲကော်မရှင် ၏ကြေညာချက်သတင်းများ
- ၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၄)
- ၁၁:၀၀ ဒီပိုကရစ်ဆိုသည်မှာ(အပိုင်း-၁)
- ၁၁:၃၀ အတွေးအမြင် (အပိုင်း-၄)

MRTV FARMERS

- ၀۷:၀၀ အဖွင့်၊နိုင်ငံတော်သီချင်း၊နွတ်ခွန်းဆက်
- ၀۷:၀၂ တောင်သူလယ်သမားရေးရာသတင်း
- ၀۷:၁၀ အနာဂတ်ရှေ့ရောင်လမ်းသိပဝ်ထယ်စွာဖူးပွင့် လာမည့်ရာစုပုန်းလေးများရင်သန်ရာ၅ါကမ္ဘာ
- ၀۷:၂၀ စာသင်ခန်းမှသည်လယ်တောသီ
- ၀۷:၅၀ ဘက်စုံအဆင့်မြင့်ကျေးရွာများထူထောင်ပေး တောင်သူဘဝတိုးတက်သာယာရေး
- ၀۸:၂၅ စိမ်းဇနဦးမည့်လယ်ကွင်းသိသို့အရောက် လှမ်းလာမည့်ကောက်စိုက်စက်လေးများ
- ၀۸:၅၀ ငွေနင်းပို့

MRTV PARLIAMENT

- ၀۹:၀၀ အဖွင့်
- ၀۹:၁၀ ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို **'ရာသက်ဝန်ငယ်ဒိုးစိုရည်ရွယ်မှသာ'**
- ၁၀:၀၀ ပြည်ထောင်စုလွှေးကောက်ပွဲကော်မရှင် ၏ကြေညာချက်သတင်းများ
- ၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၄)
- ၁၁:၀၀ ဒီပိုကရစ်ဆိုသည်မှာ(အပိုင်း-၁)
- ၁၁:၃၀ အတွေးအမြင် (အပိုင်း-၄)

MRTV SPORTS

- ၀۷:၀၀ အဖွင့်
- ၀۷:၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀۸:၀၀ Sports News
- ၀۸:၃၀ Soccer View/Weekly Sports Info Sports Diary/Weekly MNL Review
- ၀۸:۵၅ အားကစားလောကထဲကသူတို့အကြောင်း
- ၀۸:၀၀ ပြန်လည်ခံစားမြန်မာနေ့ရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- ၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် မိနှစ်(၉၀၀)နာရီမှ တစ်ကြိမ်လျှင် (၇)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီထုတ်လွှင့်ပြသပေးလျက်ရှိပါသည်၊

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့
World First Aid Day

၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ(၁၀)ရက်။

"ရှေးဦးပြုစုအတတ်ပညာ ဘဝတစ်သက်တာသင်ယူပါ"

Lifelong First Aid Learning

မုတ်သုံလေ အားအသင့်အတင့်ရှိမည်

နေပြည်တော် စက်တင်ဘာ ၃

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား ထစ်ချုန်းရွာမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား ထစ်ချုန်း ရွာနိုင်ပါသည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော်တို့တွင် မုတ်သုံလေ အားနည်းနေသည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိမည်။

မိုး/ဇလ

ယနေ့စျေးကွက်ပေါက်စျေးများ

၂-၉-၂၀၂၂

ရွှေ

အကယ်ဒမီမီးလင်းရွှေအဖွင့်စျေး	တစ်ကျပ်သား ကျပ် ၁၉၉၆၀၀၀
အကယ်ဒမီမီးလင်းရွှေအပိတ်စျေး	တစ်ကျပ်သား ကျပ် ၂၀၀၀၀၀၀
ကမ္ဘာ့ရွှေစျေးအဖွင့်စျေး	တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၇၀၀
ကမ္ဘာ့ရွှေစျေးအပိတ်စျေး	တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၇၀၄

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

စက်သုံးဆီ(လက်လီစျေးနှုန်းများ)

	(ရန်ကုန်)	(မန္တလေး)
စက်သုံးဆီ		
ဒီဇယ်(တစ်လီတာ)	၃၀၀၀ ကျပ်	၃၀၅၀ ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၃၀၈၅ ကျပ်	၃၁၃၅ ကျပ်
အောက်တိန်း ၉၂	၂၂၉၀ ကျပ်	၂၃၄၀ ကျပ်
အောက်တိန်း ၉၅	၂၃၅၅ ကျပ်	၂၄၀၅ ကျပ်

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

အမေရိကန်	တစ်ဒေါ်လာ	ကျပ်	၂၁၀၀ . ၀
ဥရောပ	တစ်ယူရို	ကျပ်	၂၀၉၆ . ၆
စင်ကာပူ	တစ်ဒေါ်လာ	ကျပ်	၁၄၉၇ . ၇
ထိုင်း	တစ်ဘတ်	ကျပ်	၅၇ . ၁၈၂
ဂျပန်	ယန်း ၁၀၀	ကျပ်	၁၄၉၆ . ၆
မလေးရှား	တစ်ရင်းဂစ်	ကျပ်	၄၆၈ . ၃၃
တရုတ်	တစ်ယွမ်	ကျပ်	၃၀၄ . ၀၂
အိန္ဒိယ	တစ်ရူပီး	ကျပ်	၂၆ . ၃၁၉

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

ရန်ကုန်စတော့အိတ်ချိန်းစျေးကွက်

ကုမ္ပဏီအမည်	အဖွင့်စျေး (ကျပ်)	အပိတ်စျေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၇၆၀၀	၇၈၀၀	၄၄၄၉	၃၄၃၆၆၅၀၀
MTSH	၂၆၅၀	၃၀၀၀	၁၄၅၂၇	၄၁၅၉၇၉၀၀
MCB	၇၁၀၀	၇၁၀၀	၄၃၀	၃၀၅၃၀၀၀
FPB	၁၈၅၀၀	၁၈၅၀၀	၁	၁၈၅၀၀
TMH	၂၃၅၀	၂၄၅၀	၄၇၂	၁၁၂၂၈၅၀
EFR	၂၅၅၀	၂၆၀၀	၃၅	၈၉၃၅၀
AHP	၄၉၀၀	၅၀၀၀	၄၀၀၉	၁၉၆၄၅၀၀၀

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

- စာတည်းမှူးချုပ် - အောင်နိုင်ဦး
- ခေတ္တစာတည်းမှူး - မြင့်စိုး
- သတင်းထောက်မှူး - ခင်ရတနာ
- စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
- ဘာသာပြန် စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
- အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
- အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
- ဓာတ်ပုံ သတင်းထောက် - တင်စိုး
- သုတေသန - အိအိခင်နှင့် အဖွဲ့
- စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
- စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
- အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
- ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
- ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀۶۷-၃۶၁၄၂၂၊ စာတည်းအဖွဲ့ ၀۶۷-၃۶၁၄၄၅၊ ဖက်စ် ၀۶۷-၃۶၁၄၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀۶۷-၃۶၁၄၈၊ မြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE
www.mdn.gov.mm

မြန်မာ-တရုတ် ကုန်စည်စီးဆင်းရာတွင် သီးနှံတင်မော်တော်ယာဉ်များ စနစ်တကျ စိစစ်နိုင်ရေး ညှိနှိုင်းဆွေးနွေး

မြစ်ကြီးနား၊ စက်တင်ဘာ ၃

ကျောင်ပြည်နယ်အတွင်း ကန်ပိုက်တီနယ်စပ်ဂိတ်နှင့် လွယ်ဂျယ်နယ်စပ်ဂိတ်များမှတစ်ဆင့် မြန်မာ- တရုတ် ကုန်စည်စီးဆင်းရာတွင် သီးနှံတင်မော်တော်ယာဉ်များကို စနစ်တကျဖြင့် စိစစ်ဆောင်ရွက်နိုင်ရေးအတွက် မြန်မာ-တရုတ် ကုန်စည်ပြန်လည်စီးဆင်းနိုင်ရေး လုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၃၁ ရက်က ကျောင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ပြုလုပ်သည်။

အစည်းအဝေးတွင် ကျောင်ပြည်နယ် မြန်မာ-တရုတ် ကုန်စည်ပြန်လည်စီးဆင်းနိုင်ရေးလုပ်ငန်းကော်မတီ နာယကပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်ကနယ်စပ်ဂိတ်များမှတစ်ဆင့် တရုတ်နိုင်ငံသို့ မကြာမီကာလအတွင်း စိုက်ပျိုးရေးထုတ်ကုန် တစ်သျှူးဌက်ပျောနှင့် အခြားသီးနှံများ တင်ပို့နိုင်ရေးလုပ်ငန်းများ စတင်တော့မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ကုန်စည်တင်ပို့မည့်မော်တော်ယာဉ်များကို စနစ်တကျ စိစစ်ဆောင်ရွက်သွားရေး၊ ဒေသခံလုပ်ငန်းရှင်များ နစ်နာမှုမရှိစေရေး၊ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေး စည်းကမ်းများနှင့်အညီ စည်းကမ်းတကျ လိုက်နာရေးနှင့် နိုင်ငံတော်အခွန်ငွေ အပြည့်အဝရရှိရေးအတွက် အားလုံးက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ကော်မတီဥက္ကဋ္ဌ ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးမျိုးဆွေက နှစ်နိုင်ငံ ကုန်စည်တင်ပို့မှုဆိုင်ရာ ညှိနှိုင်းဆောင်ရွက်မှုများ၊ ယခုနှစ်အတွက် ကုန်စည်ပို့ဆောင်ရေး တင်ပြလာသည့် မော်တော်ယာဉ် အရေအတွက်အပေါ် ခွင့်ပြုပေးနိုင်ရေးစသည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြခဲ့ပြီး လုပ်ငန်းကော်မတီ အဖွဲ့ဝင်များက နှစ်နိုင်ငံ ကုန်စည်စီးဆင်းမှုတွင် သီးနှံတင်ပို့မှုများနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆောင်ရွက်ခဲ့မှုများ၊ မော်တော်ယာဉ်များကို တစ်နေရာတည်း၌ စနစ်တကျ

စိစစ်နိုင်ရေး စီမံဆောင်ရွက်သွားမည့် အစီအမံများ၊ ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ယာဉ်မောင်း/ ယာဉ်နောက်လိုက်များကို စစ်ဆေးဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးခဲ့သည်။

ပြည်နယ်(ပြန်/ဆက်)

ကျောက်ဆည်မြို့နယ်၌ မိုးချည်မျှင်ရှည်ဝါ ဧက ၃၀၀၀ နီးပါး စိုက်ပျိုးပြီးဖြစ်

ကျောက်ဆည် စက်တင်ဘာ ၃

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ ယခုနှစ်တွင် ချည်မျှင်ရှည်ဝါများ စိုက်ပျိုးမှုတိုးချဲ့၍ မိုးကြိုရာသီတွင် ဧက ၂၅၀ ၊ မိုးရာသီတွင် ဧက ၃၄၅၀ ၊ မိုးနှောင်းရာသီတွင် ဧက ၁၀၁၅၀ စုစုပေါင်းဧက ၁၃၈၅၀ စိုက်ပျိုးရန် လျာထားခဲ့ရာ မိုးချည်မျှင်ရှည်ဝါ ၂၉၉၂ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မိုးချည်မျှင်ရှည်ဝါများကို အရှေ့ငယ်တိုး၊ ထန်းဇင်တော်၊ ငှက်ကတောင်၊ ရွှေဓား၊ ရဲဘော်ကြီး ကျေးရွာအုပ်စုများ၌ ၅၅ ဧက၊ ဖျောက်ဆိပ်ပင်၊ ရွာသစ်၊ ရေသရောက်၊ ချောင်းဆုံ၊ သရက်ပင်၊ ရဲ၊ ကြောင်၊ ဇရစ်ခဲ၊ အုန်းကြော၊ ကြက်သားဟင်း ကျေးရွာအုပ်စုများ၌ ၈၂၂ ဧက၊ ရဲမအူ၊ စိုင်မလန်း၊ ကိုးပင်၊ အင်ရောင်း၊ ကလိုင်ကျော် ကျေးရွာအုပ်စုများ၌ ဧက ၅၁၀၊ ဆူးလေကုန်း၊ ပေါက်ပင်ကွေ့၊ မြေစိုမိုး၊ ပဲခင်း၊ ပေါင်လောင်၊ တောင်တော်၊ ကင်းကျေးရွာအုပ်စုများ၌ ၉၀၃ ဧက စိုက်ပျိုးပြီးစီးခြင်းဖြစ်သည်။

ကျောက်ဆည်မြို့နယ်အတွင်း ဝါသီးနှံများ စိုက်ပျိုးရာတွင် ဒေသနှင့် ကိုက်ညီသည့် ရွှေတောင်(၁၀)၊ ရွှေတောင်(၈)နှင့် ငွေချည်(၆) ချည်မျှင်ရှည်ဝါများကို အဓိကစိုက်ပျိုးကြပြီး သီးနှံများအောင်မြင်ဖြစ်ထွန်းရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနကလည်း တောင်သူများနှင့်ပူးပေါင်း၍ နည်းပညာများ ကူညီပံ့ပိုးပေးလျက်ရှိကြောင်း သိရသည်။

သက်မောင်(ကျောက်ဆည်)

ကြင်းမူမြို့နယ်၌ ကြက်သွန်နီတစ်ပိသာလျှင် ကျပ် ၃၀၀၀ ဖြင့် အဝယ်လိုက်နေ

မြင်းမူ စက်တင်ဘာ ၃

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်အတွင်း ထွက်ရှိသည့် ကြက်သွန်နီများကို တစ်ပိသာလျှင် ငွေကျပ် ၃၀၀၀ စျေးနှုန်းဖြင့် ကြက်သွန်ကုန်သည်များက ဝယ်ယူလျက်ရှိကြောင်း သိရသည်။

ကြက်သွန်စိုက်ပျိုးရာတွင် တစ်ဧကလျှင် ငွေကျပ် ၁၀ သိန်းကျော် ကုန်ကျကြောင်း၊ စိုက်ပျိုးပြီး လေးလအကြာတွင် တူးဖော်ရကြောင်း၊ ထွက်ရှိမှုအနေဖြင့် တစ်ဧကလျှင် ကြက်သွန်ပိသာချိန် ၅၀၀၀ အထိ ရရှိနိုင်ကြောင်း၊ ကြက်သွန်စျေးမှာ နှစ်စဉ်တည်ငြိမ်မှု မရှိခဲ့သော်လည်း ယခုနှစ်တွင် ဝယ်လိုအားရှိသည့်အတွက် စျေးကွက်ကောင်းလျက်ရှိကြောင်း၊ တစ်ပိသာလျှင် လက်လီစျေး ငွေကျပ် ၃၀၀၀ နှုန်း ရောင်းချရပါက တစ်ဧကမှ ငွေကျပ်သိန်း ၁၅၀ ခန့် ရရှိနိုင်မည်ဖြစ်ကြောင်း၊ စျေးအတွင်း သန့်စင်ပြီး ရှယ်ကြက်သွန်နီ တစ်ပိသာအထုပ်တစ်ထုပ်လျှင် ငွေကျပ် ၃၅၀၀ မှ ၃၇၀၀ အထိ စျေးနှုန်းဖြင့် ရောင်းချလျက်ရှိကြောင်း မြင်းမူမြို့နယ် ထီးဆောင်းကျေးရွာမှ ကြက်သွန်စိုက်ပျိုးရောင်းချသူ ဦးမောင်စန်းက ပြောသည်။ မြင်းမူမြို့နယ်အတွင်းရှိ ထီးဆောင်းကျေးရွာ၊ ခြေယာတော်ကျေးရွာ၊ ကျော့မင်းကျေးရွာ၊ အလွှကပ္ပကျေးရွာနှင့် ပဲကူကျေးရွာတို့မှာနှစ်စဉ် ကြက်သွန်နီကို အဓိကထားကာ စီးပွားဖြစ် စိုက်ပျိုးကြသော ကျေးရွာများဖြစ်သည်။

အောင်စိုးဖေ(မြင်းမူ)

မြို့သစ်မြို့နယ်မှ ဒေသထွက် ခရမ်းချဉ်သီးများ အောင်မြင်ဖြစ်ထွန်းပြီး စျေးကောင်းရ

မြို့သစ် စက်တင်ဘာ ၃

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်၌ စိုက်ပျိုးရေးလုပ်ငန်းကို ရာသီအလိုက် ကာလတို/ကာလရှည်သီးနှံမျိုးစုံ စိုက်ပျိုးလုပ်ကိုင်လျက်ရှိရာ ယခုနှစ် မိုးရာသီတွင် ခရမ်းချဉ် စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး စျေးကောင်းရလျက်ရှိကြောင်း သိရသည်။

ခရမ်းချဉ်သီးနှံသည် ပျိုးထောင်သည့် အချိန်မှစတင်ပြီး ခူးဆွတ်ရောင်းချချိန်အထိ အမြဲဂရုစိုက်ရသည့် သီးနှံအမျိုးအစားဖြစ်ပြီး စိုက်ပျိုးမြေအမျိုးအစားနှင့် ရာသီဥတု အခြေအနေအပေါ်မူတည်၍ ရေသွင်းတာ၊ အပင်အားတိုးဆေးနှင့် ပိုးမွှားနှိမ်နင်းဆေးများ အသုံးပြုရကြောင်း၊ ခရမ်းချဉ်မျိုးနှစ်ထုပ် စိုက်ပျိုးပါက ငွေကျပ်ငါးသိန်းကျော်ခန့် ကုန်ကျကြောင်း၊ စိုက်ပျိုးပြီး ရက် ၅၀ ဝန်းကျင်တွင် အသီးများ စတင်ခူးဆွတ်ရောင်းချရကြောင်း၊ အသီးစတင် ခူးဆွတ်ရာတွင် ပိသာချိန်နည်းသော်လည်း အသီးလှိုင်ချိန်တွင် တစ်ခါခူးဆွတ်ပါက ပိသာချိန် ၁၀၀ ကျော်အထိ ခူးဆွတ်ရကြောင်း၊ နှစ်ရက်ခြားတစ်ကြိမ် ခူးဆွတ်ရသဖြင့် နေ့စဉ်နီးပါး ဝင်ငွေရကြောင်း၊ ရောင်းစျေးအနေဖြင့် ခရမ်းချဉ် တစ်ပိသာလျှင် ငွေကျပ် ၁၅၀၀ ဝန်းကျင် ရောင်းချရသဖြင့် ခရမ်းချဉ်စိုက်တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

မြို့သစ်မြို့နယ်၌ စီးပွားဖြစ် ခရမ်းချဉ် သီးစိုက်ပျိုးသူများအနေဖြင့် တိုင်ထောင်ခရမ်းချဉ်မျိုးများကို အဓိကထား စိုက်ပျိုးကြကြောင်းနှင့် တိုင်ထောင်ခရမ်းချဉ်များသည် အခွံထူ အထားခံမျိုးဖြစ်သောကြောင့် စိုက်ပျိုးလျှင် ဦးစွာ သဘာဝမြေဩဖြစ်သည့် နွားချေး၊ ကွန်ပေါင်းဓာတ်မြေဩများဖြင့် မြေပြုပြင်ထားမှသာ အပင်ဖြစ်ထွန်းမှုနှင့် အသီးထွက်နှုန်း ကောင်းမွန်ကြောင်း သိရသည်။

သန်းဝင်းထွန်း(ပြန်/ဆက်)

ပြည်မြို့နယ်၌ မိုးစပါးလျာထားဧကထက် ကျော်လွန်စိုက်ပျိုးနိုင်

ပြည် စက်တင်ဘာ ၃

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်၌ မိုးစပါးစိုက်ပျိုးရန် ဧက ၇၄၆၄၀ လျာထားခဲ့ရာ ယခုအခါ လျာထားဧကထက် ပြည့်မီကျော်လွန်၍ ၇၄၆၄၂ ဧက စိုက်ပျိုးထားရှိပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မိုးစပါးများစိုက်ပျိုးရာတွင် စိုက်ခင်းများအောင်မြင်ဖြစ်ထွန်းရေးနှင့် ပိုးမွှားများကင်းစင်ရေးအတွက် ပျိုးထောင်သည်မှ စိုက်ပျိုးပြီးသည်အထိ လိုအပ်သည့် စိုက်ပျိုးရေးနည်းပညာများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် တောင်သူများအတွက် မိုးစပါးစိုက်ပျိုးစရိတ် ချေးငွေများကိုလည်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က စနစ်တကျ ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

မိုးစပါးစိုက်ပျိုးရာတွင် ဒေသတွင်းတောင်သူများအနေဖြင့် မှော်ဘီ(၂)၊ ရတနာတိုးနှင့် GW-11 အစရှိသော ဒေသရာသီဥတုနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်၊ အထွက်တိုးမျိုးစပါးများကို အများဆုံးစိုက်ပျိုးကြကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှျား ဦးအောင်ဆန်းဝင်းထံမှ သိရသည်။

ကိုဆက်(ပြန်/ဆက်)

နတ်မောက်မြို့နယ် နှ/လက်ခုပ်ပင်ကျေးရွာ၌ တစ်နိုင်တစ်ပိုင် ဘရာဇီးငှက်ပျောစိုက်ပျိုး

နတ်မောက် စက်တင်ဘာ ၃- မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် နှ/လက်ခုပ်ပင်ကျေးရွာရှိ စိုက်ပျိုးရေးတောင်သူများသည် ဥယျာဉ်ခြံမြေများနှင့် နေအိမ်ခြံဝင်းအတွင်း မြေကွက်လပ်များ၌ မိသားစုဝင်ငွေတိုးလုပ်ငန်းအဖြစ် ဘရာဇီးငှက်ပျောများကို တစ်နိုင်တစ်ပိုင် စိုက်ပျိုးလာကြကြောင်း သိရသည်။

"ကျွန်တော့်ရဲ့ ဥယျာဉ်ခြံထဲမှာ အများစိုက်ပျိုးနေကြတဲ့ ဖီးကြမ်း၊ ရခိုင်ငှက်ပျောမျိုး မဟုတ်ဘဲ ဘရာဇီး ငှက်ပျောမျိုးကို စိုက်ပျိုးထားတာ ဖြစ်ပါတယ်။ ဘရာဇီးငှက်ပျောကို နုန်းမြေများမှာ စိုက်ပျိုးရင် ပိုမိုအောင်မြင်ဖြစ်ထွန်းနိုင်ပါတယ်။ အောင်မြင်ဖြစ်ထွန်းလာတဲ့ ငှက်ပျောတွေဟာ တစ်နှစ်အကြာမှာ ရောင်းတမ်းဝင် ငှက်ပျောသီးအဖြစ် စတင်ဆွတ်ခူးရောင်းချပါတယ်။ စျေးနှုန်းအနေနဲ့ကတော့ ငှက်ပျောအလုံးကြီးရင် တစ်ဖီးကို ငွေကျပ် ၁၅၀၀ နှုန်းဖြစ်ပြီး ငှက်ပျောအလုံးသေးရင် တစ်ဖီးကို ငွေကျပ် ၁၃၀၀ နှုန်းနဲ့ ရောင်းချပါတယ်။ ဘရာဇီးငှက်ပျောပင်ကို တစ်နိုင်တစ်ပိုင် စိုက်ပျိုးပြီး ဂရုတစိုက်ပြုစုပျိုးထောင်နိုင်မယ်ဆိုရင် မိသားစုလည်းစားရ၊ ဝင်ငွေလည်း ရပါတယ်" ဟု ဘရာဇီးငှက်ပျောစိုက်ပျိုးသူ ဦးဆန်းဦးက ပြောသည်။

မူမူစန်း

မြိတ်မြို့၌ မုတ်ကောင်သားဖောက် မွေးမြူခြင်းနှင့် မုတ်ကောင်သားပေါက်များကို ရေချမွေးမြူထိန်းသိမ်းခြင်း အလုပ်ရုံဆွေးနွေး

မြိတ် စက်တင်ဘာ ၃

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ ပုလဲမွေးမြူခြင်းဆိုင်ရာ ပညာရပ်များ ဖွံ့ဖြိုးတိုးတက်စေရန်၊ အရည်အသွေးကောင်းမွန်သည့် ရွှေရောင်၊ ငွေရောင်ပုလဲများ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရန်အတွက် မုတ်ကောင်သားဖောက် မွေးမြူခြင်းနှင့် မုတ်ကောင်သားပေါက် (Collector) များ ရေချမွေးမြူထိန်းသိမ်းခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၃၁ ရက်က Grand Jade ဟိုတယ် အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အလုပ်ရုံဆွေးနွေးပွဲကို အရည်အသွေးကောင်းမွန်သည့် ရွှေရောင်၊ ငွေရောင်ပုလဲများ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး၊ နိုင်ငံတော် ဝင်ငွေရရှိရေး၊ တနင်္သာရီတိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရပ်ပိုင်းဆိုင်ရာများ တိုးတက်ရေးနှင့် မိခင်မုတ်ကောင်မှ သားပေါက်မုတ်ကောင်များ ရှင်ကျန်နှုန်း ပိုမိုကောင်းမွန်စေရေး၊ ဝတ်ဆံသွင်းခြင်း၊ ရေချမွေးမြူခြင်း ပိုမိုတိုးတက်လာစေရေး၊ အရည်အသွေးကောင်းမွန်သည့် ပုလဲများ ထုတ်လုပ်နိုင်ရေးနှင့် ပုလဲကဏ္ဍ ယခုထက် ပိုမိုတိုးတက်မြင့်မားစေရေး ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ပြီး မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် ပုလဲမွေးမြူထုတ်လုပ်ရေး ဆောင်ရွက်လျက်ရှိသော ကုမ္ဗဏီများမှ ပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်သူများ တက်ရောက်ဆွေးနွေးကြသည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးခင်မောင်မြင့်က မုတ်ကောင်သားဖောက် ပုလဲမွေးမြူရေးလုပ်ငန်းသည် ထုတ်သုံး၍မကုန်ခန်းနိုင်သည့် ပြန်လည်ပြည့်ဖြိုးမြဲ သယံဇာတဖြစ်သည့်အပြင် ရေရှည်အကျိုးရှိသည့် စီးပွားရေးလုပ်ငန်း ဖြစ်သောကြောင့် နိုင်ငံတော်နှင့်ဒေသတွင်း ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်တွင်း/ပြည်ပကုမ္ဗဏီများအနေဖြင့် အရည်အသွေးကောင်းမွန်သည့် ရွှေရောင်၊ ငွေရောင်ပုလဲများ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းကြရန် ပြောကြားသည်။

ထို့နောက် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးငွေးအောင်က အမှာစကားပြောကြားပြီး မုတ်ကောင်မွေးမြူသည့် ပညာရှင်များက မျိုးကောင်းမျိုးသန့်၊ မိခင်မုတ်ကောင်များ ရွေးချယ်စုဆောင်းခြင်း၊ မုတ်ကောင်သားဖောက်မွေးမြူခြင်း၊ မုတ်ကောင်သားပေါက် အစာမွေးမြူခြင်း (Phytoplankton Culture)၊ မုတ်ကောင်သားပေါက် (Collector) များ ရေချမွေးမြူထိန်းသိမ်းခြင်း၊ တည်ငြိမ်သောအရည်အသွေးမြင့်ပုလဲများကို ရေရှည်တည်တံ့ခိုင်မြဲစွာထုတ်လုပ်ခြင်း စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးကြသည်။

ပညာရှင်များ၏ ဆွေးနွေးတင်ပြချက်များအပေါ် မုတ်ကောင်သားဖောက်မွေးမြူခြင်းအဖွဲ့နှင့် မုတ်ကောင်သားပေါက် ရေချမွေးမြူထိန်းသိမ်းခြင်းအဖွဲ့ဟု နှစ်ဖွဲ့ခွဲ၍ အပြန်အလှန်ဆွေးနွေးခဲ့ကြပြီး အဖွဲ့လိုက် ဆွေးနွေးချက်များကို ပြန်လည်ရှင်းလင်းတင်ပြ၍ ဆွေးနွေးချက်ရလဒ်များ အတည်ပြုမှတ်တမ်းတင်ခြင်း၊ ရှေ့လုပ်ငန်းစဉ်များ ချမှတ်ခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့သည်။ ထို့နောက် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ပုလဲမွေးမြူခြင်းဆိုင်ရာ ပညာရပ်များဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဆွေးနွေးပွဲရလဒ် ရှေ့လုပ်ငန်းစဉ်များကို အတည်ပြု၍ နိဂုံးချုပ် အမှာစကားပြောကြားခဲ့သည်။

ခိုင်ထူး
(ပြန်/ဆက်)

မတ်ပဲနှင့် ပဲစင်းငုံများ စျေးကွက်အမြင့်ပိုင်းအနေအထားသို့ ရောက်ရှိနေ

ရန်ကုန် စက်တင်ဘာ ၃

ယခုနှစ် သြဂုတ်လကုန်ပိုင်းတွင် မတ်ပဲနှင့် ပဲစင်းငုံများ စျေးကွက်အမြင့်ပိုင်းအနေအထားသို့ရောက်ရှိနေကြောင်း ရန်ကုန်မြို့ရှိကုန်သည်များနှင့် ဧရာဝတီတိုင်းဒေသကြီး အတွင်းမှ ကိုယ်တိုင် စိုက်ပျိုးထုတ်လုပ်နေသူများက ပြောသည်။

"ဒီနှစ်လည်း မတ်ပဲ၊ ပဲစင်းငုံက စျေးကွက်ပိုင်း အားတက်စရာလို့ ပြောရမယ်။ ပြီးခဲ့တဲ့ အပတ်ကတည်းက မတ်ပဲနဲ့ ပဲစင်းငုံစျေးနှုန်းတွေ တက်နေတယ်။ အခုထိလည်း ဆက်တက်နေပါတယ်။ စျေးနှုန်းအတက်အကျ အသေးအဖွဲလေးတွေ ရှိပေမယ့်လည်း စျေးကွက်ပိုင်းက ခိုင်မာမှုရှိနေပြီး လုံးဝစျေးမကျသွားဘူး။ မတ်ပဲ FAQ စျေးနှုန်း တစ်တန်ကို ၁၈ သိန်းအောက် ခဏကျသွားပေမယ့် နောက်ရက်မှာ ကျပ် ၁၈ သိန်းအထက် ပြန်ရောက်လာတယ်" ဟု ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်မှ ပဲစိုက်တောင်သူ ဦးထွန်းထွန်းက ပြောသည်။

အိန္ဒိယစျေးကွက်အပေါ်မူတည်

မြန်မာနိုင်ငံတွင်း ပဲစျေးကွက်အတက်အကျမှာ အိန္ဒိယနိုင်ငံရှိ ပဲအထွက်နှုန်းနှင့် ပြည်ပငွေလဲလှယ်မှုနှုန်းထားများနှင့် များစွာသက်ဆိုင်နေကြောင်းလည်း စျေးကွက်ကျွမ်းကျင်သူများထံမှ သိရသည်။ ယခုနှစ်မိုးရာသီအတွင်း အိန္ဒိယနိုင်ငံ၏ ပဲမျိုးစုံထွက်ရှိမှု အထွက်နှုန်းများမှာ ယခင်နှစ်များအောက် ကျဆင်းမှုရှိနိုင်ကြောင်း ပညာရှင်များက ခန့်မှန်းသုံးသပ်ထားသည်။

"ပဲစင်းငုံအနီ RC စျေးကတော့ ၁၉ သိန်းအောက်အထိ ထိုးကျသွားတာမျိုး လုံးဝမရှိသေးဘဲ စျေးကွက်ပိုင်းက ခပ်ငြိမ်ငြိမ်လေးသွားနေတယ်။ ပဲစျေးတွေဆိုတာက ပြည်ပတင်ပို့မှုနဲ့သက်ဆိုင်တဲ့ကိစ္စဆိုတော့ ဒေါ်လာပေါက်စျေးပေါ်မှာလည်း အများကြီးမူတည်နေတယ်လို့ သုံးသပ်မိပါတယ်။ ငွေစျေးတက်ရင်တက်သလို၊ ကျရင်ကျသလို ပဲစျေးကွက်အပေါ်လည်း ရိုက်ခတ်မှုတွေ ရှိနိုင်ပါတယ်"ဟု ဘုရင့်နောင်ပွဲရုံမှ ပဲကုန်သည် ကိုတင်မြင့်က ပြောသည်။

နန်းထက်ထက်ချစ်

ကရသူရိမြို့၌ ဒေသထွက်အုန်းသီးများ ရောင်းအားကောင်းလျက်ရှိ

ကရသူရိ စက်တင်ဘာ ၃

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းခရိုင် ကရသူရိမြို့၌ ဒေသထွက်အုန်းသီးများ ရောင်းအားကောင်းနေပြီး အုန်းခြံစိုက်ပျိုးထားသူများ ဝင်ငွေကောင်းနေကြောင်း သိရသည်။

"အရင်တုန်းက စျေးကွက်လည်း မရှိတဲ့အတွက် ဒီအတိုင်းပစ်ချထားရတဲ့ အုန်းခြံကို ဒီနှစ်မှာ အုန်းသီးဝယ်ယူသူတွေများလာလို့ စိုက်ပျိုးထားတဲ့ခြံဟောင်းကို ဂရုတစိုက် ပြန်လုပ်နေရတယ်။ အုန်းသီးတစ်ခုပဲ စျေးကောင်းနေတာတော့ မဟုတ်ဘူးဗျ။ ဒီနှစ်မှာ နှစ်ရှည်သီးနှံမျိုးစုံနဲ့ ရာသီပေါ်အသီး/အရွက်အကုန် စျေးကောင်းရနေတော့ အရင်က မလုပ်ဘဲ ပစ်ချထားတဲ့ အသီး/အနှံတွေ၊ ခြံဟောင်းတွေကို ဒေသခံတွေအကုန် နီးပါးက ဂရုတစိုက်ပြန်လုပ်လာကြတယ်။ စားဝတ်နေရေး အခက်အခဲတွေကြောင့် အကုန်လုံးက လူသုံးများလာတဲ့သဘောထင်တယ်။ စိုက်ပျိုးထားသမျှ ရောင်းအားကောင်းနေတော့ ဘယ်ဟာစိုက်စိုက် ပိုအဆင်ပြေတာပေါ့" ဟု အုန်းသီးခြံစိုက်ပျိုးထားသူတစ်ဦးက ပြောသည်။

ယခင်နှစ်များနှင့် စျေးကွက်ကွာခြားမှုအခြေအနေနှင့် ပတ်သက်၍လည်း "ဟိုအရင်နှစ်တွေကဆို ဒီဘက်ဒေသတွေမှာ အုန်းသီးကို သွားရောင်းတာတောင် ဝယ်မယ့်သူမရှိကြဘူး။ ဒါကြောင့် ခြံပိုင်ရှင်အတော်များများက အုန်းသီးခြံကို မလုပ်ဘဲ ပစ်ချထားတာများတယ်။ နောက်ထပ်စိုက်ပျိုးသူလည်း လုံးဝမရှိသလောက်ပဲ။ အခုဆို အုန်းသီးတစ်လုံးကို ငွေကျပ် ၈၀၀ အထိရလာတော့ ယခင်စိုက်ပျိုးထားတဲ့ ခြံပိုင်ရှင်တွေက အားကြိုးမာန်တက်နဲ့ အကုန်ပြန်လုပ်လာကြတယ်။ အခုလို မိသားစုစီးပွားရေးကျပ်တည်းလာတဲ့အချိန်မှာ သီးနှံမျိုးစုံ စျေးကောင်းရနေလို့ ခြံပိုင်ရှင်တွေ ဝမ်းသာရတာပေါ့"ဟု ၎င်းက ဆက်ပြောသည်။

ကရသူရိမြို့ရှိ ဒေသခံအများစုစိုက်ပျိုးသည့် အုန်းအမျိုးအစားမှာ အမြင့်မျိုး (အုန်းထရံ)၊ အပုမျိုး (ဝက်မလွတ်) နှင့် လိမ္မော်ရောင်မျိုး (အုန်းပနီ) တို့ဖြစ်ကြပြီး အိမ်ပတ်ဝန်းကျင်၊ တောင်ယာများနှင့် ဒီရေတောစပ်တို့၌ စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

စုကလိမြို့၌ တောင်ယာစပါး ဘူးနက်ကျားမျိုးများ စိုက်ပျိုးဖြစ်ထွန်း

စုကလိ စက်တင်ဘာ ၃

ကရင်ပြည်နယ် မြဝတီခရိုင် စုကလိမြို့၌ ဒေသအခေါ် တောင်ယာစပါး ဘူးနက်ကျားမျိုးများ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

စုကလိမြို့၌ ဒေသတွင်းစိုက်ပျိုးရေး အခြေခံတစ်ခုဖြစ်သည့် ဆန်စပါးဖူလုံမှုရရှိစေရေး ရည်ရွယ်ချက်များဖြင့် စုကလိမြို့နှင့် ကျေးရွာများတွင် ဒေသအခေါ် တောင်ယာစပါး ဘူးနက်ကျားမျိုးများ စိုက်ပျိုးထားရှိခြင်းဖြစ်ကာ တစ်ဧကအထွက်နှုန်း တင်း ၆၀ မှ ၈၀ အထိ ရရှိနိုင်ရန် လိုအပ်သည့်နည်းပညာနှင့် ဓာတ်မြေသြဇာများ ထောက်ပံ့ပေးလျက်ရှိပြီး ဒေသတွင်း ဆန်စပါးဖူလုံမှုရရှိနိုင်မည်ဖြစ်သည်။

စုကလိမြို့ စိုက်ပျိုးရေးဌာနအနေဖြင့် မျိုးကောင်းမျိုးသန့်များ ပိုမိုတိုးချဲ့စိုက်ပျိုးလာနိုင်စေရေးနှင့် ဆင်းသုခ၊ ဆင်းသွယ်လတ် စပါးမျိုးများပါ စိုက်ပျိုးလာနိုင်ကြစေရန်နှင့် လိုအပ်သည့်နည်းပညာများ၊ မျိုးစေ့များ၊ သရုပ်ပြစံကွက်စိုက်ပျိုးခြင်းများကို ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း စုကလိမြို့ စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

မြို့နယ် (ပြန်/ဆက်)

ကျောက်ဆည်မြို့နယ် ပေါက်ကုန်းကျေးရွာ၌ သံပယိုစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

ကျောက်ဆည် စက်တင်ဘာ ၃

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ ဆန်စပါးကို အဓိကထားစိုက်ပျိုးကြသော်လည်း ဥယျာဉ်ခြံမြေနှင့် ကိုင်း၊ ကျွန်းမြေများတွင် နှစ်ရှည်သီးနှံပင်များ၊ ကာလတို ဟင်းသီးဟင်းရွက်သီးပင်စားပင်များ မျိုးစုံစိုက်ပျိုးလျက်ရှိရာ ပေါက်ကုန်းကျေးရွာမှ သံပယိုစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

သံပယိုသီးနှံသည် အစေ့ပျိုး၍စိုက်ပျိုးခြင်း၊ ကိုင်းကူးစိုက်ပျိုးခြင်းဟူ၍ အမျိုးမျိုးရှိရာ အပင်သန်မာပြီး နေရောင်ခြည်နှင့် လေဝင်လေထွက်ကောင်းရန်၊ အသီးများလုပစေရန်အတွက် တစ်ပင်နှင့်တစ်ပင် ၁၈ ပေ အကွာ အတန်းလိုက်စိုက်ပျိုးရကြောင်း သုံးနှစ်သားအရွယ်တွင် စတင်ခူးဆွတ်ရောင်းချရကြောင်း၊ အပင်ငယ်သည့်အချိန်တွင် ပေါင်းမြက်ရှင်းလင်းခြင်းများ ဆောင်ရွက်ပေးရပြီး ရေကြိုက်နှစ်သက်သည့်အတွက် အစိုဓာတ်မပြတ်စေရန် ရေသွင်းပေးရကြောင်း၊ လိုအပ်သည့်အချိန်တွင် မြေသြဇာကျွေးပေးခြင်း၊ ကိုင်းအခြောက်များရှင်းပေးခြင်းဖြင့် အပင်များ ကောင်းစွာဖြစ်ထွန်းပြီး အသီးသီးနှုန်း ပိုမိုကောင်းမွန်ကြောင်း ပေါက်ကုန်းကျေးရွာမှ သံပယိုခြံပိုင်ရှင် ဦးစိုးတင့် က ပြောသည်။

သံပယိုသီးနှံသည် နှစ်ရှည်သီးနှံပင်တစ်မျိုးဖြစ်ပြီး အပင်အပြုအစုကောင်းပါက အဆက်မပြတ်သီးကြောင်း၊ အသီးအထွက်နှုန်းအပေါ်မူတည်ကာ နေ့စဉ်ခူးဆွတ်ရောင်းချလျက်ရှိကြောင်းနှင့် အသီးအရွယ်အစားနှင့် စျေးကွက်အပေါ်မူတည်၍ ရောင်းချရကြောင်း သိရသည်။

သက်မောင်
(ကျောက်ဆည်)

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား အသက် ၁၆ နှစ်နှင့်အောက် ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ကျင်းပ

ရန်ကုန် စက်တင်ဘာ ၃

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား အသက် ၁၆ နှစ်နှင့်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပြိုင်ပွဲကို ယနေ့ ညနေ ၃ နာရီက တောင်ဥက္ကလာပမြို့နယ်ပဒေသာ အားကစားကွင်း၌ ကျင်းပရာ လှည်းကူး ခရိုင်အသင်းနှင့် တွံတေးခရိုင်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တွံတေးခရိုင်အသင်းက လှည်းကူးခရိုင်အသင်းကို လေးဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ပထမပိုင်းတွင် တွံတေးအသင်းက ဖိကစားခဲ့ပြီး ကျော်ထက်အောင်က အဖွင့်ဂိုးကို သွင်းယူခဲ့ပြီး ဒုတိယဂိုး၊ တတိယဂိုးနှင့် စတုတ္ထဂိုးတို့ကို ရဲရင့်အောင်က သွင်းယူခဲ့သည်။ လှည်းကူးအသင်းက ရှေ့တန်း တိုက်စစ်အားနည်းမှုကြောင့် ဂိုးမရရှိခဲ့ပေ။ ထို့အတူ တောင်ဒဂုံ အားကစားကွင်း၌ ယှဉ်ပြိုင်သည့် ကွာတားဖိုင်နယ်ပွဲတွင် အလုံခရိုင်အသင်းက သဃန်း ကျွန်းခရိုင်အသင်းကို သုံးဂိုး - ဂိုးမရှိ ဖြင့်အနိုင်ရရှိပြီး အလုံခရိုင်အသင်းနှင့် တွံတေးခရိုင်အသင်းတို့ ဆီမီးဖိုင်နယ် တက်ရောက်သွားသည်။

ယင်းပြိုင်ပွဲသို့ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ ဘောလုံးဝါသနာရှင်များ၊ ပြည်သူများ ကြည့်ရှုအားပေးကြပြီး စက်တင်ဘာ ၄ ရက်တွင် ကွာတားဖိုင်နယ် ပွဲစဉ်များ အဖြစ် တောင်ဥက္ကလာပ မြို့နယ်ပဒေသာ အားကစားကွင်း၌ ဗိုလ်တထောင် ခရိုင်အသင်းနှင့် အင်းစိန်ခရိုင်အသင်းတို့ လည်းကောင်း၊ တောင်ဒဂုံအားကစားကွင်း၌ သန်လျင်ခရိုင်အသင်းနှင့် ဒဂုံခရိုင်အသင်းတို့ လည်းကောင်း ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။ ယင်းပြိုင်ပွဲကို သြဂုတ် ၂၄ ရက်မှ စတင်ပြီး (၁၄) ခရိုင် ဝင်ရောက် ယှဉ်ပြိုင်ကြကြောင်း သိရသည်။ **အာကာစိုး**

လှည်းကူးခရိုင်အသင်းနှင့် တွံတေးခရိုင်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၅) ဒဂုံစတားယူနိုက်တက်အသင်း အနိုင်သုံးမှတ်ရယူ

ရန်ကုန် စက်တင်ဘာ ၃

၂၀၂၂ ရာသီ MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၅) နောက်ဆုံးနေ့အဖြစ် Young Boys အသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်းတို့ စက်တင်ဘာ ၂ ရက်က သုဝဏ္ဏလေ့ကျင့်ရေး ကွင်း-၁ ၌ ယှဉ်ပြိုင်ကစားရာ ဒဂုံစတားယူနိုက်တက်အသင်းက တစ်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

မြန်မာ ယူ-၁۶ လူငယ်လက်ရွေးစင်အသင်းကို ပြိုင်ပွဲအတွေ့အကြုံ ရစေရန် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည့် Young Boys အသင်းသည် ဒဂုံစတားယူနိုက်တက်အသင်းကို အကောင်းဆုံးတို့ပြန်နိုင်ခဲ့ပြီး တစ်ဂိုးတည်းဖြင့် ကပ်၍အရေးနိမ့်ခဲ့သည်။ ယူ-၁۶ ကစားသမားများဖြစ်သည့် အပြင် ပွဲအတွေ့အကြုံ မရှိသေးသဖြင့် Young Boys အသင်းသည် ပွဲများဆက်တိုက် ကစားလာရပါက ကစားပုံနှင့် ရလဒ်ပိုင်းကောင်းမွန်လာဖွယ်ရှိ နေသည်။ ဒဂုံစတားယူနိုက်တက် အသင်းအတွက် အနိုင်ဂိုးကို ၆၃ မိနစ်တွင် ဖိုးချစ်က သွင်းယူခဲ့သည်။ ဒဂုံစတားယူနိုက်တက်အသင်းသည် ယခုပွဲအနိုင်ရလဒ်ကြောင့် တက္ကသိုလ်အသင်းထက် တစ်ပွဲပိုကစားကာ ဇယားထိပ်ပိုင်းသို့ ပြန်လည်တက်လှမ်းနိုင်ခဲ့သည်။

ဒဂုံစတားယူနိုက်တက် အသင်းသည် ငါးပွဲကစား ၁၁ မှတ်၊ Young Boys အသင်းသည် သုံးပွဲကစား သုံးမှတ်ရရှိထားသည်။ **ရဲရင့်လွင်**

ဝက်စ်ဟမ်းကို အကြိတ်အနယ်ကစားပြီး နှစ်ဂိုး - တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ချယ်ဆီး

ပရီမီယာလီဂ်ပွဲစဉ် (၆) မှ စိတ်ဝင်စားဖွယ်ရာ အကောင်းဆုံးပွဲစဉ် တစ်ပွဲဖြစ်သည့် ချယ်ဆီးအသင်းနှင့် ဝက်စ်ဟမ်းအသင်းတို့ ပွဲစဉ်ကို စက်တင်ဘာ ၃ ရက်ညပိုင်းက စတန်းဖို့ဒ်ဘရစ်ကွင်း၌ အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ရာ ချယ်ဆီးအသင်းက နှစ်ဂိုး - တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပွဲစဉ်သည် အကြိတ်အနယ်ရှိခဲ့ပြီး အပြန်အလှန်သွင်းဂိုးများဖြင့် ပရိသတ်အကြိုက်ပွဲကောင်း တစ်ပွဲဖြစ်ခဲ့သည်။ ဦးဆောင်ဂိုးကို ဇည့်သည်ဝက်စ်ဟမ်းအသင်းက စတင်ရရှိခဲ့ပြီး ပွဲချိန် ၆၃ မိနစ်တွင် တိုက်စစ်ကစားသမား အန်တိုနီယိုက သွင်းယူပေးခဲ့သည်။ ချယ်ဆီးအသင်းအတွက် ချေပဂိုးကို ပွဲချိန် ဂ၆ မိနစ်တွင် ဘင်ချီဝဲလ်က သွင်းယူပေးခဲ့သည်။

ချယ်ဆီးအသင်းအတွက် အနိုင်သေချာစေမည့် ဒုတိယဂိုးကို ပွဲချိန်ပြည့်ခါနီးတွင် လူစားဝင်ကစားသမား ဟာဗက်ဇ်က သွင်းယူပေးခဲ့သည်။ မိနစ် ၉၀ တွင် ဝက်စ်ဟမ်းအသင်းမှ ကော်နက် ချေပဂိုး သွင်းယူနိုင်ခဲ့သော်လည်း ဗီဒီအိုအာရ်က ပယ်ဖျက်ခဲ့သောကြောင့် ဝက်စ်ဟမ်းအသင်း နစ်နာခဲ့ရသည်။ ချယ်ဆီးအသင်းသည် ယခုနိုင်ပွဲကြောင့် ပွဲစဉ် (၆) အပြီးတွင် ၁၀ မှတ်အထိ ရရှိကာ ပြိုင်ဘက် ဝက်စ်ဟမ်းအသင်းက လေးမှတ်သာ ရရှိထားသည်။

အခြားသော ပွဲစဉ်ရလဒ်များတွင် ဘုန်းမောက်က နော်တင်ဟမ်ကို သုံးဂိုး-နှစ်ဂိုး၊ ဝုဗ်က ဆောက်သမ်တန်ကို တစ်ဂိုး-ဂိုးမရှိ၊ စပါးက ဖူလ်ဟမ်ကို နှစ်ဂိုး-တစ်ဂိုး၊ ဘရန့်ဖို့ဒ်က လီဒ်စ်ကို ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး အဲဗာတန်နှင့် လီဗာပူးအသင်းတို့ပွဲစဉ်တွင် ဂိုးမရှိသရေကျခဲ့သလို နယူးကာဆယ်နှင့် ပဲလေ့စ်အသင်းတို့ပွဲများတွင်လည်း ဂိုးမရှိ သရေကျခဲ့သည်။

အောင်ဇော်

ယူအက်စ်အိုးပင်းပြိုင်ပွဲ ၁၆ ဦးအဆင့်သို့ ဂျေဘီယာ၊ ကိုကိုဂျ်ဖ်၊ ရှောင်ရှုဝေတို့ တက်လှမ်း

ယူအက်စ်အိုးပင်း အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲ တတိယအဆင့်တွင် တူနီးရှား တင်းနစ်မယ် ဂျေဘီယာသည် အမေရိကန်တင်းနစ်မယ် ရော်ဂျာကို အနိုင်ရရှိကာ နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။

အဆိုပါ ပြိုင်ပွဲတွင် ဂျေဘီယာသည် ပြိုင်ဘက်ကို ၄-၆၊ ၆-၄၊ ၆-၃ ဖြင့် အနိုင် ရရှိကာ ၁۶ ဦးအဆင့်သို့ တက်လှမ်း နိုင်ခဲ့ခြင်းဖြစ်သည်။ ဂျေ ဘီယာသည် ပထမအဆင့်၊ ဒုတိယအဆင့်တွင်လည်း အမေရိကန် တင်းနစ်မယ်များဖြင့်သာ တွေ့ဆုံခဲ့ပြီး အနိုင်ယူကျော်ဖြတ်နိုင်ခဲ့သည်။

အဆိုပါ အဆင့်တွင် နာမည်ကြီးတင်းနစ်မယ် ဆီရီနာဝီလျံသည် ပြိုင်ဘက် တွမ်ဂျန်နိုဗစ်ကို ၅-၇၊ ၇-၆ (၇-၄)၊ ၁-၆ ဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် တင်းနစ်လောကကို လက်ပြနှုတ်ဆက်ခဲ့သည်။ တင်းနစ်လောကတွင် အောင်မြင်မှုများစွာ ရယူထားနိုင်သည့် အသက် ၄၁ နှစ်အရွယ် ဝီလျံသည် ယူအက်စ်အိုးပင်း ပြိုင်ပွဲက ၎င်း၏ တင်းနစ်ကစားသမားဘဝ နောက်ဆုံးပြိုင်ပွဲဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။

ဂျေဘီယာနှင့်အတူ ၁۶ ဦးအဆင့်သို့ ဂါစီယာ၊ ဆမ်ဆွန်နိုဗာ၊ ရစ်ကီ၊ ကိုကိုဂျ်ဖ်၊ ရှောင်ရှုဝေ စသည့် တင်းနစ်မယ်များ တက်ရောက်နိုင်ခဲ့သည်။

ဘယ်ခံစစ်ကစားသမား မားကို့စ်အလွန်ဆုံ ကို ဘာစီလိုနာအသင်း စာချုပ်ခေါ်ယူ

ဘာစီလိုနာအသင်းသည် စပိန်ဘယ်ခံစစ်ကစားသမားဖြစ်သူ မာကို့စ်အလွန်ဆုံကို ခေါ်ယူစာချုပ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

အသက် ၃၁ နှစ်အရွယ် အလွန်ဆုံသည် စတန်းဖို့ဒ်ဘရစ်၌ စာချုပ် သက်တမ်းတစ်နှစ်ကျန်ရှိနေသေးသော်လည်း ချယ်ဆီးအသင်းနှင့် နှစ်ဖက်သဘောတူစာချုပ် ဖျက်သိမ်းကာ ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။ အလွန်ဆုံသည် ဘာစီလိုနာအသင်းသို့ တစ်နှစ်စာချုပ်ဖြင့် ပြောင်းရွှေ့ခဲ့ခြင်းဖြစ်ကြောင်းနှင့် စာချုပ်ဖျက်သိမ်းကြေး ပေါင် ၄၃ ဒသမ ၃ သန်း ထည့်သွင်းချုပ်ဆိုထားကြောင်း သိရသည်။ ဘာစီလိုနာသည် ချယ်ဆီးမှ ခရစ္စတန်ဆန်ကိုလည်း ခေါ်ယူထားသည်။ ထို့အပြင် အပြောင်းအရွှေ့ နောက်ဆုံး ရက်တွင် ဘာစီလိုနာသည် အာဆင်နယ်အသင်းမှ ဟက်တာဘယ်လာရင်ကို ပြန်လည်ခေါ်ယူ စာချုပ်နိုင်ခဲ့သည်။

နောက်ဆုံးရသတင်းတိုများ

- ပီအက်စ်ဂျီအသင်းသည် အပြောင်းအရွှေ့နောက်ဆုံးရက်တွင် နေမာကိုခေါ်ယူရန် မန်စီးတီးအသင်းသို့ ကမ်းလှမ်းခဲ့သော်လည်း ပရီမီယာလီဂ်ချန်ပီယံ မန်စီးတီးအသင်းက အဆိုပါ အခွင့်အရေးကို ပယ်ချခဲ့ကြောင်း သိရသည်။
- မန်ယူအသင်းသည် အပြောင်းအရွှေ့နောက်ဆုံးရက်တွင် အက်စ်ပန်ညိုအသင်းမှ စပိန်တိုက်စစ်ကစားသမား ရာအူးလ်ဒီသောမက်စ်ကို ခေါ်ယူရန် မအောင်မြင်ခဲ့ကြောင်း သိရသည်။
- ကာဆယ်နှင့် ဗီလာအသင်းတို့သည် အပြောင်းအရွှေ့နောက်ဆုံးရက်တွင် စပါးအသင်းမှ မော်ရာကို ခေါ်ယူရန် ကြိုးစားခဲ့သည်။

ဘွန်ဒက်စ်လီဂါပွဲစဉ် (၅) ၌ ဟော်ဖန်ဟိန်းကို ဒေါ့မွန် အနိုင်ရ

ဘွန်ဒက်စ်လီဂါပွဲစဉ် (၅) မှ ဒေါ့မွန်အသင်းနှင့် ဟော်ဖန်ဟိန်းအသင်းတို့ပွဲစဉ်ကို စက်တင်ဘာ ၃ ရက် နံနက်ပိုင်းက ဒေါ့မွန်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ ဒေါ့မွန်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ဒေါ့မွန်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၁۶ မိနစ်တွင် မားကို့စ်ရူးစ်က သွင်းယူပေးနိုင်ခဲ့သည်။

ထို့ကြောင့် ဒေါ့မွန်အသင်းသည် ယခုနှစ်ရာသီ ဘွန်ဒက်စ်လီဂါ၌ ငါးပွဲယှဉ်ပြိုင်ကစားထားရာ လေးပွဲ နိုင်ပွဲရရှိထားပြီး တစ်ပွဲ ရှုံးနိမ့်ထားသည်။ ဒေါ့မွန်အသင်းသည် လာမည့်ပွဲစဉ်အဖြစ် ချန်ပီယံလီဂ်ပြိုင်ပွဲ၌ ကိုပင်ဟေဂင်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

■ **အောင်ဇော် - စုစည်းသည်**

နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဘုန်းတော်ကြီးကျောင်းများ၊ ပရဟိတကျောင်းများကို ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲများ ဆက်ကပ်လှူဒါန်း

နေပြည်တော် စက်တင်ဘာ ၃

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ကြည်နှင့် တာဝန်ရှိသူများသည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားခရိုင် ဓမ္မဝိဟာရကျောင်းတိုက်ရှိ သံဃာတော်များနှင့် သာမဏေများအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲနှင့် အခြားစားသောက်ဖွယ်ရာများ ဆက်ကပ်လှူဒါန်းသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန အနေဖြင့် ဝါတွင်းကာလ ဝါဆိုသံဃာတော်များ ဆွမ်း၊ ကွမ်း အခက်အခဲမရှိစေရေးအတွက် ဆွမ်းဆန်၊ ဆီ၊ ဆား၊ ကုလားပဲများကို ဒေသအလိုက် ထောက်ပံ့ကူညီ လှူဒါန်းလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ဥပဒေရေးရာဝန်ကြီးဌာန၏ နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဂုဏ်ပြုပွဲကျင်းပ

ပဲခူး စက်တင်ဘာ ၃

ဥပဒေရေးရာဝန်ကြီးဌာန၏ နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဂုဏ်ပြုပွဲနှင့် ကံစမ်းမဲဖွင့်ပွဲကို ပြီးခဲ့သည့်သီတင်းပတ်က ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ် ဦးခင်မောင်တင့်က ဥပဒေရေးရာဝန်ကြီးဌာန၏ (၁)နှစ်ပြည့် နှစ်ပတ်လည် အခမ်းအနား ကျင်းပရခြင်း ရှင်းလင်းပြောကြားပြီး အရာထမ်း၊အမှုထမ်းများအတွက် ပျော်ရွှင်ဖွယ်ရာ ကံစမ်းမဲအစီအစဉ်အဖြစ် ဆန် ၁၂ ပြည်အိတ် လေးအိတ်၊ ဆန်ခြောက်ပြည်အိတ် ကိုးအိတ်၊ ဆီငါးပိသာရှစ်ဘူး၊ ငွေသား နှစ်သောင်းကျပ်စီပါဝင်သော ဗလာမပါကံစမ်းမဲ စုစုပေါင်းတန်ဖိုး ငွေကျပ် ၂၀ဖိုး၀၀၀ ကို မဲနှိုက်ထောက်ပံ့ပေးကြောင်း သိရသည်။

ဝဏ္ဏ(ပြန်/ဆက်)

(၅၈) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ဂုဏ်ပြုသောအားဖြင့် ပြင်ဦးလွင်ခရိုင် ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးပြုလုပ်

ပြင်ဦးလွင် စက်တင်ဘာ ၃

၂၀၂၂ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင်ရဲတပ်ဖွဲ့ဝင်များ၏ စုပေါင်းသန့်ရှင်းရေးပြုလုပ်ပွဲကို ယနေ့နံနက်ပိုင်းက ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး (၈)ရှိ အ.ထ.က

(၅) ကျောင်း၌ ပြုလုပ်သည်။

စုပေါင်းသန့်ရှင်းရေးပြုလုပ်ပွဲတွင် ခရိုင်ရဲတပ်ဖွဲ့ဝင်များက အ.ထ.က (၅) ကျောင်းဝင်းအတွင်း ချိန်ခွယ်များ၊ ပေါင်းမြက်များကို ရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် ရေဆင်းမြောင်း ရှင်းလင်းခြင်းများကို ဆောင်ရွက်ကြသည်။ စုပေါင်းသန့်ရှင်းရေးပြုလုပ်ရာ နေရာများသို့ ခရိုင်ရဲတပ်ဖွဲ့မှူး၊ ဒုတိယရဲမှူးကြီး ခင်ဇော်မြင့် ဦးဆောင်သော တာဝန်ရှိသူများက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေသော ရဲတပ်ဖွဲ့ဝင်များကို လှည့်လည်ကြည့်ရှုကာ အားပေးစကားများ ပြောကြား၍ လိုအပ်သည်များ ညွှန်ကြားဆောင်ရွက်ပေးသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးပြုလုပ်ပွဲတွင် ပြင်ဦးလွင်ခရိုင် ရဲတပ်ဖွဲ့မှူးရုံး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးတို့မှ ရဲတပ်ဖွဲ့ဝင် အရာရှိအရာခံ အကြပ်တပ်သား ၁၂၀ တို့က စုပေါင်းသန့်ရှင်းရေးတွင် ပါဝင်ဆောင်ရွက်ကြကြောင်း သိရသည်။

ဖြူလူသစ်(ခရိုင်ပြန်/ဆက်)

ဗလင်းတန်နှင့်ပြည့်စုံ၍ မျိုးချစ်စိတ်ရှင်သန်ထက်မြက်စေရန်၊ အတွေးအခေါ်များ မှုန်ကန်လာစေရန်ရည်ရွယ်၍ လူငယ်စကားဝိုင်းကျင်းပ

နေပြည်တော် စက်တင်ဘာ ၃

ဧရာဝတီရိုးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ပြည်ထောင်စုနယ်မြေ နေပြည်တော် ဧရာဝတီရိုးမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း အားကစားခန်းမ၌ သြဂုတ် ၂၆ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ဧရာဝတီရိုးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးအောင်က အမှာစကားပြောကြားပြီး နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ တိုင်းဦးစီးမှူး ဒေါ်သင်းသင်းဇင်က အနာဂတ်နိုင်ငံတော်၏ ခေါင်းဆောင်များ မွေးထုတ်ပေးနိုင်ရန်၊ မျိုးချစ်စိတ်ရှင်သန် ထက်မြက်စေရန်နှင့် အတွေးအခေါ်များ မှုန်ကန်လာစေရန် ရည်ရွယ်၍ လူငယ်စကားဝိုင်းများ ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် လူငယ်စကားဝိုင်းကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သင်းမြတ်မွန်က ညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်ပြီး ပါဝင်ဆွေးနွေးသူများအဖြစ် စာရေးဆရာမ သက်သက်နွယ် (ရန်ကုန်တက္ကသိုလ်)က လူငယ်နှင့် ယဉ်ကျေးမှုခေါင်းစဉ်ဖြင့် လည်းကောင်း၊ တရားလွတ်တော် ရှေ့နေ ဒေါ်ဝင့်ဝင့်အေးက မူးယစ်ဆေးဝါးအန္တရာယ်နှင့် ဥပဒေများ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း Grade-11 မှ ကျောင်းသား ကျောင်းသူများဖြစ်သည့် မောင်ဟိန်းထက်သန့်က လူငယ်နှင့် ပညာရေးခေါင်းစဉ်ဖြင့် လည်းကောင်း၊ မောင်နေယံလင်းက လူငယ်နှင့် မျိုးချစ်စိတ် ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မသီရိသူက လူငယ်နှင့် ပေါင်းသင်းဆက်ဆံရေးခေါင်းစဉ်ဖြင့် လည်းကောင်း၊ မောင်လျှံမိုးထက်ကျော်က လူငယ်နှင့် စာရိတ္တ/ကြီးပွားရေး ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မမေကဗျာအောင်က လူငယ်နှင့် အနာဂတ်ခေါင်းစဉ်ဖြင့် လည်းကောင်း ဆွေးနွေးတင်ပြခဲ့ပြီး တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများ၏ မေးမြန်းချက်များကို ပြန်လည်ဆွေးနွေးဖြေကြားသည်။

အဆိုပါ လူငယ်စကားဝိုင်းသို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ ၃၀၀ တို့ တက်ရောက်ပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များနှင့် နံရံကပ်စာစောင်များကို တက်ရောက်လာကြသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြသည်။

မြို့နယ်(ပြန်/ဆက်)

✪ ကျောဖုံးမှ

